# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မမြဲသောသဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကို သိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၂၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော် ပြည်ထောင်စုနယ်မြေပြည်သူများက ထောက်ခံပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော် ပြည်ထောင်စုနယ်မြေ ပြည်သူများက ထောက်ခံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ဘုရားကွင်း၌ ကျင်းပသည်။(**အပေါ်ပုံ**)

ရှေးဦးစွာ အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စိန်ဒူးဝါးမင်္ဂလာဆိုင်းအဖွဲ့က တက်ရောက်လာကြသော ပြည်သူလူထုနှင့်အတူ "နိုင်ငံတော်သီချင်း"အား သံပြိုင်သီဆိုကြပြီး "ငြိမ်းချမ်းသာယာ"သီချင်းဖြင့် ဆက်လက်ဖျော်ဖြေသည်။

ဆက်လက်၍ စာရေးဆရာ ဦးထင်လင်းဦးနှင့် ဦးဂျင်မီ(ဖေပွင့်လင်းလူ့အဖွဲ့အစည်း) တို့က ဟောပြောကြပြီး စိန်ဒူးဝါးမင်္ဂလာဆိုင်းအဖွဲ့က တေးသံသာများဖြင့် လည်းကောင်း၊ "ပန်းရဲ့လမ်း"တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

---

**မန္တလေးမြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ပထမအကြိမ်ပြုလုပ် လူငယ်ထုကို ခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မည်**

စာ » ၅

**ရခိုင်ပြည်နယ်အရေးတွင် ပြည်ပဝင်ရောက်စွက်ဖက်မှုများမှာ အကျိုးမရှိကြောင်း တရုတ်ကွန်မြူနစ်ပါတီမှ တာဝန်ရှိသူကပြောကြား**

စာ » ၉

**ရှင်ဇိုအာဘေး ဂျပန်သမိုင်း၌ သက်တမ်းအကြာဆုံးဝန်ကြီးချုပ် ဖြစ်လာမည့် အလားအလာရှိ**

စာ » ၁၄


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

## အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး

သတ္တဝါဟူသမျှတို့၏ အသက်ရှင်သန်ကြောင်းတွင် အစာအာဟာရက အဓိကအကြောင်းတစ်ခုဖြစ်သည်။ အသက်ရှင်ရန်အတွက် အစာစားကြရသော်လည်း အစားမတော်တစ်လုတ်ဆိုသည့်အတိုင်း အစာမှအားမဖြစ်ဘဲ ဘေးသင့်ကြရသည့်အဖြစ်များ ကြုံကြရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ စစ်တမ်းတစ်ရပ်အရ မြန်မာနိုင်ငံတွင် အစားအစာမသန့်ရှင်းမှုနှင့် လူမှုနေထိုင်မှုဘဝ ချို့ယွင်းအားနည်းမှုတို့ကြောင့် သေဆုံးမှုနှုန်းမှာ အာဆီယံနိုင်ငံများအတွင်း မြင့်မားသည့်နိုင်ငံများတွင် ပါဝင်နေပြီး ကမ္ဘာ့စီးပွားရေးထိပ်တန်းနိုင်ငံများဖြစ်သော အမေရိကန်၊ ဂျပန်နိုင်ငံတို့ထက် အဆ ၅၀ ကျော် မြင့်မားနေသည်ဟု သိရသည်။

အစားအသောက်နှင့် လူမှုနေထိုင်မှုဘဝ ချို့ယွင်းအားနည်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပြီး သေဆုံးမှုကို နိုင်ငံအလိုက် နှိုင်းယှဉ်ကြည့်ပါက လူတစ်သိန်းလျှင် ကမ္ဘောဒီးယား၌ ၂၈၄၃ ဦး၊ မြန်မာ၌ ၁၅၅၃ ဦး ၊ လာအို၌ ၁၄၄၂ ဦး၊ ထိုင်း၌ ၄၄၉ ဦး၊ ဗီယက်နမ်၌ ၃၁၅ ဦး၊ တရုတ်၌ ၂၇၇ ဦး၊ အမေရိကန်၌ ၃၃ ဦး၊ ဂျပန်၌ ၂၉ ဦး သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ စစ်တမ်း၌ ဖော်ပြထားရာ အစားအစာသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအပါအဝင် လူမှုနေထိုင်မှုတွင်လည်း ကျန်းမာရေးအသိတရားပြည့်ဝစွာ နေထိုင်ရေးတို့အတွက် လူတိုင်းက ဂရုပြုကြဖို့လိုအပ်နေကြောင်းကို ပြညွှန်နေခြင်းပင်ဖြစ်သည်။

သန့်ရှင်းမှုမရှိသော အစားအစာ၊ လတ်ဆတ်မှုမရှိသော အစားအစာများတွင် သာမန်မျက်စိဖြင့် မမြင်နိုင်သော မှိုနှင့် ဗက်တီးရီးယားပိုးများ ပေါက်ပွားနေတတ်ပြီး ၎င်းတို့ကထုတ်လွှတ်လိုက်သည့် အဆိပ်ဓာတ်များကြောင့် အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းတို့ ဖြစ်ပွားရခြင်းဖြစ်သည်။ ငရုတ်သီး၊ ကြက်သွန်နီ၊ ထန်းမြစ် စသည်တို့တွင် ပါဝင်တတ်သည့် **Aflatoxin B1** ၊ အသားကင်ဆိုင်များတွင် ပေါက်ပွားနေတတ်သည့် အီကိုလီဗိုင်းရပ်စ်ပိုးနှင့် **Verotoxin - 1,2** စသောအဆိပ်များ၊ မလတ်ဆတ်တော့သည့် ငါးများတွင် ပေါ်ထွက်လာတတ်သည့် **Histamine** ခေါ်အဆိပ်ဓာတ်၊ နို့နှင့် နို့ထွက်ပစ္စည်းများတွင် တွေ့ရတတ်သည့် **Bau-illus Cereus** ပိုးနှင့် ၎င်းမှထုတ်သည့် အဆိပ်ဓာတ်၊ လက်လုပ်ချဉ်များမှ ပိုးများ၊ အသားခြောက်ငါးခြောက်များမှ ပိုးများနှင့်မှိုများ၊ အစားအစာကိုင်တွယ်ချက်ပြုတ်သူ၏ မသန့်ရှင်းသောလက် သို့မဟုတ် အနာရောဂါကင်းစင်မှုမရှိသောလက်များမှ ပိုးများစသည်ဖြင့် မှိုများ၊ ပိုးများ၊ ၎င်းတို့က ထုတ်လွှတ်လိုက်သည့် အဆိပ်များက အစာစားနေသူကို တစ်ချိန်မဟုတ်တစ်ချိန်တွင် ရန်ရှာလိမ့်မည်ဖြစ်ရာ ကျန်းမာရေးသတိအစဉ်ရှိရန်၊ မိမိပါးစပ်မှတစ်ဆင့် ဝမ်းဗိုက်ထဲသို့ ထည့်သွင်းမည့်အစာအပေါ် ဂရုတစိုက်ရှိကြရန်တော့ လိုမည်ဖြစ်သည်။

အစားအစာများကို စနစ်တကျသိုလှောင်သိမ်းဆည်းခြင်း၊ သန့်ရှင်းလတ်ဆတ်သည့်အစားအစာကိုသာ ရွေးချယ်စားသုံးခြင်း၊ ချက်ပြုတ်ရန် ပြင်ဆင်မှုနှင့် ချက်ပြုတ်စားသောက်မှုအဆင့်ဆင့်တို့တွင် သန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်းဖြင့် ဗိုက်နာခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း စသည့် အစာအဆိပ်သင့်မှုအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်သည်။

နောက်ထပ် ဂရုပြုရမည့်အဆိပ်တစ်မျိုးမှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင်ပါဝင်တတ်သည့် ဓာတုဗေဒပိုးသတ်ဆေးဓာတ်ကြွင်းများဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတို့၏အန္တရာယ်ကြောင့် ကမ္ဘာအရပ်ရပ်၌ လူ ၁၈၀၀၀ ခန့် နှစ်စဉ်သေဆုံးကြရပြီး စိုက်ပျိုးရေး လုပ်သားသုံးသန်းခန့်မှာလည်း ယင်းဆေးတို့၏ အန္တရာယ်ကို ခံစားနေကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ခန့်မှန်းထားကြောင်း သိရသည်။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး မကင်းစင်သည့် သီးနှံများကို စားသောက်မိခြင်း၊ အလုပ်လုပ်ကိုင်နေစဉ် အသက်ရှူလမ်းကြောင်း၊ အရေပြားတို့မှတစ်ဆင့် ခန္ဓာကိုယ်ထဲရောက်ရှိခြင်းတို့ကြောင့် လတ်တလောအားဖြင့် ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်နာ ဗိုက်အောင့်ခြင်းနှင့် ထိတွေ့မိသည့် အရေပြားများရောင်ရမ်းခြင်းတို့ ခံစားရနိုင်သည်။ ရေရှည်တွင်မူ ကင်ဆာအမျိုးမျိုး၊ အာရုံကြောဆိုင်ရာ အဆိပ်သင့်ခြင်း၊ သားသမီးမရနိုင်ဘဲ မြုံခြင်း၊ မွေးဖွားလာပါကလည်း ကိုယ်အင်္ဂါချို့ယွင်းမှု၊ ကိုယ်အလေးချိန်မပြည့်မှုအပါအဝင် သန္ဓေသားအပေါ် ထိခိုက်စေခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားစေခြင်း စသည့် ဆိုးကျိုးများဖြစ်ပေါ်စေတတ်သည်ဟု သိရသည်။

မှိုနှင့်ဗိုင်းရပ်စ်ပိုး၊ ဗက်တီးရီးယားပိုးတို့မှ ထုတ်သည့် ဇီဝအဆိပ်များ၊ ဓာတုဓာတ်ကြွင်းအဆိပ်များ မိမိတို့ နေ့စဉ်စားသည့် အစားအစာများ၌ ကင်းစင်ကြရန်အပါအဝင် ဓာတ်ဆေး၊ ဆိုးဆေးများ သုံးစွဲမှု၊ စားသုံးရန်မသင့်သော အစားအစာများနှင့် ဆေးဝါးများဈေးကွက်တွင်း ရောင်းချမှုမရှိစေရေးတို့အတွက် စားသုံးသူရေးရာဦးစီးဌာန၊ **FDA** စသည့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိရာ အစားအစာထုတ်လုပ်သူ၊ ရောင်းချသူ၊ စားသုံးသူအဆင့်ဆင့်တို့ကလည်း နိုးနိုးကြားကြားအသိတရားရှိရှိ ပူးပေါင်းပါဝင်ခြင်းဖြင့် အဆိပ်ကင်းသည့် အစာ၊ ခွန်အားဖြစ်စေသည့် အစာတို့ကို အန္တရာယ်ကင်းကင်း သံသယရှင်းရှင်းဖြင့် စားသုံးနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံစာရေးဆရာအသင်း ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် အသင်းဝင်များ၏ သားသမီးများအား ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က အမှာစကားပြောကြားပြီး ဂုဏ်ထူးသုံးဘာသာနှင့်အထက် ရရှိသူများကို အသင်းတာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## စဉ့်ကိုင်မြို့ပေါ်တွင် ညအချိန်မတော် လှည့်လည်အလှူခံနေသော ဆင်အဖွဲ့များကို ထိန်းသိမ်းကြပ်မတ်ပေးရန်လို

**စဉ့်ကိုင် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ပေါ်ရပ်ကွက်များအတွင်း စက်တင်ဘာ ၂၀ ရက်ကစ၍ ယနေ့ထိတိုင်အောင် ညတိုင်းလိုလို အလှူခံဆင်အဖွဲ့များက ဆောင်းဘောက်ကြီးများဖြင့် သီချင်းများဆူညံစွာဖွင့်ပြီး အလှူခံလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဆင်အဖွဲ့များသည် ညနေ ၆ နာရီခန့်မှ ည ၁၁ နာရီခန့်အထိ အဝေးသင်စာမေးပွဲများဖြေဆိုရန် ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူ ဘော်ဒါဆောင်များရှေ့၌ ဆူညံစွာ တီးမှုတ်ကခုန်၍ အလှူခံနေကြသဖြင့် မကြာမီ စာမေးပွဲဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ၊ အဆောင်ပိုင်ရှင်များနှင့် မြို့ပေါ်ရပ်ကွက်နေ ရဟန်းရှင်လူများမှာ များစွာစိတ်အနှောင့်အယှက်ဖြစ်လျက်ရှိကြောင်း သိရသည်။

“မနှစ်ကအထိ နေ့လယ်ပိုင်းအလှူခံပြီး ညမိုးချုပ်တာနဲ့ သိမ်းပြီးပြန်သွားကြတာတွေ့ရတယ်။ ဒီနှစ်တော့ မိုးချုပ်ခါနီးမှ ရောက်လာပြီး ည ၁၀ နာရီ ၁၁ နာရီအထိ ဆောင်းဘောက်ကြီးတွေ ဖွင့်ပြီး အလှူခံကြတယ်။ ပိုဆိုးတာက အဆောင်ထဲအထိ ဝင်ပြီး ဇွတ်အလှူခံကြတယ်။ ‘ငွေသုံးသောင်းပြည့်အောင် မလှူရင် ဆင်မင်းသားလေးက မထတော့ဘူးတဲ့ခင်ဗျ’ ဆိုပြီး အဆောင်ရှေ့မှာ ဝပ်နေတော့တာပဲ၊ သူတို့ မြန်မြန်ပြန်မှ စာကျက်လို့ရမှာဆိုတော့ ကျောင်းသူတွေဆီက နည်းနည်းစီခွဲပြီး ထည့်လိုက်ရတယ်။ သက်ဆိုင်ရာက အလှူခံတွေကို နေ့လယ်ပိုင်းမှာပဲ အလှူခံဖို့ကြပ်မတ်ပေးနိုင်ရင် ကောင်းမယ်လို့ ထင်ပါတယ်”ဟု အမျိုးသမီးဘော်ဒါဆောင်ပိုင်ရှင်တစ်ဦးက ပြောသည်။



အဆိုပါဆင်အဖွဲ့များအနက် အချို့အဖွဲ့များမှာ ရပ်ရေးရွာရေးအတွက် ခွင့်ပြုမိန့်ဖြင့် အလှူခံကြခြင်းဖြစ်ပြီး အချို့အဖွဲ့များမှာ စီးပွားရေးဆန်ဆန်လုပ်စားနေကြခြင်းဖြစ်ကြောင်း သိရသည်။ ခွင့်ပြုမိန့်ဖြင့်လာသော ဆင်အဖွဲ့များမှာ သဒ္ဓါကြေးကိုသာ ဖလားထိုး၍ အလှူခံကြပြီး လုပ်စားဆင်အဖွဲ့များမှာ ဇွတ်အတင်း အလှူခံနေကြသဖြင့် သက်ဆိုင်ရာက ကြပ်မတ်ပေးရန် လိုအပ်နေကြောင်း သိရသည်။ (ဝ၄၁)

## စစ်တောင်းမြစ်ရေ ဝင်ရောက်ခဲ့သည့် ကျေးရွာများအား ထောက်ပံ့ကြေးပေးအပ်

**ရေတာရှည် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စစ်တောင်းမြစ်ရေမြင့်တက်ခဲ့ပြီး ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ခဲ့ကြရသော ဒေသခံပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်ပတ်စာဆန်ရိက္ခာအတွက် ထောက်ပံ့ငွေများကို အောက်တိုဘာ ၂၀ ရက်က ပေးအပ်ခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် တာဝန်ရှိသူများသည် မြို့လှမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဓမ္မာရုံ၌ မြို့လှမြို့အရှေ့ဘက် စစ်တောင်းမြစ်ကမ်းတစ်လျှောက်ရှိ ဥသျှစ်ပင်၊ ပျဉ်ထောင်ကျေးရွာ၊ ဖူးအိုင်ကျေးရွာများမှ ဒေသခံပြည်သူများကို လည်းကောင်း၊ သာဂရကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ငုက်ပျောတော၊ ကျူးဇောင်း၊ လက်ပံခုံ၊ ချောင်းကျိုး၊ ဝဲဒေါင့်၊ ကျောင်းကုန်း၊ ကိုးတန်း၊ ကက္ကူ၊ ချုံအင်း၊ ပိန်းအင်း၊ အုတ်ဖိုကျေးရွာများမှ ဒေသခံပြည်သူများကို လည်းကောင်း၊ ဆွာမြို့အုပ်ချုပ်ရေးမှူးရုံး၌ ကြာအင်းကုန်း၊ ကိုးတန်းကျေးရွာနှင့် ကွမ်းအုံကျေးရွာများမှ ဒေသခံပြည်သူများကို လည်းကောင်း တစ်ပတ်စာဆန်ရိက္ခာနှင့် ညီမျှသော ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ **ကိုလွင်(ဆွာ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၂-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ・ ၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ ・ ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ・ ၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ ဆွစ်ဇာလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဆွစ်ဇာလန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် အောက်တိုဘာ ၂၁ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၁၅ မိနစ်တွင် Zurich အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပုံနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ရန်ကုန် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သက်ပုံနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်စဉ်**

(သတင်းစဉ်)

# ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့်အချိန်တွင် ငွေကြေးတစ်စုံတစ်ရာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ စောင့်ရှောက်



**ဖယ်ခုံ အောက်တိုဘာ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ယနေ့ နံနက် ၉ နာရီတွင် ရောက်ရှိကာ ဆေးရုံသုံးပစ္စည်းကိရိယာများ၊ အရေးပေါ်ပြင်ပလူနာဆောင်နှင့် အမျိုးသား၊ အမျိုးသမီးလူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဆေးရုံခန်းမဆောင်တွင် ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ဆင်းရဲချမ်းသာမရွေး ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူလူထုအား လွှမ်းခြုံနိုင်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အစရှိသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ ပြည်သူလူထုအားလုံး ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည့်အချိန်တွင် ငွေကြေးတစ်စုံတစ်ရာဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ စောင့်ရှောက်မှုရရှိရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးက အရေးပေါ်ပြင်ပလူနာအတွက် အောက်ဆီဂျင်ပေးစက်၊ လူနာတင်ယာဉ်၊ လူနာအသက်ရှူကူညီကိရိယာ၊ ဆေးရုံသုံးမီးစက်၊ လအိတိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ စသည်ဖြင့် လိုအပ်သည်များတင်ပြတောင်းခံရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်စိစစ်၍ လိုအပ်သည်များအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကိုထွေး(ဖယ်ခုံ)**

❖ *ရှေ့ဖုံးမှ*

အဆိုပါလူထုထောက်ခံပွဲသို့ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

လူထုထောက်ခံပွဲ ကျင်းပနိုင်ခြင်းနှင့် ပတ်သက်၍ လူထုထောက်ခံပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ကိုသိန်းသန်းဦးက "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ထောက်ခံပွဲပြုလုပ်နိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာရှိတဲ့ ပြည်သူလူထုကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အမြဲရပ်တည်နေပါတယ်ဆိုတာကိုလည်း သတင်းစကားပါးချင်ပါတယ်။ တစ်တိုင်းပြည်လုံးက ပြည်သူလူထုတွေက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်နေတဲ့ အရပ်သားအစိုးရကို ဝိုင်းဝန်းထောက်ခံပေးဖို့ ပြောချင်ပါတယ်"ဟု ပြောသည်။

**ပါဝင်ဆင်နွှဲ**

လူထုထောက်ခံပွဲသို့ လာရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောက "ပြည်သူကလည်း ဒေါ်အောင်ဆန်းစုကြည် နဲ့အတူ၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူနဲ့အတူ နှစ်ဖက်သဟဇာတမျှတစွာ လိုက်ဖက်ညီနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လိုချင်တဲ့ ရည်ရွယ်ချက်၊ သွားချင်တဲ့လမ်းကြောင်းတွေ အလွယ်တကူအောင်မြင်အောင်လို့ ဒီပွဲကိုပါဝင်ဆင်နွှဲရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**အရေးပါတဲ့ထောက်ခံပွဲ**

ထောက်ခံပွဲများ ကျင်းပခြင်းနှင့်ပတ်သက်၍ ၎င်းက လူထုထောက်ခံပွဲတွေရှိခြင်းအားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း စိတ်ခွန်အားတွေဖြစ်စေမယ်။ တစ်နိုင်ငံလုံးရဲ့အကျိုးတွေ၊ ငြိမ်းချမ်းရေးတွေ၊ ဒီမိုကရေစီလမ်းကြောင်းတွေ ဖော်ဆောင်သွားနိုင်ဖို့အတွက် အရေးပါတဲ့ထောက်ခံပွဲတွေလို့ မြင်ပါတယ်"ဟု ပြောသည်။

**ထောက်ခံအားပေး**

ထောက်ခံပွဲသို့ တက်ရောက်ခဲ့သည့် လယ်ဝေးမြို့နယ် ပြည်သူတစ်ဦးက "ဒီလိုထောက်ခံပွဲတွေ ကျင်းပတာကိုကြိုက်ပါတယ်။ လူထုအနေနဲ့လည်း စိတ်အားတက်ကြွစွာထောက်ခံအားပေးနေတယ်။ အလှူအသီးသီးကလည်း လာပြီးထောက်ခံအားပေးကြတယ်။ အခုမိုးရွာနေတယ်။ ဒါပေမယ့် ရတဲ့အခြေအနေနဲ့ အားပေးနေကြတာအားရစရာကောင်းပါတယ်"ဟု ပြောသည်။

**(သတင်းစဉ်)**



# ရောဝတီတိုင်းဒေသကြီး၏ လယ်ယာ/သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ရွာသစ်ကုန်းကျေးရွာများရှိ မျိုးစပါးထုတ် စံပြစိုက်ကွင်းများသို့ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မျိုးစပါးစိုက်ခင်းများအား ကြည့်ရှုအားပေးသည်။

ရောဝတီတိုင်းဒေသကြီး၏ မျိုးစပါးလိုအပ်ချက်ပြည့်မီရေးအတွက် အစုအဖွဲ့အလိုက် မျိုးစပါးထုတ်လုပ်သည့် ဇုန်ကြီးများ ထူထောင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ သီးထပ်သီးနှံများစိုက်ပျိုးရာတွင် ဈေးကွက်ဝင်ဈေးကောင်းရသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် ရေမြေအခြေအနေပေးသည့် ဒေသများတွင် နွေစပါးကို အဓိကထားစိုက်ပျိုးနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး/ခရိုင် စိုက်ပျိုးရေးဦးစီးမှူးများနှင့် တွေ့ဆုံ၍ ရောဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးသည်။

အစည်းအဝေးတွင် ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ခရိုင်အသီးသီးမှ တာဝန်ရှိသူများက မျိုးစပါးစိုက်ပျိုးထုတ်လုပ်နေမှုများနှင့် သီးနှံအမယ်အလိုက် မျိုးပြောင်းလဲစိုက်ပျိုးရေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ရင်းနှီးခင်မင်စွာ အနီးကပ် ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မျိုးစေ့သန့်စင်စက်လိုအပ်ချက်များ၊ ရေနှင့်မြေ အချဉ်အငန်တိုင်းတာသည့် ပစ္စည်းကိရိယာများပါဝင်သည့် လယ်ယာသုံး အသေးစားဓာတ်ခွဲပစ္စည်းလိုအပ်ချက်များ အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယင်းနေ့ ညနေပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး / ခရိုင် အဆင့် ငါးလုပ်ငန်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆွေးနွေးအမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ငါးထုတ်လုပ်မှု တိုးမြှင့်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ပုဂ္ဂလိကငါးလုပ်ငန်းရှင်များက ပုဂ္ဂလိကငါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် ငါးထုတ်လုပ်မှုဆိုင်ရာ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ငါးသယံဇာတ ရေရှည် တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# BFM က ချင်းပြည်နယ် ထန်တလန်မြို့အတွက် ရေသယ်ယာဉ်အသစ်နှစ်စီး လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၂**

ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း (BFM) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်မှုဖြင့် ချင်းပြည်နယ် ထန်တလန်မြို့အတွက် ရေပေးဝေရေး အဆင်ပြေစေရန် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ် အသစ်နှစ်စီးကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ထန်တလန်မြို့နယ်ခန်းမ၌ လှူဒါန်းရာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးတင်ထွန်းက ရေသယ်ယာဉ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့မိမြို့ဖ ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ရေသယ်ယာဉ်အသစ်နှစ်စီး ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးတင်ထွန်းက ယခုလှူဒါန်းသော ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ထန်တလန်မြို့နှင့် ၂၂ မိုင် ကွာဝေးသော ရေထွက်မှရေကို သယ်ယူကာ ထန်တလန်မြို့ရှိ လူဦးရေ ၇၀၀၀ ကျော်၊ ရပ်ကွက်ကြီး သုံးခုမှ လူတစ်ဦးလျှင် တစ်နေ့ ရေဂါလန် ၂၀ နှုန်း အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဖောင်ဒေးရှင်းအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ အခြားမြို့များတွင်လည်း ရေသယ်ယာဉ် အသစ်များ လှူဒါန်းထားရှိပြီး ယခုလှူဒါန်းမှုအပါအဝင် မြန်မာနိုင်ငံအနှံ့အပြား ရေရှားပါးခက်ခဲသော ဒေသများ၌ စုစုပေါင်း ရေသယ်ယာဉ် အသစ် ၄၆ စီး လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည် မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားတွင် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး စသည့်ကဏ္ဍပေါင်းစုံတွင် လူအား၊ ငွေအားတို့ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လှူဒါန်းလျက်ရှိရာ ယနေ့အချိန်အထိ မြန်မာငွေကျပ် ၁၃၅ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# ရဲတပ်ကြပ်ကြီး(မှုခင်းစာရေး) လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်း

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ရဲတပ်ကြပ်ကြီး (မှုခင်းစာရေး) လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၁၇) ဆင်းပွဲကို အောက်တိုဘာ ၂၀ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များအား သင်တန်းသားများကိုယ်စား ကျောင်းသားအမှတ်(၁) ရဲတပ်ကြပ်ကြီး ဝင်းရှိန်အား ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ရဲတပ်ကြပ်ကြီး (မှုခင်းစာရေး) လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၁၇) တွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ ခရိုင်ရဲတပ်ဖွဲ့ဝင် အခြားအဆင့် ၂၀ တို့ တက်ရောက်ပြီး အောက်တိုဘာ ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာ့ရုပ်မြင်သံကြား

၂၃-၁၀- ၂၀၁၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်

၁၂း၃၀ - "တိမ်စင်လ"

၁၃း၅၀ - တစ်ခါက အနုပညာမှတ်တမ်း **"သကြၤန်မင်းသားကြီး ဇော်ဝမ်းအလွမ်းပြေ"** (အပိုင်း-၁)

၁၄း၄၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-2)(မန္တလေးမြို့) (ပထမပိုင်း)

**ညပိုင်း**

၁၇း၀၅ - This Week's Special Interest

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသ အခြေအနေ

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထမံသီမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၉၆ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၅၁ လက်မ၊ လှည်းကူးမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် ချောင်းဆုံမြို့တွင် ၁ ဒသမ ၄၂ လက်မတို့ဖြစ်ကြသည်။




ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။




မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# မန္တလေးမြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ပထမအကြိမ်ပြုလုပ်

## လူငယ်ထုကို ခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မည်

မန္တလေး အောက်တိုဘာ ၂၂

**မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် Community Centre ၌ “လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ် ”ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သည်။** (အောက်ပုံ)




အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသူများ၊ ဒေသခံပြည်သူ ၇၀၀ ခန့် တက်ရောက်ကြသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းပြည်သူ့စကားဝိုင်းတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာထင်ကျော်ဦးနှင့် စာပေပညာရှင် စာရေးဆရာ ဆူးငှက်၊ ယုံကြည်ရာစာကြည့်တိုက်မှ ဦးဇော်ထက်အောင်တို့က ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက “ဒီနေ့ပြုလုပ်တဲ့ ပြည်သူ့စကားဝိုင်းဆိုတဲ့ပွဲမျိုးကို ကျွန်တော်တို့ ယခင်က မကြားခဲ့ဖူးဘူး။ ဒီကနေ့ခေတ်မှာ ပြည်သူ့စကားဝိုင်းဆိုတဲ့အသံဟာ ပြည်သူတွေအတွက် အသစ်အဆန်းတွေ ဖြစ်နေပါတယ်။ တကယ်တော့ ပြည်သူ့စကားဝိုင်းဆီကနေ ပြည်သူတွေရဲ့အသံကို ကြားသိခွင့်ရသလို သက်ဆိုင်ရာအစိုးရကလည်း ပြည်သူတွေအတွက် ဆောင်ရွက်ပေးနိုင်မယ့် ဖြည့်ဆည်းမှုတွေကို ပြုလုပ်ပေးနိုင်တဲ့အတွက် ပြည်သူ့အတွက် အမှန်တကယ်အကျိုးရှိတဲ့ စကားဝိုင်းပါပဲ။ ဒီကနေ့ပြုလုပ်တဲ့ လူငယ်ထုကို ခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်နဲ့စကားဝိုင်းဟာ ပြည်သူတွေရဲ့အသံတွေ၊ ကျောင်းသားလူငယ်တွေရဲ့အသံတွေ၊ သူတို့တွေရဲ့တင်ပြချက်တွေဟာ နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက် အဖိုးတန်တဲ့ စကားသံတွေပါပဲ။ ဒါ့ကြောင့် ဒီလိုပြည်သူ့စကားဝိုင်းပွဲမျိုးကို ပြည်သူ့ကြားထဲမှာ ကျယ်ကျယ် ပြန့်ပြန့်ပြုလုပ်သင့်ပြီး ဒီလိုပွဲမျိုးကို မန္တလေးတိုင်းဒေသကြီးမှာ ဆက်လုပ်သွားဖို့ရှိပါတယ်”ဟု ပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က “ဒီကနေ့ပြုလုပ်တဲ့ စကားဝိုင်းရဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီရဲ့ အင်္ဂါရပ်တွေအတိုင်း အစိုးရနဲ့ အများပြည်သူကြားမှာ ဆွေးနွေးတိုင်ပင်ရမယ့်အကြောင်းကိစ္စတွေရှိလာတဲ့အခါ ဆွေးနွေးပြောကြားနိုင်တဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်ဖို့၊ မိမိရပ်ရွာဒေသမှာဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို အများပြည်သူကြားမှာ ဆွေးနွေးမှုတွေရှိလာစေဖို့နဲ့ ဆွေးနွေးပွဲတွေကြောင့် ပြည်သူလူထုရဲ့စဉ်းစားတွေးခေါ်မှုတွေ မြင့်မားလာပြီး ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးတတ်တဲ့ အလေ့အထတွေ ဖြစ်ပေါ်လာစေဖို့ပဲ ဖြစ်ပါတယ်။”

“ဒီဆွေးနွေးပွဲကို တက်ရောက်လာကြသူတိုင်းဟာ “စဉ်းစားပြီးပြန်သွားရမယ်၊ နားလည်ပြီး ပြန်သွားရမယ်၊ ပျော်ရွှင်ပြီး ပြန်သွားရမယ်၊ တွေးပြီးပြန်သွားရမယ် ”ဆိုတဲ့ အချက်လေးချက်ကို ကျွန်တော်တို့ မျှော်မှန်းလုပ်ဆောင်ထားပါတယ်၊ အခုလို ပြည်သူ့စကားဝိုင်းတွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားတဲ့ Community Centre အားလုံးမှာ ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်”ဟု ပြောကြားသည်။

ပြည်ကြီးတံခွန် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က “ယနေ့ မူးယစ်ဆေးဝါးအန္တရာယ်ဟာ လူငယ်လူရွယ်ထုထဲကို ထဲထဲဝင်ဝင် ဝင်ရောက်နေပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက တိုင်းပြည်တစ်ပြည်ကို ပျက်စီးစေချင်ရင် လူငယ်တွေရဲ့ အကျင့်စာရိတ္တကို ဖျက်ဆီးလိုက်တာနဲ့ အဲဒီတိုင်းပြည်က ပျက်စီးသွားမှာဖြစ်ပါတယ်။ ဒီကနေ့ မန္တလေးမှာ လုယက်မှုအချို့ဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ အဲဒီလုယက်မှုတွေမှာ ပါဝင်နေတဲ့ တရားခံတွေဟာ အသက် ၁၆ နှစ်မှ အသက် ၂၀ ကြား လူငယ်တွေ ဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီလုယက်မှု ကျူးလွန်နေတဲ့ လူငယ်တွေကို ကြည့်လိုက်မယ်ဆိုရင် မူးယစ်ဆေးသုံးစွဲနေကြတဲ့ လူငယ်တွေဖြစ်နေပါတယ်။ ဒါ့ကြောင့် မူးယစ်ဆေးသုံးစွဲနေသူတွေဟာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတော့ဘဲ မိမိဘဝနဲ့ မိမိပတ်ဝန်းကျင်ကို အလွယ်တကူ ဖျက်ဆီးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီကနေ့ ပြည်သူ့စကားဝိုင်းကို တက်ရောက်နားထောင်နေကြတဲ့ ကျောင်းသားလူငယ်များအနေနဲ့ မူးယစ်ဆေးဝါးကို လုံးဝမသုံးစွဲမိဖို့နဲ့ ရှောင်ရှားကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်” ဟု ပြောကြားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးက “ယနေ့ လူငယ်ထုအတွင်းမှာ မူးယစ်ဆေးဝါးတွေဟာ နည်းမျိုးစုံနဲ့ ပျံ့နှံ့ရောက်ရှိနေပါတယ်။ ဖမ်းဆီးရမိတဲ့ တရားခံတွေရဲ့ အသက်အရွယ်အပိုင်းအခြားကို ကြည့်မယ်ဆိုရင်လည်း အသက် ၂၆ နှစ်မှ အသက် ၃၀ အတွင်း လူငယ်တွေပါဝင်နေတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် မူးယစ်ဆေးဖမ်းဆီးရရှိမှုကိုကြည့်မယ်ဆိုရင် မန္တလေးတိုင်းဒေသကြီးမှာ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရရှိမှု ၅၉၄ မှုရှိပြီး ဆေးပြားအရေအတွက် ၂၅ သိန်းခန့် ဖမ်းဆီးရမိခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးပြဿနာနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရှေ့ဆက်ပြီးတိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့အတူ ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသွားဖို့ လိုအပ်ပါတယ်” ဟု ပြောကြားသည်။

မူးယစ်ဆေးဝါးကြောင့် နိုင်ငံ၏အရင်းအမြစ် လူငယ်များ ၏ဘဝ မည်သို့ပျက်စီးဆုံးရှုံးရပုံ၊ မည်သို့ အသိပညာပေးဆောင်ရွက်သင့်ပုံ၊ ပြည်သူများ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပုံနှင့် ပတ်သက်၍ စာပေပညာရှင် စာရေးဆရာ ဆူးငှက်က “ယနေ့လူငယ်တွေကိုကြည့်ရင် လူငယ်တွေဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ကိုယ့်စွမ်းအားကို ပြသချင်ကြပါတယ်။ ယနေ့ ဖမ်းဆီးရမိတဲ့ တရားခံတွေကိုကြည့်ရင် အသက်အပိုင်းအခြားအလိုက် အသက် ၂၆ နှစ်မှ အသက် ၃၀ အတွင်း လူငယ်လူရွယ်တွေဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီအသက်အပိုင်းအခြားဟာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ မွေးဖွားလာတဲ့လူတွေလို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒီကာလမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ လူငယ်လူရွယ်တွေဟာ လူမှုရေးလုပ်ငန်းတွေ၊ ပရဟိတလုပ်ငန်းတွေ၊ အားကစားတွေ လုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ ပတ်ဝန်းကျင် အခြေအနေကောင်းတွေကို မရရှိခဲ့ကြဘူး။ ဒါ့ကြောင့် လူငယ်လူရွယ်တွေကို ကျွန်တော်တို့တစ်တွေက ကောင်းမွန်တဲ့ ပတ်ဝန်းကျင် အခြေခံကောင်းတွေကို တည်ဆောက်ပေးဖို့ လိုပါတယ်။ လူငယ်တွေ မူးယစ်သားကောင်မဖြစ်စေဖို့အတွက် လူငယ်တစ်ဦးချင်းစီရဲ့စိတ်ထဲမှာ ယုံကြည်မှုတွေရှိဖို့လည်းလိုအပ်ပါတယ်။ ယနေ့ လူငယ်တွေမှာ ကျောင်းတွင်း၊ ကျောင်းပြင် အခြေအနေတွေ ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့တစ်တွေဟာ လူငယ်တွေအတွက် အခြေအနေကောင်းတွေ ဖန်တီးပေးရမယ်။ တရားဥပဒေစိုးမိုးတဲ့ ပတ်ဝန်းကျင်ကောင်းတွေကို ဖန်တီးပေးရမယ်။ မိတ်ဆွေကောင်းတွေကို ဖန်တီးပေးရမယ်။ အဓိကပြောချင်တာက လူငယ်တွေ မူးယစ်ဆေးဝါး မသုံးစွဲရအောင်၊ လူငယ်တွေအတွက် ကြီးမားတဲ့အနာဂတ်ကောင်းတွေရှိအောင် ဖန်တီးတည်ဆောက်ပေးဖို့ လိုပါတယ်” ဟု ပြောကြားသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်သူ (အထက-၁၀) မန္တလေးမှ မောင်အာကာမင်းထက်က “ယခု အခမ်းအနားကို တက်ရောက်နားဆင်ရတဲ့အတွက် မူးယစ်ဆေးဝါးရဲ့မကောင်းမှု၊ ဆိုးကျိုးအပြစ်များကို ကျွန်တော်တို့ ဦးနှောက်အတွင်း အသိပညာ ပွင့်လင်းလာပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးကိုသာမက လူတိုင်းရဲ့ဘဝတိုးတက်ရေး မျှော်မှန်းချက်များကို ရိုက်ချိုးနေကြောင်းကိုလည်း သိရှိရပါတယ်။ ဒါကြောင့် ဒီအခမ်းအနားဟာ ကျွန်တော်တို့ ကျောင်းသားတိုင်းအတွက် အကျိုးများစွာ ရရှိစေပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အသိအမြင်၊ ဗဟုသုတတွေလည်း ရရှိလာပါတယ်”ဟု ပြောကြားသည်။

ယခုအခါ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ အန္တရာယ်မဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြား လူငယ်များ ဖြစ်သဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ပိုမိုကာကွယ်တားဆီးပေးရန် လိုအပ်သည်။ ယနေ့အချိန်တွင် မသမာသူဝိသမစီးပွားရေးသမားအချို့ကြောင့် မူးယစ်ဆေးဝါးများသည် လူငယ်ထုကို ပုံသဏ္ဍာန်မျိုးစုံဖြင့် ပူးသတ်ဖျက်ဆီးခံနေရသည့်အတွက် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူ၍ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါသည်။ ။

(ခရိုင် ပြန်/ဆက်)

**“ ဒီကနေ့ပြုလုပ်တဲ့ စကားဝိုင်းရဲ့ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီရဲ့ အင်္ဂါရပ်တွေအတိုင်း အစိုးရနဲ့ အများပြည်သူကြားမှာ ဆွေးနွေးတိုင်ပင်ရမယ့် အကြောင်း ကိစ္စတွေရှိလာတဲ့အခါ ဆွေးနွေးပြောကြားနိုင်တဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်ဖို့၊ မိမိရပ်ရွာဒေသမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို အများပြည်သူကြားမှာ ဆွေးနွေးမှုတွေ ရှိလာစေဖို့နဲ့ ဆွေးနွေးပွဲတွေကြောင့် ပြည်သူလူထုရဲ့ စဉ်းစားတွေးခေါ်မှုတွေ မြင့်မားလာပြီး ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးတတ်တဲ့ အလေ့အထတွေဖြစ်ပေါ်လာစေဖို့ပဲဖြစ်”**

# ဒေသန္တရစီမံကိန်းများ၏ လယ်ယာကဏ္ဍကြီးတိုးတက်မှုနှင့် နိုင်ငံရေးဘောဂဗေဒအမြင်

မောင်သန်းဝင်းရွှေ

**စီမံကိန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ(သို့) တိုင်းပြည်တစ်ပြည်၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလထုတ်လုပ်မှုအဆင့်နှင့် အသွင်သဏ္ဍာန်တို့ အကောင်းဆုံးဖြစ်စေရေးအတွက် စီးပွားရေးအင်အားစုများကို စနစ်တကျ အသုံးချခွဲဝေနိုင်ရန်အတွက် ဆီလျော်ညီညွတ်မှုရှိပြီး ဖြစ်နိုင်ခြေရှိမည့် ဆုံးဖြတ်ချက်များကို သုံးသပ်ညှိနှိုင်း၍ အတိအကျရေးဆွဲချမှတ် အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။**

မျက်မှောက်ခေတ် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးကြသော နိုင်ငံအများစုမှာ စီးပွားရေး၊ လူမှုရေးများကို စီမံကိန်းချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်လျက်ရှိကြသည်။ စီမံကိန်းဟူသည် မည်သည့်စီးပွားရေးစနစ်တွင်မဆို လိုအပ်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို တိုးတက်သော အတွေးအမြင်ဖြင့် မြင့်တက်လာကြခြင်းမှာ မျက်မှောက်ရာစုနှစ်၏ ထူးခြားမှုတစ်ရပ်ပင်ဖြစ်ပါသည်။

**စီမံကိန်း**

စီမံကိန်း (Planning) ဟူသော လုပ်ငန်းစဉ်တွင် ယေဘုယျအားဖြင့် သီးခြားဝိသေသလက္ခဏာများရှိပါသည်။ စီမံကိန်းရေးဆွဲခြင်းသည် လက်ရှိပြဿနာ သို့မဟုတ် မျှော်လင့်ထားမှုများအား ဖြေရှင်းရန်ဖြစ်သည်နှင့်အမျှ စီမံကိန်းမှန်သမျှသည် ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလနှင့် သက်ဆိုင်သည်ဟူသော ပထမ ဝိသေသလက္ခဏာပင်ဖြစ်ပါသည်။ အတိအကျဖော်ပြသော ရည်မှန်းချက်သည်သာ စီမံကိန်းနှင့် သက်ဆိုင်သည်ဖြစ်ရာ စီမံကိန်း၏ ဒုတိယ ဝိသေသလက္ခဏာတစ်ရပ်မှာ အရေအတွက်ဖော်ပြထားခြင်းပင်ဖြစ်ပါသည်။ စီမံကိန်းမှန်သမျှသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော စီးပွားရေးကိန်းရှင် (Economic Variable) အပြောက်အမြားနှင့် သက်ဆိုင်သည်။ တစ်နည်းဆိုသော် စီမံကိန်းမှန်သမျှသည် စီးပွားရေးကိန်းရှင်များ၏ ဆက်စပ်မှုကို ဖော်ပြသော စီမံကိန်းချပုံစံ (Planning Model) ပေါ်တွင် အခြေခံထားရန်လိုသည်။ ထို့ကြောင့် စီမံကိန်း၏ တတိယ ဝိသေသလက္ခဏာရပ်မှာ စီးပွားရေးပုံစံ (Economic Model) ပင်ဖြစ်သည်။ စီမံကိန်း၏ စတုတ္ထ ဝိသေသလက္ခဏာတစ်ရပ်မှာ စိစစ်မှုနှင့် ညှိနှိုင်းမှုသည် စီမံကိန်းချဖြစ်စဉ် (Planning Process) တစ်ရပ်အဖြစ် တည်ရှိနေခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ စီမံကိန်း၏ရည်မှန်းချက်များ တစ်ခုနှင့်တစ်ခု ညီညွတ်မှု (Consistency) ရှိ မရှိ၊ ဖြစ်နိုင်ခြေ (Feasibility) ရှိ မရှိ အကောင်းဆုံး(ဝါ)အနေတော် ရည်မှန်းချက် (Optimality) ဟုတ် / မဟုတ် ဟူသော စိစစ်သုံးသပ်ချက်များ ရှိနေခြင်းပင် ဖြစ်သည်။ စီမံကိန်း၏ ပဉ္စမ ဝိသေသလက္ခဏာတစ်ရပ်မှာ အကောင်အထည်ဖော်မှုပင် ဖြစ်သည်။ တစ်နည်းဆိုသော် သယံဇာတပစ္စည်း (Natural Resources)များ စနစ်တကျ ခွဲဝေအသုံးချနိုင်ရန်အတွက် အကောင်အထည်ဖော်နိုင်မှုဖြင့် ထိန်းကျောင်းပေးနိုင်စွမ်းရှိမှုဖြစ်ပါသည်။

ယေဘုယျအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံသော လမ်းညွှန်မှုစီမံကိန်း (Indicative Plan) များဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုးမှုကို ထိန်းကျောင်းတတ်ကြသည်။ ထို့အတူ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကဏ္ဍအဆင့် ရည်မှန်းချက် (Sectorial Target)၊ ဒေသအဆင့်ရည်မှန်းချက် (Regional Target) များဖြင့် ဖွံ့ဖြိုးမှုစီမံကိန်းများကို ရုပ်လုံးဖော်ကြပေသည်။

**ပေါ်လစီလက်နက် လိုအပ်**

စီးပွားရေးဖွံ့ဖြိုးမှု အတွေ့အကြုံများအရ လက်ရှိစီးပွားရေးအခြေအနေတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရလေ အစွမ်းထက်သော ပေါ်လစီလက်နက် လိုအပ်လေဖြစ်သည်။ ပေါ်လစီလက်နက်အသုံးချနိုင်မှုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ များစွာခြားနားမှုရှိနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အတွေ့အကြုံအရ စီမံကိန်းရည်မှန်းချက်နှင့် ညီညွတ်သော ပေါ်လစီ(မူဝါဒ)များ ချမှတ်အကောင်အထည်ဖော်နိုင်မှုသည် နိုင်ငံရေးနှင့် အဆောက်အအုံဆိုင်ရာ ကန့်သတ်ချက်များအပေါ်တွင် များစွာမူတည်နေပေသည်။ ယေဘုယျအားဖြင့် စီမံကိန်းနှင့် အကောင်အထည်ဖော်မှု တခြားစီဖြစ်နေရခြင်းသည် နိုင်ငံရေးနှင့် အဆောက်အအုံဆိုင်ရာ ချို့တဲ့မှုကြောင့်ဖြစ်သည်။ ဤသည်ကား စီမံကိန်းများ၏ ဝိသေသနှင့် အကောင်အထည်ဖော်မှုဖြစ်စဉ်အတွက် အဓိကလိုအပ်ချက်အဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံများတွင် တွေ့ကြုံနေရသော မျက်မှောက်ခေတ်ကာလ၏ ယေဘုယျလက္ခဏာလည်းဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် အုပ်ချုပ်ရေးစနစ် သတ်မှတ်ချက်အရ ဗဟိုအစိုးရနှင့် ဒေသအစိုးရဟူ၍ နှစ်ရပ်ဖြင့် အုပ်ချုပ်မှုအာဏာကို ခွဲဝေကျင့်သုံးလေ့ရှိကြသည်။ ဗဟိုအစိုးရသည် ယေဘုယျအားဖြင့် အမျိုးသားစီမံကိန်းကို ကဏ္ဍအလိုက်ဖွံ့ဖြိုးမှုရည်မှန်းချက်နှင့် သတ်မှတ်အကောင်အထည်ဖော်ပြီး ဒေသအစိုးရများအနေဖြင့် ဒေသဆိုင်ရာ စီမံကိန်း(ဝါ) ဒေသန္တရစီမံကိန်းများဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုကို ရရှိရေး ရည်မှန်းကြသည်။ ဒေသန္တရစီမံကိန်းတို့မည်သည် အမျိုးသားစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရပ်တည်ရသည်ဖြစ်ရာ အမျိုးသားစီမံကိန်းနှင့် ဆီလျော်ညီညွတ်မှုရှိရန် အထူးလိုအပ်သည်။ ဆီလျော်ညီညွတ်မှု၊ စွမ်းဆောင်ရည်ရှိမှုကို ကဏ္ဍဆိုင်ရာစီမံကိန်းများဖြင့် ထိန်းကျောင်းခြင်း ပြုပေးရစမြဲဖြစ်ပေသည်။ ဤသည်ကား မျက်မှောက်စီမံကိန်းဖြစ်စဉ် (Planning Process) ၏အဓိကရည်မှန်းချက်ဖြစ်သည်။ သို့မှသာ တွဲဖက်ရေးဆွဲထားသော ဘတ်ဂျက်နှင့် ကိုက်ညီမှုရှိမည်ဖြစ်ပြီး ဤသည်ကို နိုင်ငံရေးဘောဂဗေဒပညာရှင်များက စီးပွားရေးဘတ်ဂျက် (Economic Budget) ဟူ၍ သုံးနှုန်းတတ်ကြပေသည်။ မျက်မှောက်ခေတ်စီမံကိန်းရေးဆွဲမှု နည်းစနစ်တွင် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရအသုံးမှန်းခြေစာရင်းနှင့် ကိုက်ညှိ၍ Plan to budgeting နည်းစနစ်ကို ကျင့်သုံးလာကြသည်။

ဒေသဆိုင်ရာ စီမံကိန်းများသည် ဖွံ့ဖြိုးမှုစီမံကိန်း၏ ပင်မကျောရိုးများဖြစ်သည်။ အချို့က ဒေသန္တရစီမံကိန်းဟု သုံးစွဲတတ်ကြသည်။ မည်သို့ဆိုစေ သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူအားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်စေရမည်ဆိုသည့် ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များပင်ဖြစ်ပေသည်။ ယင်းဒေသန္တရစီမံကိန်းများသည် ကာလရှည်(ဝါ) နှစ်ရှည်စီမံကိန်း၊ နှစ်လတ်စီမံကိန်းများ၏ မူဘောင်အတွင်းမှ အကောင်အထည်ဖော်သည့် နှစ်စဉ်စီမံကိန်း (Annual Plan) ဟုလည်း ခေါ်ဆိုနိုင်ပေသည်။ အထူးသဖြင့် ဒေသ(ဝါ) ဒေသန္တရအလိုက်၊ ကဏ္ဍအလိုက် ဝိသေသပြုရေးဆွဲထားသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအပါအဝင် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်လျက်ရှိပေသည်။

**ဒေသအလိုက်စီမံကိန်းများ**

မြန်မာနိုင်ငံသည် မျက်မှောက်ကာလအထိ လယ်ယာအခြေခံစီးပွားရေးစနစ်ကို အခြေခံစီးပွားရေးစနစ်အဖြစ် အသိအမှတ်ပြုထားရဆဲဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ ဒေသအလိုက်စီမံကိန်းများ ရည်မှန်းချက်ချမှတ်ရာ၌ ဒေသ၏ ရေမြေအခြေအနေနှင့် ကိုက်ညီသည့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲနိုင်ရေးကို အခြေခံမှုတစ်ရပ်အနေဖြင့် ပါဝင်နေမှသာ အမျိုးသားစီးပွားရေးစီမံကိန်း၏ ရည်မှန်းချက်ကိုပါ တစ်ပါတည်း အကောင်အထည်ဖော်မှုကို တွဲဖက်သရုပ်ပေါ်လွင်စေမည်ဖြစ်သည်။ ထို့အတူ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုသည် မျက်မှောက်ကာလ၏ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်ဖြစ်ရာ ကမ္ဘာ့ မိသားစုဝင် မြန်မာနိုင်ငံအနေဖြင့်လည်း ရင်ဆိုင်ရတတ်စမြဲဖြစ်၍ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးနှံစိုက်ပျိုးရေးနည်းစနစ်များ၊ သီးနှံပုံစံများရရှိအောင် ချမှတ်ဆောင်ရွက်ရေးသည်လည်း ဒေသဆိုင်ရာ စိုက်ပျိုးရေးစီမံကိန်း၏ ရည်မှန်းချက်အဖြစ် နေရာယူရမည်သာဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဒေသန္တရစီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် အဓိကသွင်းအားစုများအနက် သဘာဝပေးသွင်းအားစုများ၏ အခန်းကဏ္ဍကိုလည်း ဒေသန္တရစီမံကိန်းတိုင်းတွင် အဓိကထား၍ သတ်မှတ်နိုင်မှသာလျှင် ဆီလျော်ညီညွတ်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုဟူသော အခြေခံသဘောတရားနှင့် ကိုက်ညီမည်ဖြစ်ရာ ရေလေလွင့်မှုနည်းပါးပြီး အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လက်ရှိ ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေရေးစနစ်နှင့် ရေသောက်စနစ်များကို ခေတ်မီအောင် ပြုပြင်တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများဖြင့် ရေအသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပေါ်လစီတစ်ရပ်ကို ဒေသန္တရစီမံကိန်းတိုင်းတွင် အလေးထားရမည် သာဖြစ်သည်။ အမျိုးသားစီမံကိန်းနှင့် လိုက်လျောညီထွေမှုရှိသော ဒေသန္တရစီမံကိန်း တစ်ရပ်အသွင်ပေါ်လွင်စေရန် ကဏ္ဍဆိုင်ရာစီမံကိန်းများ၌ တိကျသော အခြေခံမူဝါဒချမှတ်မှုများ ထင်ထင်ရှားရှားရှိမှသာလျှင် စီမံကိန်းအောင်မြင်မှု၏ရလဒ်ကို အကျိုးအမြတ်ရှိရှိ ခံစားရရှိနိုင်မည်ဖြစ်ပေသည်။

စက်မှုလက်ယာစနစ်သို့ လုံးဝမပြောင်းလဲနိုင်သေးသည့် မျက်မှောက်ကာလမျိုးအတွက် စားကျက်မြေများ ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ဖော်ထုတ်ဆောင်ရွက်ရေးကို မျက်ခြည်မပြတ်သင့်ပေ။ လယ်ယာကဏ္ဍကြီးနှင့်ဆက်စပ်နေသော မွေးမြူရေးလုပ်ငန်းများအတွက် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မျိုးဗီဇအရင်းအမြစ် (Genetic Resource) များ ထိန်းသိမ်းကာကွယ်ရေး၊ ကောင်းမွန်သော မွေးမြူနည်းကျင့်စဉ် (Good Animal Husbandry Practices-GAHP) များ ရေးဆွဲဖော်ထုတ်လိုက်နာစေရေးကိုလည်း အလေးပေးသင့်ပေသည်။ ဤသို့ လယ်ယာကဏ္ဍကြီး၏ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကိုရယူရာ၌ မည်သည့်စီးပွားရေးစနစ်တွင်မဆို အသုံးတည့်နေသော သမဝါယမစနစ်ကို အခြေပြုဖော်ထုတ်သည့်အနေဖြင့် လယ်ယာကုန်ထုတ်၊ မွေးမြူကုန်ထုတ် သမဝါယမအသင်းများဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကိုရယူနိုင်ရေးမှာ နည်းလမ်းကောင်းဖြစ်ပေသည်။

**ပြဿနာများ**

မြန်မာ့လယ်ယာစီးပွားရေးစနစ်တွင် သမိုင်းစဉ်ဆက်တွေ့ကြုံခဲ့ရသော အတိတ်ပြဿနာများကိုလည်း စီမံကိန်းများချမှတ်ရေးဆွဲ အကောင်အထည်ဖော်ရာ၌ ထည့်သွင်းစဉ်းစားမှသာ လိုက်လျောညီညွတ်မှုဖြင့် ရုပ်လုံးဖော်နိုင်သော ဒေသန္တရစီမံကိန်းများအသွင်ကို ဆောင်နိုင်မည်ဖြစ်သည်။ မြန်မာ့လယ်ယာစီးပွားရေးကဏ္ဍ၏ အဓိကပြဿနာမှာ ကြွေးမြီတင်ခြင်းနှင့် ဖုံးကွယ် အလုပ်လက်မဲ့များရှိနေခြင်းပင် ဖြစ်သည်။ ထိုပြဿနာနှစ်ရပ်သည် ဒေသန္တရစီမံကိန်းတိုင်းတွင် ရိုက်ခတ်နိုင်သည်ဖြစ်ရာ ဒေသန္တရစီမံကိန်းများ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်ရေးအတွက် ယင်းပြဿနာနှစ်ရပ်ကို လေးလေးနက်နက်ထား၍ စဉ်းစားဆောင်ရွက်ဖို့ အကြောင်းရင်းအဖြစ် အသွင်ဆောင်နေပေသည်။

ကြွေးမြီတင်ခြင်းပြဿနာကို အတိတ်သမိုင်းတွင် အထိုက်အလျောက် ဖြေရှင်းမှုများပြုခဲ့ရာ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်ထူထောင်၍ လည်းကောင်း၊ လယ်ယာအမတော်ကြေးများ ထုတ်ချေးခြင်းဖြင့် လည်းကောင်း ဖြေရှင်းခဲ့ကြသည်။ မျက်မှောက်ကာလ၏ ဒေသန္တရစီမံကိန်းတိုင်းတွင်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် မိုး၊ ဆောင်း၊ မိုးကြိုချေးငွေများကို ထိရောက်စွာထုတ်ချေးခြင်းနှင့် နိုင်ငံဘဏ္ဍာ မလစ်ဟင်းစေရေးအတွက် စနစ်တကျ ပြန်လည်ကောက်ခံခြင်းဟူသော ရည်မှန်းချက်ကို မျက်ခြည်မပြတ်ရန် အထူးလိုအပ်သည့် စွမ်းဆောင်ချက်အဖြစ် သတ်မှတ်ရပေမည်။ ထို့အတူ ဖုံးကွယ်အလုပ်လက်မဲ့ပြဿနာကို အခြားသော အသက်မွေးဝမ်းကျောင်းမှုနှင့် မိသားစု ဝင်ငွေတိုးတက်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အရင်းမပျောက်လှည့်ပတ်ရန်ပုံငွေ (Revolving Fund) ထူထောင်ဆောင်ရွက်ရေးကို အလေးပေးစွမ်းဆောင်ရန်လည်း အထူးလိုအပ်လှပေသည်။ ထို့အတူ သမဝါယမစနစ်ကိုအခြေခံ၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) လုပ်ငန်းကိုလည်း အားပေးခြင်းပြုရမည်ဖြစ်ပေသည်။

ဤသို့လျှင် အမျိုးသားစီမံကိန်းပါ မြန်မာ့စီးပွားရေးမြှင့်တင်နိုင်ရေး အခြေခံမှုအား ဒေသန္တရဆိုင်ရာစီမံကိန်းများဖြင့် ပူးပေါင်းအကောင်အထည်ဖော်မှုကို သရုပ်ပေါ်လွင်စေမည် ဖြစ်ပေသည်။

**ရည်မှန်းချက်များချမှတ်**

ဒေသန္တရစီမံကိန်း(ဝါ) ဒေသဆိုင်ရာစီမံကိန်းဟူသည် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်ပင်ဖြစ်ရာ ဒေသန္တရစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မျက်မှောက်စီးပွားရေးအခြေအနေ စစ်တမ်းအား အမြဲမပြတ်သုံးသပ်ရန် လိုအပ်ကြောင်းနှင့် အမျိုးသားစီးပွားရေးကိုခြုံငုံစေမည့် ရည်မှန်းချက်များချမှတ်လျက် ထိရောက်သော၊ လက်တွေ့ကျသော ပေါ်လစီဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်သည်ဟု ကမ္ဘာကျော် ဘောဂဗေဒပညာရှင်နှင့် ဖွံ့ဖြိုးမှုသိပ္ပံပညာရှင် လူးဝိး(စ်) Lewis W.Arthur က လမ်းညွှန်ပြသထားသည်ကို မှတ်ထားသင့်ကြပေသည်။ တစ်ဖန် လူးဝိး(စ်) Lewis W.Arthur က ၎င်း၏ Development Planning စာအုပ်တွင် "ဖွံ့ဖြိုးမှုစီမံကိန်း၏ အရည်အသွေးသည် မြောက်မြားစွာသော ကိန်းဂဏန်းများပေါ်တွင် မူမတည်ဘဲ ပေါ်လစီများ၏ အရည်အသွေးပေါ်တွင်သာ မူတည်သည်" ဖော်ပြခဲ့ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းအတွက် မလွဲမသွေမှတ်ထားရမည့် နည်းပညာဆိုင်ရာ ညွှန်ပြမှုပင်ဖြစ်ပေသည်။

ထို့ကြောင့် မျက်မှောက်ခေတ် ဖွံ့ဖြိုးမှုပညာရှင်များ၊ ဘောဂဗေဒပညာရှင်များနှင့် နိုင်ငံရေးသိပ္ပံပညာရှင်များက ခံယူထားကြသည့် စီမံကိန်းနှင့်ပတ်သက်သော မှတ်သားဖွယ်ရာမှာ "နိုင်နင်းစွာ လုပ်ကိုင်နိုင်သမျှရေးဆွဲ၍ ရေးဆွဲထားသည့်အတိုင်း အကောင်အထည်ဖော်ခြင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းသည် အနှစ်သာရ ပြည့်ဝသည့် နိုင်ငံရေးဘောဂဗေဒအမြင်နှင့် ပြည့်စုံသည့် "စီမံကိန်း" ဟူသော ဝေါဟာရ၏ တန်ဖိုးပင်ဖြစ်သည်။ ဤသည်က ဒေသန္တရစီမံကိန်းများ အောင်မြင်မှု၏ အကျိုးဆက်ဖြင့် အမျိုးသားစီမံကိန်း အောင်မြင်ရေးအတွက် ရောင်ခြည်ဦးပင်ဖြစ်သည်ဟု ဆိုရပေတော့မည်။ တစ်နည်းဆိုရသော် ဒေသန္တရစီမံကိန်းများမှ ကဏ္ဍကြီးများအလိုက် ဖွံ့ဖြိုးမှုအကျိုးဆက်သည် အမျိုးသားစီမံကိန်းအောင်မြင်မှုအတွက် အခြေခံလိုအပ်ချက်ဟု နိုင်ငံရေးဘောဂဗေဒပညာရှင်တို့ ယူဆကြရခြင်းဖြစ်ပေသည်။

**ဒေသန္တရစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မျက်မှောက်စီးပွားရေးအခြေအနေ စစ်တမ်းအား အမြဲမပြတ် သုံးသပ်ရန်လိုအပ်ကြောင်းနှင့် အမျိုးသားစီးပွားရေးကို ခြုံငုံစေမည့် ရည်မှန်းချက်များ ချမှတ်လျက် ထိရောက်သော၊ လက်တွေ့ကျသော ပေါ်လစီဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်သည်ဟု ကမ္ဘာကျော် ဘောဂဗေဒပညာရှင်နှင့် ဖွံ့ဖြိုးမှုသိပ္ပံပညာရှင် လူးဝိး(စ်) Lewis W.Arthur က လမ်းညွှန်ပြသထား**

---

## ဗားကရာလမ်းရှိ ဆက်သွယ်ရေးတိုင် ပြိုလဲမှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၂၂** - ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်အပိုင်း ဗားကရာလမ်းပေါ်မှ ဆက်သွယ်ရေး ကွန်ကရစ်တိုင်တစ်တိုင် အောက်တိုဘာ ၂၂ ရက် နံနက် ၅ နာရီကျော်ခန့်က ပြိုလဲမှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၅ နာရီကျော်ခန့်က ဗားကရာလမ်းမအတိုင်း ဗားကရာချောက်ဘက်မှ ကမ်းနားလမ်းဘက်သို့ မောင်းနှင်လာသော ကွန်တိန်နာယာဉ်မှာ လမ်းမပေါ်မှ ဖြတ်သန်းသွယ်ယူထားသည့် ဆက်သွယ်ရေးကြိုးနှင့် ချိတ်ငြိပြီး ဆက်သွယ်ရေးကွန်ကရစ်တိုင်မှာ လမ်းဘက်သို့ တိမ်းစောင်းသွားခဲ့သည်။ ထို့အတူ လမ်းဖြတ်ဆက်သွယ်ထားသော ကြိုးများအိဆင်းလာခဲ့သည်။ လမ်းမပေါ်မှ မောင်းနှင်နေသော ယာဉ်များ အန္တရာယ်မရှိစေရေးအတွက် အနီးမှပြည်သူများနှင့် ဆောင်ရွက်နေစဉ် နံနက် ၉ နာရီကျော်တွင် ကမ်းနားဘက်သို့ မောင်းနှင်လာသော YBS-20 (4N/----) ၏ အပေါ်အမိုးနှင့် ဆက်သွယ်ရေးကြိုးတို့ ထပ်မံငြိခဲ့ပြီး တိမ်းစောင်းနေသည့် ဆက်သွယ်ရေးကွန်ကရစ်တိုင်မှာ ကားလမ်းပေါ်သို့ပြိုလဲခဲ့သဖြင့် တာဝန်ရှိသူများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ပေးခဲ့ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

◆ *ကျောဖုံးမှ*

လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲတွင် ကူညီဆောင်ရွက်ပေးကြသော မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က လွှတ်တော်အဆောက်အအုံအရှေ့တွင် ကေရာဇ်ပင်ကို အမှတ်တရစိုက်ပျိုးခဲ့ကြပြီး ဒေသအတွင်း နိုင်ငံရေးပါတီအဖွဲ့က ကံ့ကော်ပင်များ စိုက်ပျိုးပေးကြကာ လွှတ်တော်အဆောက်အအုံအား ကြည့်ရှုအားပေး၍ ဧည့်သည်တော်မှတ်တမ်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လက်မှတ်ရေးထိုးကြသည်။

**တက်ရောက်**

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ ရုံးသစ်ဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**





# လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၂**

လူမှုဖူလုံရေး အာမခံအလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် Care Well Medical Co.,Ltd တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း တတိယမြောက် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းကို ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃) ဖန်ချက်ဝန်ဦးရွှေအိုးလမ်းနှင့် ပုလဲလမ်းထောင့်ရှိ အမှတ်-၁၂၃ တွင် ဖွင့်လှစ်လိုက်သည်။ **(အပေါ်ပုံ)**

လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်းပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက "ရွှေပြည်သာမှာရှိတဲ့ အာမခံလုပ်သားတွေကို ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးမှာဖြစ်ပါတယ်။ အသေးစားခွဲစိတ်မှုတွေကိုလည်း ဒီဆေးခန်းမှာ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ ဆေးခန်းအနေနဲ့ ဆေးဝါးအပြည့်အစုံ၊ ဆရာဝန်၊ သူနာပြု ပြည့်ပြည့်စုံစုံထားရှိပေးထားတယ်။ ပြင်ပမှာရှိတဲ့ ဆေးခန်းတွေနဲ့ယှဉ်နိုင်တဲ့ ဆေးခန်းဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း ကျန်တဲ့မြို့နယ်တွေမှာလည်း လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတွေ ဖွင့်လှစ်သွားဖို့ရှိပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင်လုပ်ငန်းဌာနပေါင်း ၁၀၆၆၆ ဌာနမှ လုပ်သားစုစုပေါင်း ၇၁၅၀၂၅ ဦးရှိသည့်အနက် ရွှေပြည်သာမြို့နယ်တွင် အကျုံးဝင်လုပ်ငန်းဌာန ၅၆၀ မှ လုပ်သားစုစုပေါင်း ၈၂၆၆၆ ဦးအတွက် လူမှုဖူလုံရေးစီမံကိန်းကို မြို့နယ် လူမှုဖူလုံရေးရုံးတစ်ရုံးနှင့် ဆေးခန်းတစ်ခန်းတို့ကို ဖွင့်လှစ်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် Care Well Medical Co.,Ltd တို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် လှိုင်သာယာမြို့နယ်၌ လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်း + Urgent Care Unit ကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် မတ်လတွင် မင်္ဂလာဒုံမြို့နယ်၌ လူမှုဖူလုံရေး - ကဲဝဲလ် အထွေထွေရောဂါကု ဆေးခန်း + Urgent Care Unit ကို လည်းကောင်း၊ တတိယအကြိမ်အဖြစ် ယနေ့ရွှေပြည်သာမြို့နယ်၌ ဖွင့်လှစ်လိုက်သည့် လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း + Urgent Care Unit ကို လည်းကောင်း အသီးသီးဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

"လူမှုဖူလုံရေးနဲ့ ဆေးကုသမှုဝန်ဆောင်မှုပေးမယ်ဆိုပြီး သဘောတူစာချုပ်ချုပ်ပြီး အလုပ်သမားတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးတာပါ။ လူမှုဖူလုံရေး အာမခံကြေးထည့်ဝင်ထားတဲ့ လူနာတွေ ဆေးခန်းလာပြရင် ဘာအခကြေးငွေမှ ပေးစရာမလိုဘူး။ ပြင်ပလူနာလည်း လာပြလို့ရတယ်။ သင့်တင့်မျှတတဲ့နှုန်းထားနဲ့ ကောက်ခံသွားမှာပါ"ဟု Care Well Medical Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ အထွေထွေရောဂါ အထူးကုသမားတော် ဒေါက်တာ မူယာညွန့်က ပြောသည်။

လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကျုံးဝင် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်တို့ရရှိစေရန်အတွက် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်၌ အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ရုံးခွဲပေါင်း ၇၇ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီး ဆေးခန်း ၅၅ ခန်း၊ လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း သုံးခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်း၊ ရွေ့လျားဆေးကုသရေးယာဉ် နှစ်စီးတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဆေးရုံ၊ ဆေးခန်းများနှင့် ရုံးခွဲများကို ထိထိရောက်ရောက် ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် စီမံချက်များရေးဆွဲလျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံ၊ ဆေးခန်းများနှင့် ရုံးများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ ပုဂ္ဂလိကဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။ **သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ဇော်မင်းလတ်**

❖ *ကျောဖုံးမှ*

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် တရုတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ ပထမပွဲတွင် ဟန်နာတက္ကသိုလ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲတွင် ဂမ်ဘာအိုဆာကာလူငယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တတိယပွဲတွင် ဟန်နာတက္ကသိုလ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဟန်နာတက္ကသိုလ်အသင်းနှင့် နှစ်ပွဲကစားခဲ့ပြီး အောက်တိုဘာ ၂၀ ရက်တွင် ဂျပန်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ကာ အောက်တိုဘာ ၂၂ ရက်တွင် စတင်လေ့ကျင့်လျက်ရှိသည်။ **ရဲရင့်ရှိုင်း**

# ပြည်ထောင်စုဝန်ကြီး သီလဝါစက်မှုဇုန်၌ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သီလဝါစက်မှုဇုန်ရှိ အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းပိုင် အထည်အလိပ်လုပ်ငန်းနှင့် ပတ်သက်သော အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်မည့်မြေနေရာနှင့် စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်)အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင် မြေနေရာ ၃၈၉ ဒသမ ၀ ဧကပေါ်တွင် ECO Textile Industrial Development Zone အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်မည့် Project တွင် ပြည့်စုံသော နိုင်ငံတကာစံချိန်မီ Infrastructure များပါရှိရေး၊ အသုံးမလို စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုစေရေး၊ ရေ၊ မီးနှင့် မီးဘေးကာကွယ်ရေးစနစ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ PPP စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်တွေ့ကျကျဆောင်ရွက်ရေး၊ သီလဝါဆည်အား သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ ထိန်းသိမ်းစောင့်ရှောက်ရေး၊ တင်ပြရမည့် Project Proposal အား တိကျခိုင်မာပြီး အချက်အလက်များ ပြည့်စုံစွာထည့်သွင်းပေးရန်လိုကြောင်း ပြောကြားကာ ECO Textile Industrial Development Zone တည်ဆောက်မည့်မြေနေရာနှင့် သီလဝါဆည်အား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် စက္ကူထုပ်ပိုးစက်ရုံ(သန်လျင်)သို့ သွားရောက်ပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့မည့် ပစ္စည်းများအတွက် ထုတ်လုပ်လျက်ရှိသော စက္ကူထုပ်ပိုးပစ္စည်းများ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအဆင့်မီအရည်အသွေး ပြည့်မီစွာ ကုန်ပစ္စည်းများထုတ်လုပ်ရေး၊ PPP စနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေး၊ အရည်အသွေးနှင့် သက်ဆိုင်သော Drawing Design စစ်ဆေးရေး Chart များကို စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ရေး၊ စက်ရုံဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ရေးတွင် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်ရေး၊ စက်ရုံအတွင်း အစဉ်အမြဲ သန့်ရှင်းသပ်ရပ်စွာရှိနေစေရန် စက်ရုံအတွင်း 5S အတိုင်း စီမံဆောင်ရွက်ထားရှိရေး၊ နည်းပညာသစ်များနှင့် နိုင်ငံတကာအဆင့်မီပစ္စည်းများအား တီထွင်ထုတ်လုပ်ရေး မှာကြားသည်။

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင် မြေနေရာရှိ သီလဝါဆည်အား ရေဂါလန် သန်း ၈၀ မှ ၃၀၀ အထိ တိုးမြှင့်သိုလှောင်ရန်ရှိပြီး ထပ်မံဖြစ်ပေါ်လာမည့် ECO Textile Industrial Zone အတွက်လည်း ရေလိုအပ်ချက်ကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ECO Textile Industrial Zone စီမံကိန်းအား Developer ခေါ်ယူ၍ စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်း အကောင်အထည်ပေါ်လာပါက ပတ်ဝန်းကျင်ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာစေမည့်အပြင် အစိုးရအနေဖြင့် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိပိုင်ထုတ်ကုန်များကို မိမိအစီအစဉ်ဖြင့် Made in Myanmar မှ Design in Myanmar အဖြစ် ထုတ်လုပ်နိုင်သည်အထိ စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



❑ *ကျောဖုံးမှ*

၅၅ မိနစ်တွင် တိုက်စစ်မှူး ပက်ထရစ်က ရတနာပုံအတွက် ချေပဂိုး ပြန်သွင်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် ဂိုးများကို ၆၁ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး စိုးမင်းဦး၊ ၇၆ မိနစ်တွင် ခရစ္စတိုဖာတို့က သွင်းယူခဲ့သည်။ ရတနာပုံအတွက် ဒုတိယချေပဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် မျိုးဇော်ဦးက သွင်းယူပေးခဲ့သည်။

ပဲခူးကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီက Southern အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ယူပြီး အိမ်ကွင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ၅၇ မိနစ်တွင် မာစီယို၊ ၇၆ မိနစ်တွင် မောင်မောင်လွင်တို့က သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီက ဇွဲကပင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အဆင့်(၄)နေရာ ရယူနိုင်ခဲ့သည်။ ရောဝတီအတွက် ဂိုးများကို အာကာနိုင်နှင့် သီဟဇော်တို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး ခိုင်ထူးက ဇွဲကပင်အတွက် တစ်ဂိုးသွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်နှင့် မကွေးအသင်း ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ်(၂၀) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၁ မှတ်၊ ရန်ကုန်အသင်းက ၄၉ မှတ်၊ ရတနာပုံအသင်းက ၄၄ မှတ်၊ ရောဝတီအသင်းက ၃၆ မှတ်၊ ရခိုင်အသင်းက ၃၁ မှတ်၊ မကွေးအသင်းက ၂၉ မှတ်၊ Southern ၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့က ၂၃ မှတ်စီ၊ GFA အသင်းက ၁၆ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ်ရထားသည်။

**သတင်း- ညီမြတ်သော်တာ**

# ပဋိပက္ခများကို ပေါက်ဖွားစေခြင်းသည် မုန်းတီးမှုနှင့် ကြောက်ရွံ့မှုတို့ဖြစ်၍ နားလည်မှုနှင့် သဟဇာတဖြစ်မှုကို မြှင့်တင်ရန် ဆောင်ရွက်မည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မတူကွဲပြားမှုများကို သဟဇာတဖြစ်စေရန်အတွက် မည်သို့မည်ပုံ စီမံခန့်ခွဲမည်ကို မိမိတို့နိုင်ငံတွင် ဆောင်ရွက်နေမှု အတွေ့အကြုံများအပေါ် အခြေခံ၍ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် အခြေအနေများအပေါ် သုံးသပ်ဆွေးနွေးနိုင်ရန် "Diversity Management in the Age of Globalization" ဖိုရမ်တစ်ရပ်ကို နေပြည်တော်တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဆိုပါဖိုရမ်သည် နိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပသောဖိုရမ်ဖြစ်ပြီး အဓိကအားဖြင့် ပြည်တွင်း၌ Diversity Management တွင် ဆက်စပ်လုပ်ကိုင်လျက်ရှိသော ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများကို ဖိတ်ကြား၍ ဆွေးနွေးပွဲ ပုံသဏ္ဌာန်ကျင်းပမည်ဖြစ်ပြီး ပြည်ပကျွမ်းကျင်သူများကိုလည်း ဖိတ်ကြားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြဿနာတစ်ရပ်ဖြစ်တိုင်း တရားမျှတစွာ ဖြေရှင်းသွားရမည်ဖြစ်ပါကြောင်း၊ အမုန်းတရားနှင့် အကြောက်တရားက ပဋိပက္ခများကို ဖြစ်စေပါကြောင်း၊ ခေတ်အဆက်ဆက်ဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရှိဘဲ ဆက်လက်ဖြေရှင်းရမည် ဖြစ်ပါကြောင်း၊ နားလည်မှုနှင့် သဟဇာတဖြစ်အောင် ကြိုးစားခြင်းကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ပေါက်ဖွားစေခြင်းသည် မုန်းတီးမှုနှင့် ကြောက်ရွံ့မှုတို့ဖြစ်၍ နားလည်မှုနှင့် သဟဇာတဖြစ်မှုကို မြှင့်တင်ရန် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်ခြင်းသည် တည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေပါကြောင်း၊ ဒေါက်တာကိုဖီအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သဟဇာတဖြစ်မှုအတွက် များစွာအကျိုးရှိမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာရရှိရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုများရရှိရေးတို့သည် ယခုအခါတွင် အရေးကြီးဆုံးဖြစ်ကြောင်း၊ UEHRD စီမံကိန်း၏ ရည်ရွယ်ချက် (၃)ရပ်ကို အကောင်အထည်ဖော်ရာတွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးဟု ပါရှိပါကြောင်းနှင့် အဆိုပါဖိုရမ်သည် နိုင်ငံတော်အစိုးရအနေဖြင့် မတူကွဲပြားမှုများကို စုစည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားသောဒေသများအတွက် အလေးထားဆောင်ရွက်ခြင်းဖြစ်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးခဲ့ရသည့် ရှာရှည်ပြင်ကျေးရွာအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၂၂**

လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ရှာရှည်ပြင်ကျေးရွာသို့ ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ ထောက်ပံ့ငွေ၊ စားနပ်ရိက္ခာများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရှာရှည်ပြင်ကျေးရွာသို့ ရောက်ရှိပြီး လေပြင်းဒဏ်သင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ **(အောက်ပုံ)** ကျေးရွာ သူကျေးရွာသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် လုံးဝပျက်စီးသွားသည့် နေအိမ်ခုနစ်လုံးအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် သုံးသိန်းစီ၊ တစ်စိတ်တစ်ပိုင်း အမိုးလန်ပျက်စီးသွားသည့် အိမ် ၁၅ လုံးအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းစီနှင့် စုစုပေါင်းငွေကျပ် ၃၆ သိန်းကိုလည်းကောင်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ ဆန်အိတ်ငါးအိတ်၊ တာပေါ်လင်စ ၁၅ ချပ်နှင့် Family Kit ငါးပုံးကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Family Kit ၂၂ ပုံး၊ တာပေါ်လင်စ နှစ်အိတ်၊ ငွေကျပ် ၂၉ သိန်း တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ဆန်ရိက္ခာ တစ်ပတ်စာကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**





ထို့အတူ ပညာရေးဝန်ကြီးဌာနမှလည်း ပျက်စီးသွားသော အခြေခံမူလတန်းလွန် ကျောင်းဆောင်နှင့် ဆရာ ဆရာမများ အိမ်ရာတို့ကိုလည်း ပြန်လည်ပြုပြင် ဆောက်လုပ်ပေးသွားမည်ဖြစ်သည့်အပြင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှလည်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ -အောင်ကျော်ဦး**

## မုံရွာဘုရားကြီးပွဲတော်တွင် ရောင်းချနေသော နယ်လှည့်ဈေးသူဈေးသားများနှင့် ရွှေစည်းခုံဂေါပကအဖွဲ့က ရခိုင်ဒေသသို့ ငွေကျပ် ၂၅ သိန်းလှူဒါန်း

**မုံရွာ အောက်တိုဘာ ၂၂**

မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးပွဲတော်တွင် ရောင်းချနေကြသော နယ်လှည့်ဈေးသူဈေးသားများ စုပေါင်း၍ ရခိုင်ဒေသမှ နေရပ်မစွန့်ခွာ ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက မုံရွာမြို့ ရွှေစည်းခုံဘုရားကြီး ဓမ္မစကြာဓမ္မာရုံအတွင်းကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ တက်ရောက်လက်ခံသည်။

အလှူငွေများကို ဘုရားကြီးဈေးပွဲတော်တွင် ရောင်းချနေကြသော နယ်လှည့်ဈေးသူဈေးသားများထံမှ ကောက်ခံစုပေါင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ရခိုင်ဒေသသို့ ပေးပို့လှူဒါန်းခြင်းဖြစ်ရာ နယ်လှည့်ဈေးသူဈေးသားများက ငွေကျပ် သိန်း၂၀ နှင့် ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့က ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၂၅ သိန်းကို လှူဒါန်းသည်။

အလှူငွေကျပ် ၂၅ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတို့က လက်ခံယူခဲ့သည်။

**သံတိုင်ထွန်း**



## ရခိုင်ပြည်နယ် မြို့နယ်အချို့၌ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**စစ်တွေ အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ယနေ့မွန်းလွဲပိုင်းတွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ဆန္ဒဖော်ထုတ်ကြကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် ပေါက်တော၊ မြောက်ဦး၊ မြေပုံ၊ မောင်တောနှင့် မာန်အောင်မြို့နယ်တို့၌ မွန်းလွဲပိုင်းမှစ၍ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**ထွန်းဝင်းနိုင်**

# နေရပ်စွန့်ခွာတိမ်းရှောင်နေသည့် ပြည်သူများအတွက် အဝတ်အထည်များပေးအပ်လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၂၂**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေသည့် ပြည်သူများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဝတ်အထည်များ လာရောက်လှူဒါန်းသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေးပို့လှူဒါန်းသည့် အဝတ်အထည် ၃၄၈၁ ထည်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အလှူငွေ၊ ပစ္စည်းလက်ခံဖြန့်ဖြူးရေး ကော်မတီသို့ ယနေ့ နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အရေးတွင် ပြည်ပဝင်ရောက်စွက်ဖက်မှုများမှာ အကျိုးမရှိကြောင်း တရုတ်ကွန်မြူနစ်ပါတီမှ တာဝန်ရှိသူကပြောကြား

တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံလျက်ရှိပါကြောင်း၊ လူမျိုးတုံးသတ်ဖြတ်ရေးဟူသော အသုံးအနှုန်းနှင့်အတူ မြန်မာနိုင်ငံကို ရှုတ်ချသောနိုင်ငံများတွင် ၎င်းတို့ ပါဝင်မည်မဟုတ်ကြောင်း အာဏာရတရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာဌာနမှ ဒုတိယအကြီးအကဲ Gou Yezhou က စနေနေ့က ပြောကြားသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်ကြာခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၎င်း၏ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်ဟု Gou က ထပ်လောင်းပြောကြားခဲ့ကြောင်း ရိုက်တာသတင်းအရ သိရသည်။ ရခိုင်ပြည်နယ် အကျပ်အတည်းနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ ချဉ်းကပ်မှုမှာ အနောက်နိုင်ငံများနှင့် ဘာကြောင့် ကွဲလွဲနေရသလဲ ဆိုသောမေးခွန်းကို ဖြေကြားရာတွင် Gou က တရုတ်နိုင်ငံ၏အခြေခံမူဝါဒမှာ အခြားသောနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရဟူသည့် အချက်များ ပါဝင်ကြောင်း၊ အတွေ့အကြုံများအရ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့်အခါ ဖြစ်ပေါ်လာတတ်သည့် အကျိုးဆက်များနှင့်ပတ်သက်၍ မကြာသေးမီက တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း လုံးဝမလုပ်ပါကြောင်း၊ တရုတ်နှင့် မြန်မာတို့သည် ရှည်လျားသော နယ်နိမိတ်ထိစပ်လျက်ရှိရာ မြန်မာနိုင်ငံတွင်း တည်ငြိမ်မှုမရှိပါက တရုတ်နိုင်ငံဘက်သို့ မလွဲမသွေဂယက်ရိုက်


ဓာတ်ပုံ-ရိုက်တာ

လာမည်ဖြစ်ရာ မြန်မာနိုင်ငံ မတည်ငြိမ် မှုကို မိမိတို့ မလိုလားပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကို ရှုတ်ချပါကြောင်းကို ငါးနှစ်တစ်ကြိမ် ကျင်းပသော ပါတီ ညီလာခံတစ်ခုအပြီးတွင် သတင်းထောက်များကို ပြောကြားသည်။

ပြီးခဲ့သောလက ကျင်းပသော လုံခြုံရေးကောင်စီအစည်းအဝေးတစ်ခုတွင် ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့က ရခိုင်ပြည်နယ်၏ ဖြစ်ရပ်ကို လူမျိုးတုံးသတ်ဖြတ်မှုဟု စွပ်စွဲကာ ဖြစ်ရပ်အား အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသော်လည်း တရုတ်သံအမတ်က ထိုပြဿနာအပေါ် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်ဟု သိရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီတိုအာဏာကျင့်သုံးခွင့်ရှိသည့် ငါးနိုင်ငံတွင်ပါဝင်သော တရုတ်က ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်သောနိုင်ငံများနှင့် ရှုတ်ချသောနိုင်ငံများကို ဆန့်ကျင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ကိုင်တွယ်လုပ်ဆောင်နေမှုများမှာ လူမျိုးတုံးသတ်ဖြတ်မှုဟု ကုလသမဂ္ဂတာဝန်ရှိသူများက သတ်မှတ်ခဲ့ကြကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

စက်တင်ဘာ ၂၈ ရက်က နယူးယောက်မြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးတွင် သုံးနှုန်းခဲ့ကြသည့် လူမျိုးတုံးသတ်ဖြတ်မှုနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူဦးသောင်းထွန်းက ရခိုင်ပြည်နယ်မြောက်ပိုင်း ပြဿနာများကို လူမျိုးတုံးသတ်ဖြတ်မှုဟူ၍ ပေါ့ပေါ့တန်တန်ပြောဆိုသုံးစွဲမှု မလုပ်ကြရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အား တိုက်တွန်းခဲ့သည်ဟု သိရသည်။

(မြန်မာ့အလင်း)

# ညောင်ဦးမြို့နယ်၌ ပရဟိတလူမှုကူညီစောင့်ရှောက်ရေးအဖွဲ့များ ဦးဆောင်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်ချက်များအား ကြိုဆိုထောက်ခံပွဲကျင်းပ




**ညောင်ဦး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ ပရဟိတ လူမှုကူညီစောင့်ရှောက်ရေး အဖွဲ့များက ဦးဆောင်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ ဆောင်ရွက်ချက်များအား ကြိုဆိုထောက်ခံသည့်အနေဖြင့် လူထု ချီတက်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီက ရပ်ကွက်(၁) ယွန်းညောင်ပင်ရပ် ဆုတောင်းပြည့်ဘုရားဝင်းမှ စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုချီတက်ပွဲသို့ ညောင်ဦးမြို့ပေါ်ရှိ အသောကအသင်း၊ ပညာဒါနအသင်း၊ ကရုဏာရှင်အသင်း၊ သံလျှက်ချောင်းပညာဒါနအသင်း အစရှိသည့် ပရဟိတ လူမှုကူညီစောင့်ရှောက်ရေးအသင်းများ စုပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံပါ တီရှပ်များကို ဝတ်ဆင်ကြကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပုံပါ ပိုစတာ ဗီနိုင်းများ ကိုင်ဆောင်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ကြွေးကြော်သံများဖြင့် ချီတက်လမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါအဖွဲ့သည် ရပ်ကွက် (၁) ယွန်းညောင်ပင်ရပ်ရှိ ဆုတောင်းပြည့်ဘုရားဝင်းမှ မီးသတ်တပ်ဖွဲ့ရုံး တည်ရှိရာလမ်းမှ မဏိစည်သူဈေးသို့ ချီတက်ခဲ့ကြပြီး ဈေးအဝိုင်းပတ်ကိုပတ်၍ ရွှေပြည်နန်းလမ်းမှတစ်ဆင့် ဘုရားနီသို့ ရောက်ရှိခဲ့ကြရာ အဆိုပါ ဘုရားနီမှတစ်ဆင့် လာရာလမ်းအတိုင်း ပြန်လှည့်၍ ရပ်ကွက်(၁) ယွန်းညောင်ပင်ရပ်ရှိ ဆုတောင်းပြည့်ဘုရားဝင်းတွင် ရပ်နားကြကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ကြွေးကြော်သံများ ကြွေးကြော်ကြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းချီတက်လမ်းလျှောက်ပွဲသို့ ညောင်ဦးမြို့ပေါ်မှ ပရဟိတ လူမှုကူညီစောင့်ရှောက်ရေးအသင်း ၁၄ သင်းနှင့် ပြည်သူများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# အိန္ဒိယက လက်မခံတော့သည့် လက်ကျန်ပဲစင်းငုံများကို မုံရွာကြာဆံစက်များက အသုံးပြုပေးနေ

**မုံရွာ အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲ စသည်တို့ တင်သွင်းမှု ကန့်သတ်လိုက်ပြီး နောက်ပိုင်းတွင် ပဲစင်းငုံ အများအပြားသည် လက်ကျန် ကျန်ရှိနေသေးရာ မုံရွာမြို့ တစ်မြို့တည်းကသာ ထုတ်လုပ်တင်ပို့နေရသော ကြာဆံလုပ်ကိုင်သူများက ပဲစင်းငုံကို ဒေသတွင်းသုံးအဖြစ် ယခင်ကထက် ထက်ဝက်ပိုသုံးကာ ကြာဆံများထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း မုံရွာစက်မှုဇုန် ဥက္ကဋ္ဌလည်းဖြစ် ကြာဆံလုပ်ငန်းလုပ်ကိုင်သူ ဦးဝေတင့် ထံက သိရသည်။

"ကြာဆံစက်တွေအနေနဲ့ ပဲစင်းငုံကို တိုးပြီးသုံး ပေးကြဖို့ သက်ဆိုင်ရာက မေတ္တာရပ်ခံလာပါတယ်။ လက်ရှိ ကြာဆံစက်တိုင်းမှာ ပဲစင်းငုံသုံးနေပါတယ်။ ကြာဆံစက်တွေကမတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ ဘာပဲဖြစ်ဖြစ် သုံးလို့ရတယ်။ လက်ရှိ အိန္ဒိယကို မသွားနိုင်တဲ့ပဲတွေ ဖြုန်းပေးနေပါတယ်။ အကုန်မကုန်တောင် တစ်ဝက်တော့ ကုန်ပါတယ်။ စက်မှုဇုန်ထဲက ပဲခွဲစက်တွေ စမ်းပြီး ပဲစင်းငုံကို ခွဲနေပါပြီ။ ပဲကြော်ဖိုတွေကလည်း ပဲစင်းငုံကြော်ဖို့စမ်းနေပါတယ်"ဟု ဦးဝေတင့်က ပြောသည်။

မုံရွာ ကြာဆံစက်တွင် လုပ်ကိုင်နေသော လုပ်သားတစ်ဦးက ပဲစင်းငုံအစားထိုး ပိုမိုသုံးလာမှုကို ပြောပြရာတွင် "နဂိုက တစ်အိတ်လောက်သုံးနေရာက အခုနှစ်အိတ်သုံးနေတဲ့အတွက် ထက်ဝက်လောက် ပိုသုံးလာပါတယ်။ အရင်က ၁၀ ရာခိုင်နှုန်း သုံးတယ်ဆို၊ အခု ၂၀ ရာခိုင်နှုန်း သုံးနေပါတယ်။ ရာသီဥတုအေးတဲ့ ဆောင်းရာသီဆိုရင် ပဲစင်းငုံကို ကြာဆံသမားတွေ ပိုတိုးသုံးလို့ရပါတယ်။ သုံးဖို့လည်းရှိပါတယ်။ နည်းပညာအရ ကြာဆံထုတ်တဲ့နေရာမှာ ကုလားပဲကတော့ အဓိကပါ။ ကုလားပဲ ဈေးကျရင်တော့ ပဲစင်းငုံများများ သုံးလို့ရတာပေါ့။ ကုလားပဲဈေးမြင့်နေတဲ့အတွက် ပဲစင်းငုံကို လျှော့သုံးနေရတာပါ" ဟု ၎င်းက ပြောပြသည်။ မုံရွာကြာဆံစက်ပိုင်ရှင်တစ်ဦးက ပဲစင်းငုံနှင့် ကုလားပဲကို နှိုင်းယှဉ်ရှင်းပြရာတွင် " ပဲစင်းငုံအရည်အသွေးကတော့ ကုလားပဲမမီဘူး။ ဒါပေမယ့် အခြမ်းအနေနဲ့ အိန္ဒိယက ကုလားပဲကို မကြိုက်ဘူး။ ပဲစင်းငုံကိုပဲစားပါတယ်။ ဒါက သူ့ရဲ့ဓလေ့ထုံးစံတွေ ကွာသွားတာပေါ့။ ပဲစင်းငုံတွေကို အချိုးညီညီ သုံးတာဖြစ်တဲ့အတွက် ပဲစင်းငုံကထုတ်တဲ့ ကြာဆံတွေဟာ အရည်အသွေးထိခိုက်တာတွေ မရှိပါဘူး။ပဲစင်းငုံကို သုံးမရတဲ့အထိ ညံ့ရင်တော့မသုံးပါဘူး။ အခုဟာက ဈေးကွက်အတွက် အရည်အသွေးကောင်း ကြာဆံထွက်တဲ့အတွက် သုံးနေကြတာပါ" ဟု ရှင်းပြသည်။ စားသုံးသူများအနေဖြင့် ကြာဆံတွင် စားတော်ပဲပါသလို ကုလားပဲလည်းပါပြီး ပဲစင်းငုံလည်းပါသည့်အတွက် အရသာပြောင်းလဲမှုမရှိကြောင်း သိရသည်။ ယခင်က ပဲစင်းငုံဈေးသည် ကုလားပဲဈေးထက် မြင့်သည့်အတွက် ကြာဆံထဲတွင် ပဲစင်းငုံပါဝင်မှု မရှိခဲ့ရာမှ နောက်ပိုင်းတွင် ပဲစင်းငုံဈေးသည် ကုလားပဲဈေး အောက်ရောက်သွားခြင်းကြောင့် ပဲစင်းငုံကို ကြာဆံထုတ်ရာတွင်ထည့်သွင်း အသုံးပြုလာခြင်းဖြစ်သည်။ ပဲစင်းငုံပါသည့် ကြာဆံဈေးနှင့် ကုလားပဲနှင့်လုပ်သည့် ကြာဆံဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ် ၄၉၀၀ ဈေး အတူတူပင်ဖြစ်ကြောင်း သိရသည်။

သံတိုင်ထွန်း

# သာစည်မြို့နယ် ဇီးတောကျေးရွာ ယာယီချောင်းကူးတံတားရေတိုက်စားပျက်စီး၍ ယာယီကြိုးတံတားအား ကျေးရွာဒေသခံများစုပေါင်းဆောက်လုပ်

**မိတ္ထီလာ အောက်တိုဘာ ၂၂**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ဇီးတောကျေးရွာရှိ ယာယီချောင်းကူး သစ်သားတံတားမှာ ချောင်းရေတိုက်စား ပျက်စီးသွား၍ အောက်တိုဘာ ၂၀ ရက်က ယာယီချောင်းကူးကြိုးတံတားကို ကျေးရွာဒေသခံများ စုပေါင်းဆောက်လုပ်လျက်ရှိသည်။

" လွန်ခဲ့တဲ့ သုံးရက်လောက်ကတည်းက ဇီးတောကျေးရွာ ယာယီချောင်းကူး သစ်သားတံတား အရှည်ပေ ၁၂၀၊ အကျယ် ငါးပေခန့်ကို ချောင်းရေတိုက်စားလို့ ချောင်းရေထဲမျောပါပြီး ပျက်စီးသွားခဲ့တယ်။ ဒီချောင်းကူးတံတား မရှိရင် ကျေးရွာကနေ သာစည်မြို့နဲ့ တခြားကျေးရွာတွေဆီ ဆက်သွယ်သွားလာဖို့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ယာယီချောင်းကူး ကြိုးတံတားကို ကျေးရွာဒေသခံတွေ စုပေါင်းပြီး ဆောက်လုပ်တာပါ။ မိတ္ထီလာဘက်က မြတ်ပါရမီ သွေးလှူရှင်အသင်းက ကြိုးတံတားအတွက် လိုအပ်တဲ့ကြိုးတွေကို လှူဒါန်းခဲ့ပါတယ်။ ဒါပေမယ့် ဆက်လက် လိုအပ်နေသေးလို့ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ တိုင်ပင်ပြီး ထပ်မံဝယ်ယူဖို့စီစဉ် ဆောင်ရွက်နေပါတယ်။ ကြိုးတံတားပြီးသွားရင်



တော့ လူချည်းပဲ ဖြတ်သန်းသွားနိုင်မှာ ဖြစ်ပါတယ်။ ချောင်းရေကလည်း မိတ္ထီလာဘက်က စီးဆင်းလာတဲ့ချောင်းရေတွေ အဆက်မပြတ်မို့ ရေစီးလည်း သန်နေတယ်။ အထက်ဘက်က ထန်းပင်လုံး ကြီးတွေ မျောလာတာကိုလည်း တွေ့ရတယ်" ဟု ဇီးတောကျေးရွာဒေသခံ တစ်ဦး ဖြစ်သည့် ဦးညိုက ပြောသည်။

အဆိုပါ ပျက်စီးသွားသည့် ဇီးတောကျေးရွာ ယာယီချောင်းကူး သစ်သားတံတား မတည်ဆောက်မီက ရှိသည့် သံကူကွန်ကရစ်ချောင်းကူး တံတားမှာ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေစီးသန်မှုကြောင့် ပျက်စီးသွားခဲ့ဖူးပြီး ယခု တစ်ခါထပ်မံ၍ ယာယီချောင်းကူး တံတား ပျက်စီးသွားခြင်းကြောင့် သာစည်မြို့ပေါ်သို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဈေးရောင်းဈေးဝယ် လုပ်ငန်းများ ဆောင်ရွက်ရန် လတ်တလော အချိန်တွင် သွားလာရေးခက်ခဲနေခဲ့သည်။

ထို့ကြောင့် ယာယီဖြတ်သန်းသွားလာနိုင်ရန် ချောင်းကူးကြိုးတံတားကို ကျေးရွာဒေသခံများစုပေါင်းအားဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ သာစည်မြို့ပေါ်သို့ ဇီးတောကျေးရွာမှ သွားလာရာတွင် ဖြတ်သန်းရသည့် ကြက်မောက်ကျေးရွာနှင့် ဇီးတောကျေးရွာကြားရှိ နှစ်မိုင်ခန့်ကွာဝေးသည့် ကျေးရွာချင်းဆက်မြေသားလမ်းမှာလည်း မိုးရေ၊ မြောင်းရေများ ကျော်နေခြင်း၊ လမ်းများပေါ်တွင်ရေဝပ်၍ လမ်းများပျက်စီးနေခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိကြောင်း သိရသည်။

ချမ်းသာ ( မိတ္ထီလာ)

# ရှေးဟောင်းနယ်မြေဒေသငါးခုတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၉၀ ကျော် ရေးဆွဲဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၂**

အထက်မြန်မာပြည် ရှေးဟောင်းနယ်မြေဒေသငါးခုတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များထံတင်ပြထားပြီး လုပ်ငန်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းနယ်မြေငါးခုဖြစ်သော မန္တလေး၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်းနှင့် မင်းကွန်းတို့ရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ဆက်စပ်ရေိယာများ သန့်ရှင်းသာယာလှပစေရေးတို့အတွက် စီမံကိန်းလုပ်ငန်း ၉၀ ကျော် ရေးဆွဲတင်ပြထားရာ ယခုနှစ်အတွင်း ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"နိုင်ငံတကာ ခရီးသွားတွေအတွက် ဆွဲဆောင်မှုရှိစေဖို့နဲ့ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်စေဖို့ရည်ရွယ်ပြီး ဒီစီမံကိန်းတွေကို ပြည်ထောင်စုအဆင့်ကနေ နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေနဲ့ ညှိနှိုင်းရေးဆွဲခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခရီးစဉ်အသစ်တွေ ဖော်ထုတ်စရာမလိုလောက်အောင် ရှေးဟောင်းနယ်မြေတွေ အများကြီးရှိတယ်။ ဒါတွေကို ပြုပြင်ထိန်းသိမ်းပြီး အသုံးချဖို့ပဲလိုတယ်"ဟု အဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

"နိုင်ငံတကာမှာရှိတဲ့ ရှေးဟောင်းမြို့တော်တွေမှာ စက်ဘီးနဲ့ သွားလာလည်ပတ်လို့ရသလို ကျွန်တော်တို့ မန္တလေးမှာလည်း အခုဆို မြို့တော်စည်ပင်က သိပ္ပံလမ်းတစ်ဖက်မှာ စက်ဘီးလမ်းတွေစပြီးလုပ်နေပါပြီ။ အဲဒီလိုပဲ မန္တလေးတောင်မှာ Sunset ကြည့်တဲ့လူတွေ များတဲ့အတွက် ပုဂံလို Sunset ဧရိယာတွေ လုပ်ပေးဖို့ ညှိနှိုင်းနေပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ထို့အပြင် အဆိုပါစီမံကိန်းများတွင်ပါဝင်သည့် မန္တလေးမြို့ရှိ ရှေးဟောင်းနယ်မြေများဖြစ်သော ကုသိုလ်တော်တွင် အများသုံးသန့်စင်ခန်းများ ဆောက်လုပ်ရန် ရှေးဟောင်းသုတေသနနှင့် ညှိနှိုင်းလျက်ရှိပြီး မင်းကွန်းတွင် နိုင်ငံတကာခရီးသွားဧည့်သည်များအတွက် ဆိပ်ခံတံတားနှင့် မန္တလေးမရမ်းခြံဆိပ်ကမ်းတွင် ကမ္ဘာလှည့်ခရီးသွားဆိပ်ကမ်းတစ်ခုတည်ဆောက်ရန် စသည့်လုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



ကမ္ဘာလှည့်ခရီးသည်များ မန္တလေးတောင်ပေါ်မှ Sunset ကြည့်ရှုနေသည်ကိုတွေ့ရစဉ်

# အလယ်ကန်ချောင်း ကားကူးတံတား တည်ဆောက်ပေးရန် လိုအပ်



လက်ရှိ ဖြတ်သန်းသွားလာနေသော အလယ်ကန်ချောင်းကူးတံတားကို တွေ့ရစဉ်

**ဗန်းမောက် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အလယ်ကန်နှင့် လယ်ဦးကျေးရွာချင်းဆက်သွားလမ်းတွင် အလယ်ကန်ချောင်း ကားကူးတံတားတစ်စင်း လိုအပ်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါလမ်းသည် ကျေးရွာချင်းဆက်လမ်းကြီးဖြစ်ပြီး မံကပ်ဒေသအတွက် အရေးပါလှသော လမ်းတစ်လမ်းလည်းဖြစ်သည်။ ထိုလမ်းသည် လယ်ဦးကျေးရွာနှင့် အလယ်ကန်ကျေးရွာသွား လမ်းဆိုသော်လည်း ယင်းမြေနီလမ်းမကြီးကို အသုံးပြုသွားလာနေကြသော ကျေးရွာများမှာ အလယ်ကန်၊ လယ်ဦး၊ ပေပင်၊ ကျောက်အိုင်၊ သောင်ကြီး၊ စီးမော်၊ ချောင်းပေါက်၊ နားစင်းလုံ၊ ပိန္နဲပင်၊ ပန်းတင်၊ ညောင်ပင်သာ၊ စုန်းတော်၊ တုံးပင်၊ ကျောက်တန်းနှင့် ပေါက်နက်ကုန်းကျေးရွာစသည့် ကျေးရွာ ၁၅ ရွာမှ ဒေသခံများသည် နေ့စဉ်အသုံးပြုသွားလာနေကြသော လမ်းတစ်လမ်းဖြစ်သည်။

"ရွာချင်းဆက်လမ်းက ကားကူးတံတား လိုနေပါတယ်။ ကျွန်တော်တို့ တစ်ရွာတည်းအတွက် မဟုတ်ပါဘူး။ ဒေသတစ်ခုလုံးအတွက်ပါ။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေအတွက် အဓိကလိုအပ်နေသလို စီးပွားရေးအတွက်လည်း အရေးပါတဲ့လမ်းဖြစ်နေပါတယ်"ဟု အလယ်ကန်ကျေးရွာမှ ရပ်မိရပ်ဖ ဦးကျော်လှိုင်က ပြောသည်။

လူအများအသုံးပြုနေသော မြေနီလမ်းမကြီးသည် ယခုမိုးရာသီကာလတွင် အလယ်ကန် ချောင်းကူးတံတား မရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဖြစ်ပြီး ဗန်းမောက်မြို့၏ တောင်ဘက်ရှိ မြို့နှင့် ရှစ်မိုင် အကွာအဝေးရှိသော အလယ်ကန်ကျေးရွာတွင် ရွာချင်းဆက်တံတား တစ်စင်း လိုအပ်နေကြောင်း သိရသည်။ **သန်းမောင်လေး**

# သနပ်ခါးကို လွတ်လပ်စွာရောင်းဝယ်သယ်ဆောင်ခွင့်ပြုထားသော်လည်း ဖမ်းဆီးခံရမှုများ ရှိနေဆဲဟုဆို

**မုံရွာ အောက်တိုဘာ ၂၂**

သနပ်ခါးကို လွတ်လပ်စွာ ရောင်းဝယ်သယ်ဆောင်ခွင့်ပြုထားသော်လည်း ဖမ်းဆီးခံရမှုများ ရှိနေဆဲဖြစ်ကြောင်း အရာတော်မြို့နယ်မှ သနပ်ခါးစိုက်၍ တင်ပို့ရောင်းချသူ တစ်ဦးထံမှ သိရသည်။

"စီးပွားရေး လုပ်ငန်းရှင်တွေနဲ့ တောင်သူတွေကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်တဲ့ သနပ်ခါး၊ ဝဥနဲ့ ဇာလာတွေကို သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းတွေဖြစ်တဲ့အတွက် အခွန်ကောက်ခံတာ ကင်းလွတ်ခွင့်ပြုတဲ့အကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက စက်တင်ဘာ ၂၅ ရက်က ထုတ်ပြန်ကြေညာထားပါတယ်။ ဒါပေမယ့် အောက်တိုဘာ ၂၀ ရက်အထိ ဖမ်းဆီးမှုတွေရှိနေတုန်းပါပဲ"ဟု သနပ်ခါးစိုက်တင်ပို့သူ တစ်ဦးက ပြောသည်။

မုံရွာခရိုင် အရာတော်မြို့နယ် ရဲကျင်းကျေးရွာမှ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဝင်တစ်ဦးကို ကညွတ်ကွင်းမြို့နယ်အတွင်းတွင် ရဲတပ်ဖွဲ့နှင့် သစ်တောက ဖမ်းဆီးသည့်အတွက် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူအသင်းဥက္ကဋ္ဌ ဦးကျော်မိုးထံမှ သိရသည်။

"နိုင်ငံတော်က သနပ်ခါးကို လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုဖို့ ထုတ်ပြန်ပြီးတဲ့နောက်မှာ အရာတော်သနပ်ခါးအသင်းဝင်တွေကို တရားဝင် သနပ်ခါးတင်ပို့ရောင်းချနိုင်ဖို့ စီစဉ်နေပေမယ့် အောက်တိုဘာလ ဒုတိယပတ်ကလည်း အရာတော်သနပ်ခါး အသင်းဝင်နှစ်ဦးကို မကွေးတိုင်းဒေသကြီး မင်းလှနဲ့ နေပြည်တော်မှာ သစ်တောနဲ့ရဲက ဖမ်းလို့ ဖြေရှင်းပေးခဲ့ရပါတယ်"ဟုဦးကျော်မိုးက လက်ရှိအခြေအနေကို ပြောသည်။

လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိသည့် သနပ်ခါးကို ဖမ်းဆီးမှုများရှိနေသည့်အပေါ် မုံရွာဒေသခံတစ်ဦးက"လွတ်လပ်စွာရောင်းဝယ်လို့ရတယ်လို့ ထုတ်ပြန်ထားတာကို ဖမ်းတဲ့သူတွေအနေနဲ့ မသိသေးလို့လားဆိုတာ စဉ်းစားစရာပါ။ ဒါမှမဟုတ် သိသိကြီးနဲ့ ဖမ်းနေတာလား။ တရားမဝင်သစ်တွေ ပိုင်ရှင်မဲ့ဖမ်းမိတာတွေ လွတ်ထွက်သွားတဲ့ သစ်တွေအများကြီးထဲမှာ ခွင့်ပြုနေပါပြီ ဖမ်းစရာမလိုတော့ပါဘူးလို့ တရားဝင်ကြေညာထားတာကို မဖမ်းသင့်တော့ဘူးလို့ ယူဆပါတယ်"ဟု ပြောသည်။ **သံတိုင်ထွန်း**

# မအူပင်-ဆားမလောက်လမ်းပိုင်းရှိ ဝါးတောရွာတံတားနိမ့်ကျသွား၍ ညတွင်းချင်း ပြုပြင်နေ

**ရန်ကုန် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ဝါးတောရွာထိပ်ရှိ မအူပင်-ဆားမလောက် ကားလမ်း၏ မိုင်တိုင်အမှတ် ၁၁ မိုင်နှင့် ခြောက်ဖာလုံတွင်ရှိသော ဝါးတောရွာ တံတားမှာ အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီက တံတားအောက်ခံတိုင် နိမ့်ကျသွားသောကြောင့် ကတ္တရာလမ်း ကန့်လန့်ဖြတ်ကွဲအက်သွားရာ ဖြတ်သန်းသွားလာသော ယာဉ်များယာယီ ရပ်နားထား၍ အဆိုပါတံတားတွင် သံဘေလီတံတားအား အမြန်ဆုံး တပ်ဆင်လျက်ရှိကြောင်း သိရသည်။

"မနက် ၆ နာရီလောက်က တံတားရဲ့ကတ္တရာလမ်း ကန့်လန့်ဖြတ်ကွဲအက်ပြီး နိမ့်ကျသွားတာပါ။ ဒီလမ်းက ရန်ကုန်-မအူပင်နဲ့ မအူပင်-ဆားမလောက်သွားတဲ့ လမ်းမကြီးတစ်ခုပါ။ ယာဉ်တွေအားလုံး ရပ်တန့်ထားပြီးတော့ ညနေပိုင်းမှာ လမ်းတစ်ဝက်ကို ပြန်ခင်းပြီးတဲ့ အချိန်မှာ ယာဉ်ငယ်တွေ ဖြတ်သန်းနိုင်ခဲ့ပါတယ်။ ခရီးသွားနဲ့ ကုန်စည်ယာဉ်တွေကတော့ တစ်ဆင့်ပြောင်းပြီး သယ်ဆောင်ကြပါတယ်။ ဆောက်လုပ်ရေးနဲ့လမ်းကို တာဝန်ယူထားတဲ့ကုမ္ပဏီက ဘေလီတံတားကို တပ်ဆင်နေပါပြီ။ တံတားကိုပြုပြင်ဖို့ ပြောထားတာတော့ ကြာပါပြီ"ဟု ဝါးတောရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

ညတွင်းချင်း တပ်ဆင်နေသော သံဘေလီတံတား၏ အရှည်မှာ ပေ ၄၀ ရှိပြီး အကျယ်မှာ ၁၃ ပေရှိ၍ တပ်ဆင်ပြီးပါက တံတားအတက်၊ အဆင်းနေရာတွင် သဲ၊ ကျောက်ခင်းပြီးချိန်၌ ယာဉ်ကြီးများ ပုံမှန်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၆၄)

# ပျက်ကျသွားခဲ့သော G-4 ဂျက်လေယာဉ်မှ လေယာဉ်မှူးများ၏ သေဆုံးမှုအား အတည်ပြုနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်(လေ)မှ လေ့ကျင့်ပျံသန်းရေး G-4 ဂျက်လေယာဉ်သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပုသိမ်-ဟင်္သာတ-ဂွ-ပုသိမ်လမ်းကြောင်းအတိုင်း လေ့ကျင့်ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့သဖြင့် ယင်းနေ့နံနက်ပိုင်းမှစတင်၍ မြေပြင်တပ်များနှင့် တပ်မတော်(လေ)မှ လေယာဉ်များ၊ ရဟတ်ယာဉ်များက ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် လေယာဉ်အပိုင်းအစများအား ဂွမြို့၏ တောင်ဘက် ၁၂ မိုင်ခန့်အကွာရှိ တောင်နှစ်လုံးအကြား လျှိုမြောင်အတွင်း၌ ပြန်လည်တွေ့ရှိခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျသည့်နေရာအား ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ၎င်းနေရာအနီး၌ လေယာဉ်မှူး ဗိုလ်မှူး ကောင်းထိုက်ဝတ်ဆင်သော လက်ပတ်နာရီ D-Ziner အစိတ်အပိုင်းများ၊ လေသူရဲ ဖိနပ်တစ်ဖက်၊ တွဲဖက်လေယာဉ်မှူး ဗိုလ်ကြီး သော်ဇင်စိုးဝတ်ဆင်သော Seiko အမှတ်အသားတံဆိပ်ပါ လက်ပတ်နာရီ အစိတ်အပိုင်းများနှင့် မီးလောင်ပျက်စီးနေသည့် ခန္ဓာကိုယ် အရိုးအစိတ်အပိုင်းတချို့ **(ယာပုံ)**လေသူရဲထိုင်ခုံ တစ်ခုစီနှင့်တွဲလျက်ရှိသော လေထီး၊ တောတွင်း သက်ကယ်ကူပစ္စည်းစုံ အိတ် (Survival Kit) နှစ်စုံစီတို့အား ရှာဖွေတွေ့ရှိခဲ့ရာ ရှာဖွေရေးအဖွဲ့နှင့် ဆေးမှူးတို့၏ အတည်ပြုချက်အရ အဆိုပါ လေယာဉ်မှူးနှစ်ဦးသည် လေယာဉ်ပျက်ကျပြီးနောက် နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

လေယာဉ်ပျက်ကျသည့် အကြောင်းအရင်းအား စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဥတုရာသီ တောကိုမှီ၏

# ငြိမ်းချမ်းရေးဂီတပွဲတော် Level -2 ပွဲစဉ် (၂) မန္တလေးမြို့၌ ဆက်လက်ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)က တာဝန်ယူကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ် (၂) ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်က မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ကိုးဦးအနက် ဖုန်းဝေသွင်နှင့် ဇင်သူဇာထွန်းတို့အား Level -3 အဆင့်သို့ ရွေးချယ်ခံရကြောင်း သိရသည်။

အဆိုပါ Level -2 ပွဲစဉ်(၁) နှင့် (၂)ကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ရက် တို့တွင် မန္တလေးမြို့၌ ကျင်းပခဲ့ရာ ပွဲစဉ် (၁)တွင် ပြိုင်ပွဲဝင် ကိုးဦးအနက် Sa Paung နှင့် လင်းသစ်တို့ကို Level -3 အဆင့်သို့ ရွေးချယ်ခဲ့ကြောင်း၊ Level -2 အဆင့် ပွဲစဉ်(၃)နှင့် (၄)ကို နေပြည်တော်တွင် အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Level -2 အဆင့် ပွဲစဉ်လေးခုမှ ပွဲစဉ်တစ်ခုလျှင် နှစ်ဦးစီဖြင့် ရှစ်ဦးနှင့် ဒိုင်များ၏ မှတ်ချက်အရ နှစ်ဦး စုစုပေါင်း ၁၀ ဦးကို Level-3 အဆင့်သို့ တက်လှမ်းနိုင်ရန် ဆန်ခါတင်ရွေးချယ်သွားမည်ဖြစ်ပြီး အဆိုပါ ၁၀ ဦးအနက်မှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယတို့ကို ရွေးချယ်၍ ပထမဆု ငွေကျပ် သိန်း ၃၀၀ ၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၀၊ တတိယဆု ငွေကျပ် သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ ဖြင့် ခုနစ်ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော် အဆိုတော်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်သည်။




Level -3 အဆင့်သို့ ရွေးချယ်ခံရသည့် ဖုန်းဝေသွင်နှင့် ဇင်သူဇာထွန်း

ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုများနှင့် စေတနာရှင် အလှူရှင်များသည် ပွဲတော်ကျင်းပရာ မြို့များတွင် ပရဟိတလုပ်ငန်းများ၊ တိုက်ပွဲရှောင် (ယာယီ)စခန်းများ၊ IDP စခန်းများသို့လည်း သွားရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပသည့် နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ည ၈ နာရီသတင်းအပြီးတွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvweb-mediaportal နှင့် Peace Music Festival Facebook စာမျက်နှာ၊ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ လှိုင်နံ့သာကျောင်း ပဓာနနာယကဆရာတော် တိုင်းဩဝါဒါစရိယအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုစိတ္တ ပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ လှိုင်နံ့သာကျောင်း ပဓာနနာယကဆရာတော်၊ တိုင်းဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုစိတ္တ( သက်တော် ၈၆ နှစ်၊ သိက္ခာတော် -၆၆ ဝါ) သည် အောက်တိုဘာ ၂၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် လှိုင်နံ့သာကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အဂ္ဂိစျာပနကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ အန္တိမစျာပနကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီတွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ကျောင်းအခြေပြု အကြီးတန်း / သက်ငယ်တန်း မီနီမာရသွန်ပြိုင်ပွဲ တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၂**

၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် Pocari Sweat တို့ပူးပေါင်းကျင်းပသည့် ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် Pocari Sweat Mini Marathon Taunggyi အကြီးတန်း၊ သက်ငယ်တန်း မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက ပြည်နယ်အားကစားလေ့ကျင့်ရေးရုံရှေ့၌ ကျင်းပခဲ့သည်။

ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် အမျိုးသား၊ အမျိုးသမီး (အကြီးတန်း/ အငယ်တန်း) မီနီမာရသွန်အားကစားပြိုင်ပွဲကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် Pocari Sweat ရေနှင့် ဓာတ်ဆားဖြည့်အချိုရည်ကုမ္ပဏီမှ တာဝန်ရှိသူတို့က မီနီမာရသွန် အားကစားအပြေးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ အကြီးတန်း အမျိုးသားမီနီမာရသွန်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယရရှိသော အားကစားသမားများကို ပြည်နယ်လူမှုရေးဝန်ကြီး ကလည်းကောင်း၊ သက်ငယ်တန်းအမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းသား ကျောင်းသူများကို ရေနှင့်ဓာတ်ဆားဖြည့်အချိုရည်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ သက်ကြီးတန်း အမျိုးသားနှင့် သက်ငယ်တန်း အမျိုးသမီးငယ် မီနီမာရသွန်ပြိုင်ပွဲတွင် အထူးဆုရရှိသော အားကစားသမားများကို ပြည်နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးခွန်ဆန်းမြင့်က လည်းကောင်း ဆုများချီးမြှင့်ပေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## MFF U-13 Boys' States & Regions Tournament စတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် MFF U-13 Boys' States & Regions Tournament ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ပညာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(ပညာ)ဒေါ်မြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ နည်းပြ၊ အုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(ပညာ) ဒေါ်မြင့်မြင့်ခိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။ **(အောက်ပုံ)**

ထို့နောက် အဖွင့်ပွဲစဉ်များအဖြစ် နေပြည်တော်အသင်းနှင့် မန္တလေးအသင်း၊ ပဲခူးအသင်းနှင့် ချင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နေပြည်တော်အသင်းက မန္တလေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးအသင်းက ချင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ၁၇ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က)တွင် ကယား၊ နေပြည်တော်၊ ပဲခူး၊ ချင်း၊ မန္တလေး၊ အုပ်စု(ခ)တွင် ရခိုင်၊ ဧရာဝတီ၊ ရှမ်း (တောင်)၊ ရှမ်း(အရှေ့)၊ အုပ်စု (ဂ)တွင် ကချင်၊ မွန်၊ တနင်္သာရီ၊ ရန်ကုန်၊ အုပ်စု (ဃ) တွင် စစ်ကိုင်း၊ ရှမ်း(မြောက်)၊ မကွေး၊ ကရင်အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ၊ ကွာတားဖိုင်နယ်ကို အောက်တိုဘာ ၃၁ ရက်၊ ဆီမီးဖိုင်နယ်ကို နိုဝင်ဘာ ၂ ရက်၊ ဗိုလ်လုပွဲကို နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ- MFF**



## ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၂၂**

ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲပြိုင်ပွဲများအပြီး ကီလိုတန်းအလိုက် အမျိုးသား၊ အမျိုးသမီး အသက် ၁၄ နှစ်အောက်၊ ၁၈ နှစ်အောက်၊ ၁၈ နှစ်အထက် အတိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အမျိုးသား+အမျိုးသမီး ၁၄ နှစ်အောက်၊ ၁၈ နှစ်အောက်၊ ၁၈ နှစ်အထက် ကကွက်၊ ပထမ၊ ဒုတိယ၊ တတိယ၊ အကောင်းဆုံးအားကစားသမားဆု အသက် ၁၄ နှစ်အောက် ရရှိကြသူများ၊ အသင်းလိုက် အသက် ၁၄ နှစ်အောက်၊ အသက် ၁၈ နှစ်အောက်၊ အသက် ၁၈ နှစ်အထက် ပထမ၊ ဒုတိယ၊ တတိယတံခွန်စိုက်ဆု ရရှိကြသူများအား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ တာဝန်ရှိသူများ၊ ခေတ္တသံအမတ်ကြီး H.E.Mr. Kimjung Han တို့က ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အား/ကာ သိပ္ပံကျောင်း (ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်) ကာကွယ်ရေးအသင်းနှင့် ကလပ်အသင်းများမှ အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်း-အေကေလင်း၊**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အာဆင်နယ်နှင့် စပါးတို့ ပြိုင်ဘက်များကို ဂိုးပြတ်အနိုင်ယူ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၉) တနင်္ဂနွေနေ့ည ပွဲစဉ်အဖြစ် အဲဗာတန်နှင့် အာဆင်နယ်တို့ ဂွတ်ဒီဆန်ပက်ခ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်း အဝေးကွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

ယင်းပွဲတွင် အိမ်ရှင် အဲဗာတန်သည် ၃-၅-၂ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ရွန်းနီနှင့် ဒိုမီနစ်တို့ အတွဲထားခဲ့ပြီး အာဆင်နယ်သည် ၃-၄-၂-၁ ကစားကွက်ဖြင့် လာကာဇက်တီကို အထောင်တိုက်စစ်ထားကာ ပွဲထွက်လာသည်။ ပွဲချိန် ၁၂ မိနစ်တွင် ရွန်းနီက အဲဗာတန်အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး မိနစ်၄၀တွင် နောက်တန်းကစားသမား နာချိုမွန်ရယ်က အာဆင်နယ်အတွက် ချေပဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အိုဇေးလ်က အာဆင်နယ်အတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့ပြီး ပွဲချိန် ၆၈ မိနစ်တွင် အဲဗာတန်ကွင်းလယ်ကစားသမား ဂါနာဂူအိုင်း နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရကာ အာဆင်နယ်တို့ တစ်ယောက်အသာဖြင့် ဖိအားပေး တိုက်စစ်မြှင့်လာသည်။ ၇၄ မိနစ်တွင် တိုက်စစ်မှူး လာကာဇက်တီက အာဆင်နယ်အတွက် တတိယမြောက်ဂိုး သွင်းယူခဲ့ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် လူစားဝင်လာသော အူမာနေးစ်စီက အဲဗာတန်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် အာဆင်နယ်အတွက် စတုတ္ထမြောက်ဂိုးကို ရမ်ဆေးက သွင်းယူခဲ့ပြီး ပဉ္စမမြောက်ဂိုးကို ဆန်ချက်စ်က သွင်းယူခဲ့၍ အာဆင်နယ်အသင်း အဝေးကွင်း၌ ငါးဂိုး-နှစ်ဂိုး ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၉)အပြီးတွင် အဲဗာတန်သည် ရမှတ် ၈မှတ်ဖြင့် အဆင့်(၁၈)တန်းဆင်းဇုန်ထဲမှ ရုန်းမထွက်နိုင်သေးဘဲ အာဆင်နယ်သည် ရမှတ် ၁၆မှတ်ဖြင့် ချယ်လ်ဆီးနှင့် ရမှတ်တူကာ အဆင့်(၅)တွင် ရပ်တည်နေပြီး ဇယားထိပ်၌ရပ်တည်နေသည့် မန်စီးတီးက ငါးမှတ်ဖြတ်ထားသည်။

စပါးနှင့် လီဗာပူးတို့ပွဲတွင် စပါးက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သီဟ**

# ဘုရားဖူးခရီးသည်တင်ယာဉ်တိမ်းမှောက်၊ နှစ်ဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

**ပန်းတောင်း အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာအနီး ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးပေါ်တွင် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ဘုရားဖူးခရီးသည်တင်ယာဉ် တစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာအုပ်စု ပဲကြီးကျေးရွာအနီး ပုသိမ်-မုံရွာ အဝေးပြေး လမ်းမကြီး မိုင်တိုင်အမှတ် (၁၄၉/၅ နှင့် ၁၄၉/၆) ကြားတွင် မုံရွာမှ ပုသိမ်ဘက်သို့ ယာဉ်မောင်း ဇော်မင်း(၅၁နှစ်) သာကေတမြို့နယ်နေသူ မောင်းနှင်သော BGO 9M/---- ဘုရားဖူးခရီးသည်တင်ယာဉ်သည် လမ်းဖြတ်ကူးနေသော ဘဲငန်းများကို ရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ **(ယာပုံ)**

တိမ်းမှောက်ယာဉ်ပေါ်ပါ ခရီးသည် စုစုပေါင်း ၂၈ ဦးအနက် မစန်းစန်းအေး(၄၃နှစ်) မြောက်ဒဂုံနေသူနှင့် ဒေါ်အေးအေးမြင့်(၆၈နှစ်) (၁၂) ရပ်ကွက် သာကေတနေသူတို့မှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ကျန်ခရီးသည် အမျိုးသားသုံးဦး၊ အမျိုးသမီး ၁၇ ဦးတို့မှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် ထုံးဘိုကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ နာရေးကူညီမှုယာဉ်များဖြင့် ပို့ဆောင်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထုံးဘိုနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



# ဘိန်းဖြူ၊ ဘိန်းစာမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက်က ကော့သောင်းမြို့နယ် မကြံဂုလက်ကျေးရွာနေ မခိုင်ဝါဝါဖြူ (ခ) မဝါ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းစာမှုန့် ၁၉ ဒသမ ၈၉ ကီလိုကို သိမ်းဆည်းရမိသည်။ ကွင်းဆက်အရ တစ်ရွာတည်းနေ ဇင်မင်းထိုက် (ခ) သားကြီးထံမှ ဝယ်ယူခဲ့ကြောင်း သိရပြီး ၎င်း၏စက်လှေသည် အောင်မြန်မာကျေးရွာရှိ ကမ်းခြေတွင်ရပ်ထားကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေရာ ဇင်မင်းထိုက် (ခ) သားကြီးသည် ရေထဲသို့ ခုန်ချထွက်ပြေး လွတ်မြောက်သွားပြီး လှေပေါ်ရှိ ဆာလာအိတ်အတွင်းမှ ဘိန်းစာမှုန့် ၁၉ ဒသမ ၆၂ ကီလိုကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာ ပြင်ဦးလွင်-မန္တလေးကားလမ်း၊ ရွှေလာဘ်ကောင်း စားသောက်ဆိုင်အနီးတွင် ရဲဝင်းကိုနှင့် ရန်ပိုင်ဝင်း(ခ) ရဲမင်းတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့အတူ မူးယစ်တပ်ဖွဲ့စု (၄၀) ရန်ကုန်မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ် (၃) ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မင်းရဲကျော်စွာ လမ်းထောင့်တွင် မမွန်မွန်လှိုင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ပြား နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြတ်မင်းစိုး၏ တိုက်ခန်းကိုရှာဖွေရာ ထွန်းထွန်းဝင်းအားတွေ့ရှိကာ အိပ်ခန်းအတွင်းမှ ဘိန်းဖြူဘလောက်တုံး တစ်တုံး၊ (ဘိန်းဖြူအလေးချိန် ၃၅၀ ဂရမ်)နှင့် ငွေကျပ် သုံးသိန်းတို့ကိုလည်းကောင်း။

ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ညောင်ပေါက်ကျေးရွာနှင့် တိုးနီကျေးရွာသွားလမ်းဘေးရှိ သရက်ခြံတွင် မောင်လိပ်(ခ) မောင်ငယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၈ ပြားနှင့် ငွေကျပ် ၂၆၀၀၀ ကိုလည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ဟိုပေါ့ကျေးရွာ နတ်စင်ရှေ့လမ်းတွင် အိုက်လျှန်မောင်းနှင်ပြီး လီကျန်းဟွာ (တရုတ်နိုင်ငံသား) လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၉ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြင်းမူမြို့နယ်၌ တစ်ရက်တည်း လူသုံးဦး ရေနစ်သေဆုံး

**မြင်းမူ အောက်တိုဘာ ၂၂**

မြင်းမူမြို့နယ် ဘိုးမင်းကြီးကင်း ကျေးရွာတွင် အောက်တိုဘာ ၂၁ ရက်က လူသုံးဦး ရေနစ်သေဆုံးကြောင်း သတင်းအရ မြင်းမူမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ကျော်မျိုးသူနှင့် အဖွဲ့သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဘိုးမင်းကြီးကင်းကျေးရွာ၏ တောင်ဘက် ဦးဇော်ညို၏ ယာခင်းအတွင်းရှိ စိုက်ပျိုးရေးသုံး အကျယ် ပေ ၅၀ ခန့် အနက် ၁၂ ပေခန့်ရှိ ရေကန်အတွင်း ယင်းကျေးရွာနေ မောင်သန့်သန့်ဇင် (၉ နှစ်) မှာ ရေကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်နေစဉ် တစ်ရွာတည်းနေ မစုစုထွေး(၁၅နှစ်) က ဆင်းဆယ်ရာ နှစ်ဦးစလုံး ရေနစ်သေဆုံးကြောင်း စစ်ဆေးသိရှိရသဖြင့် အလောင်းအား မြင်းမူဆေးရုံသို့ ပို့ဆောင်စစ်ဆေးနေကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခန့်က မြင်းမူမြို့နယ် ပဲကူကျေးရွာ၏ မြောက်ဘက်ရှိ အကျယ် ၅၈ ကေခန့် အနက် ၁၂ ပေခန့်ရှိ ကျေးရွာသောက်သုံးရေကန်အတွင်း ယင်းကျေးရွာနေ အောင်မျိုးကွန် (ခ)ဖိုးကွန် (၃၂နှစ်) မှာ အရက်သောက်စားမူးယစ်ပြီး ရေကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးကြောင်း စစ်ဆေးသိရှိရသဖြင့် အလောင်းအား မြင်းမူဆေးရုံသို့ ပို့ဆောင်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။ (၀၇၇)

# ရေပူစစ်ဆေးရေးဂိတ်၌ အမဲသားခြောက်နှင့် မုန့်မျိုးစုံဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၂**



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်နှင့် တရုတ်နိုင်ငံလုပ်မုန့်မျိုးစုံ

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၅ စီး၊ သွင်းကုန် ၃၉၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၂၁ ဒသမ ၇၅၀ ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၁ ရက်တွင် GI Express ယာဉ်နှင့် Canter ခြောက်ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်အိတ် ၇၀ (2600 kg) နှင့် တရုတ်နိုင်ငံလုပ်မုန့်မျိုးစုံဖာ ၄၅၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၂၁ ဒသမ ၇၅၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အထူးအမြန်ရထားကြိတ်မိ၍ လူတစ်ဦးသေဆုံး

**မကွေး အောက်တိုဘာ ၂၂**

တောင်တွင်းကြီးမြို့နယ် တောစိမ်းကျေးရွာအနီးတွင် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ရထားကြိတ်မိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း ဆတ်သွားနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် နံနက် ၆ နာရီက တောစိမ်းကျေးရွာအနီး လူတစ်ဦး ရထားကြိတ်သေဆုံးနေကြောင်း ဆတ်သွားဘူတာမှ ဒုရုံပိုင် ဦးယုထွေးမောင်၏ ဖုန်းဆက်အကြောင်းကြားချက်အရ ဆတ်သွားနယ်မြေရဲစခန်းမှူး ဒုရဲအုပ် ငြိမ်းပြည့်စုံ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ တောင်တွင်းကြီး-ဆတ်သွား-ပြည်ရထားလမ်း မိုင်တိုင်အမှတ် (၂၈၃/၁ နှင့် ၂၈၃/၂) ကြားတွင် ဖိုးဇော်(၃၈နှစ်) ဆတ်သွားကျေးရွာ တောင်တွင်းကြီးမြို့နယ်နေသူအား ဒဏ်ရာများဖြင့် ရထားသံလမ်းအလယ်တွင် သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး ၎င်းမှာ အောက်တိုဘာ ၂၁ ရက် နံနက် ၂ နာရီခွဲခန့်က အမှတ်(၆၂) အစုန် ပုဂံ- ရန်ကုန်အထူးအမြန်ရထားဖြင့်ကြိတ်မိ၍ သေဆုံးခြင်းဖြစ်ကြောင်း ဒုရုံပိုင်ထံမှ သိရသည်။

၎င်းအမျိုးသားသေဆုံးမှုနှင့် ပတ်သက်၍ ဆတ်သွားနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ရန်ကုန်-ပြည်ကားလမ်းနံဘေး မိုင်တိုင်အမှတ် (၈၂/၆ နှင့်၈၂/၇ ) ကြား လက်ပစ်ဗုံးနှင့် ကျည်ဆန်များတွေ့ရှိ

**သာယာဝတီ အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကွဲသတ်အုပ်စု သင်တောရိုးကျေးရွာ ရန်ကုန်-ပြည်ကားလမ်းနံဘေး မိုင်တိုင်အမှတ် (၈၂/၆ နှင့် ၈၂/၇ ) ကြား ချုံပုတ်ကြား၌ လက်ပစ်ဗုံးနှင့် ကျည်ဆန်များကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တွေ့ရှိခဲ့သည်။

အဆိုပါနေရာသို့ ပလတ်စတစ်ကောက်ရန်သွားသော မသန္တာချိုက ကျည်ဆန်အတောင့် ၁၆၀ ကျော်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်ပစ်ဗုံးစနက်တံတစ်ခု၊ ပစ္စတိုအိတ်တစ်ခုနှင့် ကျည်ကတ်သုံးကတ်တို့ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့တွေ့ရှိသဖြင့် ၎င်းနေထိုင်သော သုံးဆယ်မြို့ အနောက်ရိုးကြီး ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်မှ တစ်ဆင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးနိုင်၊ နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးပြီး ကျည်ဆန်အတောင့် ၁၆၀ကျော်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်ပစ်ဗုံးစနက်တံ တစ်ခု၊ ပစ္စတိုကျည်အိတ်တစ်ခုနှင့် ကျည်ကတ်သုံးကတ်တို့ကို သိမ်းဆည်းပြီး နယ်မြေခံတပ်မတော်သို့ လွှဲပြောင်းအပ်နှံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက် )**



# ယုဇနဥယျာဉ်မြို့တော်၌ ဘိန်းဖြူနှင့်ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက်၌ ဘိန်းဖြူနှင့် ဆက်စပ်ငွေကြေး၊ စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိသည်။

လှိုင်သာယာမြို့နယ် (၃) ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မင်းရဲကျော်စွာ လမ်းထောင့်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ပြားနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသူ၏ ထွက်ဆိုချက်အရ စိတ်ကြွရူးသွပ်ဆေးပြားကို ယုဇနဥယျာဉ်မြို့တော်အိမ်ရာနေ မြတ်မင်းစိုး (၃၆ နှစ်) ထံမှ ဝယ်ယူခဲ့ကြောင်း ထွက်ဆိုသဖြင့် အောက်တိုဘာ ၂၀ ရက် ည ၉ နာရီခွဲခန့်က ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့မှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ၉၄ ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် စီ-၂ လမ်း တိုက်-၃၈ အခန်း-၃၀၁ နေအိမ်တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ မြတ်မင်းစိုးမှာ နေအိမ်တွင်မရှိဘဲ ထွန်းထွန်းဝင်း တစ်ဦးသာ တွေ့ရှိပြီး အိပ်ခန်းအတွင်းမှ အလေးချိန် ၃၅၀ ဂရမ်ခန့်ရှိ ဘိန်းဖြူ ဘလောက်တုံးတစ်တုံး (ကာလ တန်ဖိုးငွေကျပ်သိန်းပေါင်း ၃၅၀ ခန့်) ဆက်စပ်ငွေကြေး၊ စာရွက်စာတမ်းများနှင့်အတူ သိမ်းဆည်းရမိကာ ထွန်းထွန်းဝင်းနှင့် မြတ်မင်းစိုးတို့ နှစ်ဦးကို မြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

# ရှင်ဇိုအာဘေး ဂျပန်သမိုင်း၌ သက်တမ်းအကြာဆုံး ဝန်ကြီးချုပ်ဖြစ်လာမည့် အလားအလာရှိ

**တိုကျို အောက်တိုဘာ ၂၂**

ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ငါးနှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သော ရှင်ဇိုအာဘေးအပေါ် ဂျပန်ဆန္ဒမဲပေးသူများက ရွေးကောက်ပွဲ၌ ဆုံးဖြတ်ချက်များပေးခဲ့ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်သည် ရှင်ဇိုအာဘေးအတွက် ရှေ့ဆက်သွားရန် အခွင့်အရေး ရှိ၊ မရှိ အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၂ ရက်က ဖော်ပြခဲ့သည်။

မီဒီယာခန့်မှန်းချက်များက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လျှပ်တစ်ပြက် ထောက်ခံမဲပေးခြင်းအပေါ် သေချာတိကျမသိဘဲ အရဲစွန့်လုပ်ဆောင်ခြင်းသည် အောင်မြင်နိုင်ချေရှိကြောင်း ပြောခဲ့သည်။

၂၀၁၂ ဒီဇင်ဘာလတွင် ဝန်ကြီးချုပ်ရာထူးလက်ခံရယူခဲ့သော အာဘေးအတွက် ကာကွယ်ရေးကိုထောက်ခံအားပေးရန်နှင့် စီးပွားရေးပြန်လည်ဖွံ့ဖြိုးလာရန် ကတိပေးခဲ့မှုများကြောင့် လျှပ်တစ်ပြက်ထောက်ခံမဲပေးခြင်းတွင် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ပြီး လာမည့် တတိယသက်တမ်းအတွက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်အဖြစ် ဆက်လက်အနိုင်ရချေရှိကာ ဂျပန်သမိုင်းတွင် သက်တမ်းအကြာဆုံး တာဝန်ထမ်းဆောင်မည့် ဝန်ကြီးချုပ်တစ်ပါးဖြစ်လာနိုင်သည့် အလားအလာရှိကြောင်း သိရသည်။

ယခုကဲ့သို့ အလားအလာကောင်းများက အာဘေး စီးပွားရေးဆိုင်ရာ မဟာဗျူဟာ ကြီးထွားရေးကိုလည်း ထိန်းသိမ်းရင်း တစ်ဖက်ကလည်း စစ်ရေးဆိုင်ရာ အဆင့်အတန်းကို ဖွင့်ဆိုရှင်းလင်းခြင်းအားဖြင့် စစ်ပွဲကျောခိုင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန် အာဘေး၏ ရှေ့တိုးလုပ်ဆောင်ချက်များကို အားသစ်တစ်ဖန် ပြန်လည်ဖြစ်ပေါ်လာစေလိမ့်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉ အရ တပ်မတော်ကို ပြန်လည်ပြုပြင်ရန်တားမြစ်ထားသည်။ သို့သော်လည်း ဂျပန်အစိုးရက သွယ်ဝိုက်သောအားဖြင့် ခွင့်ပြုချက်ရရှိရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အတွက်ဟု ဆိုကာ ပါးပါးနပ်နပ် လုပ်ဆောင်ခဲ့သည်။

အာဘေး၏ အဆိုပြုချက်ကို ထောက်ခံသူများက ထိုသို့လုပ်ဆောင်ခြင်းသည် ဥပဒေများကို စနစ်တကျစီစဉ်နိုင်ကြောင်း ပြောခဲ့သော်လည်း ဝေဖန်သူများက စစ်ရေးအတွက် နိုင်ငံရပ်ခြား အခန်းကဏ္ဍကို ပိုမိုတိုးချဲ့လုပ်ဆောင်မည်ကို စိုးရိမ်နေကြောင်း သိရသည်။

**(ရိုက်တာ)**



# အေပက်အစည်းအဝေး၌ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစီးပွားရေးများ ဆွေးနွေး

**ဟန်နွိုင်း အောက်တိုဘာ ၂၂**

ယမန်နေ့က ဗီယက်နမ်၌ ကျင်းပခဲ့သော (၂၄) ကြိမ်မြောက် အေပက်အစည်းအဝေးတွင် အေပက်အဖွဲ့ဝင်ဝန်ကြီးများက မူဝါဒရေးရာများ၊ ငွေကြေးထိန်းချုပ်ရေးစနစ်များ၊ ဘဏ္ဍာငွေပိုင်းဆိုင်ရာနှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း စသည့်အချက်များကို အခြေခံပေါင်းစပ်ပြီး ပိုမိုအင်အားတောင့်တင်းကာ ဟန်ချက်ညီသော အစဉ်အမြဲဖွံ့ဖြိုးနေသည့် အသိုက်အဝန်းတစ်ခုကို ဖော်ဆောင်ရန် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်အလယ်ပိုင်း ဟွိုင်အန်မြို့၌ ကျင်းပခဲ့သော ၂၀၁၇ ခုနှစ် အေပက်ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးတွင် ဗီယက်နမ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ဝန်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။




အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစီးပွားရေးများကို ဆွေးနွေးခဲ့ကြောင်း၊ စီဗူးအကောင်အထည်ဖော်မှုအစီအစဉ်၊ အခြေခံအဆောက်အအုံကဏ္ဍတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ဘဏ္ဍာငွေနှင့် အာမခံလုပ်ငန်းဆိုင်ရာ စွန့်စားမှုအန္တရာယ်များနှင့် ငွေရေးကြေးရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများသည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခြေအနေကို ထိန်းညှိပေးခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများကို အစွန့်ရှည်ကြာအောင် ဆောင်ကြဉ်းပေးနိုင်ကြောင်း ပူးတွဲသတင်းထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်။

ငွေကြေးဆိုင်ရာ မူဝါဒများသည် ဗဟိုဘဏ်များ၏ လုပ်ပိုင်ခွင့်အာဏာများဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးကို ထောက်ခံပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အကြမ်းဖက်ဖျက်ဆီးမည့်အစီအစဉ်ပေါင်း ၃၅၂ ခုကို မော်ရိုကိုလုံခြုံရေးတပ်ဖွဲ့များက တိုက်ဖျက်နိုင်ခဲ့

**ရာဘတ် အောက်တိုဘာ ၂၂**

၂၀၀၂ ခုနှစ်ကတည်းက တိုင်းပြည်၏လုံခြုံရေးကို ဦးတည်ချက်ထားသည့် အကြမ်းဖက်ဖျက်ဆီးမည့်အစီအစဉ်ပေါင်း ၃၅၂ ခုကို မော်ရိုကိုလုံခြုံရေးတပ်ဖွဲ့များက တိုက်ဖျက်နိုင်ခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဆီးရီးယားနှင့် အီရတ်ရှိ အကြမ်းဖက်အဖွဲ့များနှင့် ဆက်နွယ်သည့် အကြမ်းဖက်ကလာပ်စည်း (အဖွဲ့) ၆၀ အပါအဝင် စုစုပေါင်း ၁၇၄ ခုကို ဖြိုဖျက်ခဲ့ပြီးနောက် ယခုကဲ့သို့ အကြမ်းဖက်ဖျက်ဆီးမည့် အစီအစဉ်ပေါင်း ၃၅၂ ခုကို တိုက်ဖျက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တရားစီရင်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုဗဟိုဌာန ညွှန်ကြားရေးမှူး အဘ်ဒယ်ဟက်ခ်အယ်လ်ခါရမ်၏ပြောကြားချက်ကို ကိုးကား၍ နေ့စဉ်သတင်းစာ လီမာတင်သတင်း၌ ဖော်ပြခဲ့သည်။

အီရတ်နှင့် ဆီးရီးယားတို့တွင် ပဋိပက္ခများဖြစ်ပွားခဲ့သည့် အချိန်ကတည်းက တိုက်ခိုက်ရေးသမား ၉၂၉ ဦး အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်ခဲ့မှုအပါအဝင် မော်ရိုကိုနိုင်ငံသား ၁၆၆၀ တို့သည် အရှေ့အလယ်ပိုင်းရှိ အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းခဲ့ကြောင်း အဆိုပါသတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြထားသည်။ တိုက်ခိုက်မှုများအတွင်း တိုက်ခိုက်ရေးသမား ၅၉၆ ဦးသေဆုံးခဲ့ပြီး အခြား ၂၁၀ ဦးမှာ မြောက်အာဖရိကနိုင်ငံသို့ ပြန်သွားခဲ့ကြောင်း အဆိုပါသတင်းရင်းမြစ်၌ ဖော်ပြထားသည်။ **(ဆင်ဟွာ)**

# တရုတ်ကွန်မြူနစ်ပါတီသည် မြောက်ကိုရီးယား အာဏာရပါတီနှင့် ဆွေးနွေးမှုပြုလုပ်မည်

**ပေကျင်း အောက်တိုဘာ ၂၂**

တရုတ်ကွန်မြူနစ်ပါတီသည် မြောက်ကိုရီးယားအာဏာရပါတီနှင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီမှ တာဝန်ရှိသူတစ်ဦးက မကြာသေးမီတွင် ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီနှင့် မြောက်ကိုရီးယားအလုပ်သမားပါတီကြား အပြန်အလှန်ဖလှယ်မှုသည် နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဌာနမှ ဂိုရီကျိူ့က ပြောခဲ့သည်။

ထို့အပြင် တရုတ်နှင့် မြောက်ကိုရီးယားကြား ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှု၊ ကာကွယ်ရေး၊ တိုးတက်ရေးနှင့် ခိုင်မာရေးသည် နှစ်နိုင်ငံ အကျိုးစီးပွားများအတွက်သာမက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက်လည်း အရေးကြီးကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# အမေရိကန်သမ္မတဟောင်းငါးဦး ဟာရီကိန်းဒုက္ခသည် ရန်ပုံငွေပွဲသို့တက်ရောက်

**ဝါရှင်တန် အောက်တိုဘာ ၂၂**

ယမန်နေ့ညက ဟာရီကိန်း ဒုက္ခသည်များအတွက် ရန်ပုံငွေပွဲတစ်ခုတွင် သက်ရှိထင်ရှားအမေရိကန်သမ္မတ ငါးဦးလုံးတက်ရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

တက္ကဆက်ပြည်နယ် ဟူစတန်နှင့် ၁၄၀ ကီလိုမီတာခန့်ကွာဝေးသော တက္ကသိုလ်တစ်ခု၌ ပြုလုပ်သည့် ဟာရီကိန်းဒုက္ခသည်များအတွက် ရန်ပုံငွေပွဲတစ်ခုတွင် ယခင်အမေရိကန်သမ္မတဟောင်းများဖြစ်ကြသည့် ဂျင်မီကာတာ၊ ဂျော့ဂျ် အိတ်ချ် ဒဗလျူဘုရှ်၊ ဘီလ်ကလင်တန်၊ ဂျော့ဂျ် ဒဗလျူဘုရှ်နှင့် ဘားရက်အိုဘားမားတို့ကို အတူတကွတွေ့ခဲ့ရကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြထားသည်။

လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ရန်ပုံငွေပွဲသို့ မတက်ရောက်နိုင်သော်လည်း ယခင်အမေရိကန်သမ္မတများကို ယခုကဲ့သို့ နိုင်ငံအနှံ့အပြားရှိ မုန်တိုင်းဒဏ်ခံဒုက္ခသည်များကို အကူအညီပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# တရုတ်နိုင်ငံ၏စီးပွားရေးသည် ခန့်မှန်းထားသည်ထက် ကျော်လွန်သွားနိုင်ကြောင်း စီးပွားရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်

**ပေကျင်း အောက်တိုဘာ ၂၂**

တရုတ်နိုင်ငံ၏စီးပွားရေးအနေအထားသည် ခန့်မှန်းထားသည်ထက် ကျော်လွန်သွားနိုင်ကြောင်း၊ စီးပွားရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏စီးပွားရေးသည် ၂၀၁၇ခုနှစ်အတွက် အစိုးရ၏နှစ်စဉ် စီးပွားရေးတိုးတက်မှုမျှော်မှန်းချက်ဖြစ်သည့် ၆ ဒသမ ၅ ရာခိုင်နှုန်းကို ပြည့်မီကျော်လွန်နိုင်ကြောင်း အဆိုပါ စီးပွားရေးကျွမ်းကျင်သူက ပြောခဲ့သည်။

ထို့အပြင် စီးပွားရေးတွင် ပိုမိုကောင်းမွန်သောရလဒ်များလည်း ရရှိနိုင်ခြေရှိကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်အကြီးအကဲ ဟဲလိဖန်က (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ကွန်ဂရက်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ဂျီဒီပီသည် ၂၀၁၇ ခုနှစ်တွင် တရုတ်ယွမ် ၈၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ ထရီလီယံခန့်) ထက်ကျော်လွန်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံ၏စီးပွားရေးသည် ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းပုံကောင်းမွန်စွာဖြင့် ခိုင်မာသည့်လမ်းကြောင်းတစ်ခုပေါ်တွင် တည်ငြိမ်စွာတိုးတက်ဖြစ်ပေါ်နိုင်ပြီး ရလဒ်ကောင်းများဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**



## နိုင်ငံတကာ သတင်းတိုထွာ

### စစ်ကျန်ဗုံးကြောင့် ကမ္ဘောဒီးယားနိုင်ငံသား ၃၂ဦး ဆေးရုံတင်ခဲ့ရ

**ဖနောင်ပင် အောက်တိုဘာ ၂၂**

အမေရိကန်မျက်ရည်ယိုဗုံးတွေ့ရှိခဲ့သော နေရာတွင် နေထိုင်ခဲ့သော ကမ္ဘောဒီးယား ရွာသား ၃၂ ဦး လွန်ခဲ့သော ရက်သတ္တပတ်က ဆေးရုံတင်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ရွာသားများသည် မျက်ရည်ယိုဗုံးမှ ထွက်လာသော မကောင်းသော အနံ့အသက်ကို ထိတွေ့ ရှူရှိုက်မိသောကြောင့် ထိုသို့ ဆေးရုံတင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ဗုံးမှ ထွက်လာသော ဓာတုဓာတ်ကြွင်းများကို ထိတွေ့မိသည့်အတွက် အဆိုပါ ရွာသားများ နေမကောင်းဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အများစုမှာ အရေပြားခါတ်မတည့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဆဗေးရင်းပြည်နယ် ကိုကီဒေသန္တရတွင် ယခုနှစ်အစောပိုင်းမှ စတင်ကာ အမေရိကန်မျက်ရည်ယိုဗုံး ကိုးလုံးထက်မနည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ လတ်တလောတွင် ဓာတုလက်နက် ဆန့်ကျင်ရေးဆိုင်ရာ ကျွမ်းကျင်သူများက အဆိုပါ ဗုံးများကို ရှင်းထုတ်ရန် ကြိုးစားနေကြောင်း သိရသည်။ (ဆင်ဟွာ)

### ဆီးရီးယားတပ်ဖွဲ့ဝင်များကို အမေရိကန် ချီးကျူး

**ဝါရှင်တန် အောက်တိုဘာ ၂၂**

ရက်ကွာမှ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို မောင်းထုတ်နိုင်ခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုက ဒေသခံဆီးရီးယားတပ်ဖွဲ့ဝင်များကို မကြာသေးမီက ချီးကျူးလိုက်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်ဝါဒနှိမ်နင်းရေးစစ်ဆင်မှုများသည် ပြီးဆုံးရန် အများကြီးလိုသေးကြောင်း သတိပေးပြောကြားခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများသည် ဆီးရီးယားမြောက်ပိုင်းမြို့ကို ၂၀၁၄ ခုနှစ် အစောပိုင်းကတည်းက ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါနေရာကို ခါလီဖိတ် (အစ္စလာမ္မစ်နိုင်ငံ) ထူထောင်ရန် မြင့်မြတ်သောနေရာအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

လေးလကြာတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်ထောက်ခံ ဆီးရီးယားဒီမိုကရက်တစ်အဖွဲ့များက ရက်ကွာမြို့ကို အိုင်အက်စ်အကြမ်းဖက်သမားများလက်မှ ခဲရာခဲဆစ်ပြန်လည်ရယူခဲ့သည်။

ရက်ကွာမြို့လွတ်မြောက်ခြင်းသည် အိုင်အက်စ်ဆန့်ကျင် ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်မှု၏ အောင်မြင်ခြင်း သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဒေသခံဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် အခြားတပ်ဖွဲ့ဝင်များထံသို့ ဝမ်းမြောက်ကြောင်း ပေးပို့သောသဝဏ်လွှာ၌ ဖော်ပြခဲ့သည်။

**(ချန်နယ်နယူးအေးရှ)**

# နွေရာသီစံနန်း (Summer Palace) သို့ ရောက်ခဲ့စဉ်ဝယ်(၁)

**တင်လင်းအောင်**



နွေရာသီစံနန်း (Summer Palace) သည် ပေကျင်းမြို့အနောက် မြောက်ဘက် ဟိုင်တီယန်ခရိုင်၌ တည်ရှိပြီး မြို့လယ်ကောင်မှ ကိုးမိုင် (၁၅ ကီလိုမီတာ) ခန့်ကွာဝေးသည်။ တရုတ်နိုင်ငံ ပေကျင်းမြို့၏ အကြီးမားဆုံးနှင့် ကောင်းစွာ ပြုပြင်ထိန်းသိမ်းထားသော တော်ဝင်ပန်းခြံကြီးတစ်ခုဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

နွေရာသီစံနန်းသည် တရုတ်ပန်းမန်များနှင့် ထင်ရှားကျော်ကြားသော သဘာဝဆိုင်ရာ ရှုခင်းများကြောင့် သာမက ယဉ်ကျေးမှုဆိုင်ရာ စိတ်ဝင်စားစရာများနှင့် လေ့လာစရာများ မကုန်နိုင်သော နှစ်ပရိစ္ဆေဒကြာမြင့်သည့် မဟာဆိမဟာသွေးများ ကိန်းအောင်းနေရာ တော်ဝင်ပန်းခြံပြတိုက်ကြီးတစ်ခုပင် ဖြစ်သည်။

နွေရာသီစံနန်းသည် ရေကန်များ၊ ပန်းခြံများ၊ နန်းတော်များ စုပေါင်းတည်ရှိရာနေရာ ပြတိုက်ကြီးတစ်ခုပင်ဖြစ်သည်။ ထို့အတူ နွေရာသီစံနန်းသည် ချင်မင်းဆက် တော်ဝင်ပန်းခြံကြီးလည်း ဖြစ်သည်။

နွေရာသီစံနန်းသည် တရုတ်နိုင်ငံ၏ ထင်ရှားကျော်ကြားဆုံး ပန်းခြံကြီးလေးခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ အခြားထင်ရှားသော ပန်းခြံကြီး သုံးခုမှာ ချန်ဒီတောင် စခန်းအပန်းဖြေပန်းခြံ၊ ဆူကျို့ အုပ်ချုပ်ရေးမှူးပန်းခြံနှင့် ဆူကျို့အောက်မေ့ဖွယ် ပန်းခြံတို့ ဖြစ်သည်။

သက်ရှည်တောင်ကုန်းနှင့် ကူမင်းရေကန်တို့သည် နွေရာသီစံနန်း၏ နေရာအတော်များများကို လွှမ်းမိုးနေရာယူထားသည်ဖြစ်ရာ စုစုပေါင်း ၂ ဒသမ ၉၇ စတုရန်းကီလိုမီတာ (၂၉၃ ဟက်တာ) ရှိပြီး လေးပုံပုံ သုံးပုံ (၂၂၀ ဟက်တာ) သည် ရေများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

၁၉၉၈ခုနှစ် ဒီဇင်ဘာလတွင် ယူနက်စကိုက နွေရာသီစံနန်းကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နေရာတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ နွေရာသီစံနန်းသည် တရုတ်အနုပညာလက်ရာမြောက် ပန်းခြံတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီး သဘာဝတရားကို လူတို့၏ ပြုပြင်ဖန်တီးမှုများဖြင့် အချိုးကျပေါင်းစပ်ထားသော ရှုမငြီးသည့် နေရာတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

နွေရာသီစံနန်းသည် စုစုပေါင်း ဧက ၂၉၀ ကျယ်ဝန်းပြီး ကျော်ကြားသည့် တော်ဝင်ပန်းခြံကြီးဖြစ်သည်နှင့်အညီ အစဉ်အမြဲ ခရီးသွားပြည်သူများနှင့် ကြိတ်ကြိတ်တိုးတိုး စည်ကားလျက်ရှိသည်။ အဆိုပါ တော်ဝင်ပန်းခြံကြီးတွင် အပန်းဖြေအနားယူရင်း ရှုးဟောင်းစံနန်းများ၊ အိမ်ကြီးရခိုင်များ၊ ဘုရားကျောင်းများ၊ တံတားများ၊ ရေကန်ကြီးများ၊ အမှတ်တရ ပစ္စည်းဝယ်ရန် ဈေးဆိုင်များကို လှည့်လည်ကြည့်ရှုရင်း ယခင်တရုတ်မင်းများ၏ ကြီးကျယ် ခမ်းနားထည်ဝါမှုကို အာရုံပြန်ပြောင်း အောက်မေ့ဆင်ခြင်မိနိုင်လေသည်။

ယခင်က ချင်ယီပန်းခြံဟု ကျော်ကြားခဲ့သော နွေရာသီစံနန်းကို အေဒီ ၁၇၅၀ ခန့်က ချင်မင်းဆက် ချင်လောင်ဘုရင်လက်ထက်တွင် မိခင်ကြီး နှစ် (၆၀) ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သည်။ နွေရာသီ စံနန်းတည်ဆောက်ပြီးစီးရန် အချိန် ၁၅ နှစ်ကျော်ကြာခဲ့ကြောင်း သိရသည်။ ချင်မင်းဆက်လက်ထက်တွင် နွေရာသီစံနန်းသည် နောက်ဆုံး တည်ဆောက်ခဲ့သော ပေကျင်း (ယခင် အခေါ်အားဖြင့် ယန်ကျင်း) ၏ အကျော်ကြားဆုံး တောင်သုံးလုံးနှင့် ပန်းခြံငါးခုတွင် ပါဝင်ခဲ့သည်။

အေဒီ ၁၈၆၀ တွင် နွေရာသီစံနန်းသည် ဗြိတိသျှ-ပြင်သစ်မဟာမိတ်တပ်များ၏ ဒုတိယဘိန်းစစ်ပွဲကြောင့် အကြီးအကျယ် ပျက်စီးခဲ့သည်။ အေဒီ ၁၈၆၀ အောက်တိုဘာ ၁၈ ရက်တွင် တည်ဆောက်ခဲ့သော အဆောက်အအုံများလည်း မီးလောင်ကျွမ်းခဲ့ကာ ရတနာများနှင့် ဗုဒ္ဓရုပ်ပွားတော်လည်း တိုက်ခိုက်လုယူခြင်း ခံခဲ့ရသည်။

သည်တိုင်းမိမှ သတင်းထောက်တစ်ဦးနှင့် အစောင့်အကြပ်တစ်ဦး စုစုပေါင်း ဗြိတိသျှသံတမန်နှစ်ဦး အသတ်ခံရသည်ကို တုံ့ပြန်သည့်အနေဖြင့် နွေရာသီစံနန်းကို ဖျက်ဆီးရန် တရုတ်နိုင်ငံဆိုင်ရာ ဗြိတိသျှမဟာမင်းကြီး လော့ဒ် အယ်လ်ဂျင်က အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နွေရာသီစံနန်း၏ အစိတ်အပိုင်းကြီးများပျက်စီးခဲ့ခြင်းသည် ယခုအချိန်အထိ တရုတ်လူမျိုးများကြား စိတ်ပိုင်းဆိုင်ရာ ခံစားချက်များရှိနေဆဲဖြစ်ကြောင်း သိရသည်။

အေဒီ ၁၈၈၄-၁၈၉၅ ချင်မင်းဆက် ဂွမ်ဇူမင်းလက်ထက် (အေဒီ ၁၈၇၅-၁၉၀၈) ခုနှစ်တွင် ဘုရင်မ ဒိုဝါဂါစီဆီက သူမ၏ နှစ်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေစင် ၂၂ သန်း ကုန်ကျခံကာ နွေရာသီစံနန်းကို ပြန်လည်တည်ဆောက်ခဲ့သည်။ ထို့နောက် နွေရာသီစံနန်းကို ရီဟီယွမ်ဟု အမည်ပေးခဲ့သည်။ ထို့နောက် အေဒီ ၁၈၉၅ တွင် နွေရာသီစံနန်း ပြန်လည်ပြုပြင်တည်ဆောက်မှုကို ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။

ပြန်လည်တည်ဆောက်မှုများ ဆောင်ရွက်ရာတွင် ရန်ပုံငွေမှာ အကန့်အသတ်ရှိသောကြောင့် သက်ရှည်တောင်ကုန်းအရှေ့ပိုင်းရှိ အဆောက်အအုံများနှင့် ကူမင်းပတ်လည်ရှိ ဆည်မြောင်း ရေကန်များကိုသာ ပြုပြင်မွမ်းမံနိုင်ခဲ့ကြောင်း သိရသည်။ အေဒီ ၁၈၈၈ ခုနှစ်ကတည်းကပေးခဲ့သော ရီဟီယွမ်ဟူသော အမည်သည် ယခုအချိန်ထိတိုင်အောင် ခရီးသွားများကြား ကျော်ကြားလျက်ရှိကြောင်း သိရသည်။

အေဒီ ၁၉၀၀ လက်ဝှေ့သူပုန်အုံကြွမှုဖြစ်ပြီးနောက် နွေရာသီစံနန်းသည် ပျက်စီးမှုများ နောက်တစ်ကြိမ်ထပ်မံဖြစ်ပေါ်ခဲ့သေးကြောင်း သိရသည်။ အဆိုပါဆူပူအုံကြွမှုတွင် နိုင်ငံရှစ်နိုင်ငံမဟာမိတ်တပ်ဖွဲ့များက တော်ဝင်ဘုရင့်ပန်းခြံကို ဖျက်ဆီးခဲ့ပြီး နန်းတော်ထဲတွင် ထိန်းသိမ်းထားသော အနုပညာလက်ရာများကို သိမ်းယူသွားခဲ့ကြောင်း သိရသည်။

နောက်တစ်နှစ်ကြာပြီးနောက် ဘုရင်မ ဒိုဝါဂါစီဆီသည် ရှီအန်းမှ ပေကျင်းသို့ ပြန်လည်ရောက်ရှိလာပြီး ငွေကုန်ကြေးကျ အမြောက်အမြားခံကာ အဆိုပါ နွေရာသီစံနန်းကို ပြန်လည်ပြုပြင်ခဲ့သည်။

အေဒီ ၁၉၁၂ တွင် နောက်ဆုံးမင်းဆက်ဖြစ်သော ပုယီဘုရင်နန်းစွန့်ပြီးနောက် နွေရာသီစံနန်းသည် ယခင်ချင်မင်းဆက်၏ ကိုယ်ပိုင်ဘုရင့်နန်းတော်ပန်းခြံအဖြစ် ဆက်လက်တည်ရှိခဲ့သည်။

ထို့နောက် အေဒီ ၁၉၂၄ တွင် စစ်အာဏာရှင် ဖန်ယူကျန်က ပုယီကို တားမြစ်မြို့တော် (Forbidden City) မှ မောင်းထုတ်လိုက်ပြီးနောက် အဆိုပါ နွေရာသီစံနန်းကို ပေကျင်းအစိုးရက ပြန်လည်ပြုပြင်မှုများ ထပ်မံလုပ်ဆောင်ခဲ့ပြီး မဟာဆိမဟာသွေးပါဝင်သော တော်ဝင်နန်းတော်ကြီးအဖြစ် လက်မှတ်များ စတင်ရောင်းချခဲ့ကာ အများပြည်သူသို့ ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

အေဒီ ၁၉၄၉ ခုနှစ်တွင် နွေရာသီစံနန်းသည် တရုတ်ကွန်မြူနစ်ပါတီ၏ ဗဟိုဌာနချုပ်ကျောင်းဖြစ်လာခဲ့ပြီး ကွန်မြူနစ်ပါတီခေါင်းဆောင်များဖြစ်သော မော်စီတုန်းနှင့် လုပ်ဖော်ကိုင်ဖက်များ နေထိုင်ခဲ့သည်။ အေဒီ ၁၉၅၃ ခုနှစ်တွင် နွေရာသီစံနန်း၏ အဓိကအစိတ်အပိုင်းများကို အကြီးစားပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ခဲ့ပြန်သည်။

ထိုသို့ ခေတ်အဆက်ဆက် အဆင့်ဆင့် ပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် လက်ရှိ ခရီးသွားဧည့်သည်များ မြင်နေရသော နွေရာသီစံနန်းအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အေဒီ ၂၀၀၆ ခုနှစ်တွင် နွေရာသီစံနန်းကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ပြယုဂ်တစ်ခုအဖြစ် တရုတ်အစိုးရက အထိမ်းအမှတ် ဒင်္ဂါးခတ်နှိပ်သွန်းလုပ်ခဲ့ကြောင်း သိရသည်။

နွေရာသီစံနန်းတွင် အဓိကအားဖြင့် သက်ရှည်တောင်ကုန်းနှင့် ကူမင်းရေကန်တို့သည် ထင်ရှားသော နေရာများဖြစ်ကြသည်။ နွေရာသီစံနန်းတည်ရှိရာ အလယ်တွင် ဗုဒ္ဓနံ့သာစံကျောင်းတော်တည်ရှိသည်။ ထို့အပြင် ရှုမျှော် ခင်းအဆောက်အအုံပေါင်း ၁၀၀ ကျော် တည်ရှိသည်။

ရှေးဟောင်းအဆောက်အအုံပေါင်း ၃၅၅၅ ခန့် တည်ရှိသည်။ နွေရာသီစံနန်း တွင် ခေတ္တအနားယူရာ မဏ္ဍပ်ပေါင်း ၃၀၀၀ ကျော် တည်ရှိသည်။ ထို့အပြင် သက်တမ်းရှည်သစ်ပင်ကြီးပေါင်း ၁၆၀၀ ကျော်နှင့် ရှားပါးသော အပင်မျိုးစိတ်များလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။

အဆိုပါ နေရာများထဲတွင် ဗုဒ္ဓနံ့သာစံ ကျောင်းတော်၊ ရှည်လျားသော စင်္ကြံလမ်း၊ အစင်းကြောင်းများပါသော လှပသည့်လှေ၊ ဆူကျို့လမ်း၊ ခုံးကျော် ၁၇ ခု ပါတံတားနှင့် သာယာလှပသော စိတ်ဝင်စားဖွယ်ပန်းခြံစသည်တို့မှာ ထင်ရှားသော နေရာများဖြစ်သည်။

နွေရာသီစံနန်းသည် တရုတ်လူမျိုးတို့၏ တော်ဝင်ထီးညွန့်နန်းမွေဟန်အမွေအနှစ်များဖြင့် အုံ့မခန်းတင့်ဆန်းလှပပေသည်။ ထို့အတူ လှပသော သဘာဝတရားများကလည်း အလှကို အယဉ်ဆင့်ဆိုသလို ထုံမွမ်းလှပေသည်။ ရိုးရာပန်းမန်ဉယျာဉ်စိုက်ပျိုးခြင်း အတတ်ပညာစုရုံးပြသထားပါသည်။ အမြင်အာရုံရွှင်လန်းလာကာ လာရောက်လည်ပတ်သူအပေါင်း စိတ်ဝယ်ပီတိ ဘဝင်ငြိပီတိတခွေ့ခွေ့ ဖြစ်နေကြသည်မှာ ပီတိရသကို ပြသကဲ့သို့ ဖြစ်နေပေတော့သည်။

# သီးနှံစိုက်ခင်းများတွင် ဓာတုပစ္စည်းများ လျှော့သုံးမှသာ စားသုံးသူများအတွက် အန္တရာယ်ကင်းနိုင်

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

ယခုလတ်တလော အစားအစာများထဲမှ အစာအဆိပ်သင့်ဖြစ်ပွားမှုများကို မကြာခဏ ကြားသိနေရသည်။ ထိုသို့ဖြစ်ရခြင်းမှာ စိုက်ခင်းအတွင်းရှိ သီးနှံများကို ဓာတုပစ္စည်းများ အသုံးပြုထားပြီး သတ်မှတ်စည်းမျဉ်းများကို လိုက်နာမှုမရှိဘဲ စီးပွားရေးတွက်ချက်အရ ဆွတ်ခူး၍ ရောင်းချသဖြင့် စားသုံးမိသည့်ပြည်သူများ မလိုလားအပ်သည့် ဝေဒနာများ ခံစားကြရကြောင်း ကြားသိနေရသည်။ သီးနှံစိုက်ပျိုးနေသူများအနေဖြင့် သီးနှံများ ရှင်သန်ဖွံ့ဖြိုးစေရန်နှင့် ပိုးမွှားအန္တရာယ်မှ ကာကွယ်ရန် သီးနှံများကို ဓာတုပစ္စည်းများ ဆွတ်ဖျန်းအသုံးပြုရခြင်းများရှိသော်လည်း မိမိစီးပွားရေးလည်း တွက်ခြေကိုက်ပြီး စားသုံးသူပြည်သူများလည်း အန္တရာယ်မဖြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်သည်။ သို့မှသာ ယင်းသို့ဖြစ်စဉ်များ လျော့ပါးပြီး စားသုံးသူများအတွက် ကျန်းမာရေးအန္တရာယ်မှကင်းဝေးပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမည်ဖြစ်သည်။

ယခုအခါ ပြည်သူများအတွက် အစားအသောက်နှင့်ပတ်သက်၍ ဘေးကင်းလုံခြုံစိတ်ချရန်အတွက် သက်ဆိုင်ရာဌာနများမှ ဈေးများအတွင်း ရောင်းချနေသော အစားအသောက်၊ ဆေးဝါးနှင့် အသီးအနှံများစစ်ဆေးခြင်း၊ ပြည်သူများအား အစားအသောက်နှင့် ပတ်သက်၍ ပညာပေးခြင်း၊ ပိုးသတ်ဆေးများ အလွန်အမင်းပက်ဖျန်းခြင်းကြောင့် စားသုံးသူများတွင် အန္တရာယ်ဖြစ်ပေါ်စေသည့်အတွက် ပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့မြင်နေရသည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တောင်သူများ၏ စိုက်ခင်းများထဲအထိ ကွင်းဆင်း၍ ဓာတုဆေးများ အလွန်အကျွံသုံးစွဲနေမှုကို စားသုံးသူပြည်သူများ အန္တရာယ်မဖြစ်စေရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ တောင်သူအများစုနဲ့ သီးနှံစိုက်ပျိုးရောင်းချသူတွေဟာ သီးနှံစိုက်ခင်းတွေကို ဓာတုဆေးဝါးတွေ အသုံးပြုလာတာများတယ်။ ဓာတုဆေးဖျန်းထားတဲ့ သီးနှံကို ရက်မခြားဘဲ ခူးဆွတ်ရောင်းချနေကြတော့ သီးနှံတွေထဲမှာ ဓာတုဓာတ်ကြွင်းတွေရှိနေတဲ့အတွက် အဲဒါကို စားသုံးမိတဲ့သူတွေ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ တကယ်တမ်းက ဓာတုဆေးဖျန်းထားတဲ့သီးနှံကို အနည်းဆုံး တစ်ပတ်ကြာမှ ခူးဆွတ်ရောင်းချသင့်ပါတယ်။ တချို့ တောင်သူတွေဆို ခရမ်းချဉ်ကိုဆေးဖျန်းပြီး နောက်တစ်ရက်ခြားမှာပဲ ခူးဆွတ်ရောင်းနေတာတွေရှိတယ်။ သူတို့ကိုလည်း အပြစ်တော့ပြောလို့မရဘူးလေ။ ဘာလို့လဲဆိုတော့ သူတို့ကလည်း ဈေးကောင်းရတဲ့အချိန်နဲ့ တိုက်နေတော့ စားဝတ်နေရေးအရ ရောင်းချနေကြရတယ်။ အရင်တုန်းကဆို ငရုတ်ခင်းက ခူးဆွတ်ပြီး နောက်တစ်နေ့မှာ ဆေးဖျန်းကြတယ်။ ဆေးဖျန်းပြီး ၁၅ ရက်ကြာမှ နောက်တစ်ကြိမ်ခူးဆွတ်ရောင်းကြတယ်။ ခုတော့ အဲလိုမဟုတ်တော့ဘူး။ ဆေးဖျန်းပြီး ခူးရက်မရောက်ဘဲနဲ့လည်း ဈေးတက်လာတာနဲ့တိုးရင် ခူးဆွတ်ရောင်းနေကြတော့တာ။ စားသုံးသူပြည်သူတွေ အစားအသောက်နဲ့ပတ်သက်ပြီး အန္တရာယ်ကင်းဖို့အတွက် သီးနှံစိုက်ပျိုးရောင်းချနေကြတဲ့သူတွေအနေနဲ့ ဓာတုဆေးဖျန်းပြီး အနည်းဆုံး ခုနစ်ရက်ကြာမှ သီးနှံတွေကို ခူးဆွတ်ရောင်းချကြပါလို့ ပြောချင်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


ဓာတ်ပုံ- မေမိုးသဲ

မြန်မာနိုင်ငံတွင် စိုက်ပျိုးသီးနှံများကို နိုင်ငံတကာဈေးကွက်ဝင်နိုင်ရန် တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ (GAP) ကို ပြောင်းလဲနေချိန်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် ဓာတုဆေးကင်းလွတ်သည့် သီးနှံဖြစ်စေရန် ဆောင်ရွက်မှသာ မိမိတို့သီးနှံများသည် ဈေးကွက်ဝင်သီးနှံများဖြစ်ပြီး ဈေးကောင်းရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံတကာတွင် အော်ဂဲနစ်သီးနှံများကို အလေးထားဝယ်ယူစားသုံးနေပြီဖြစ်သဖြင့် ဓာတုဆေးဝါးများပါဝင်မှု လျော့ကျနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်လာနိုင်မည် ဖြစ်သည်။

GAP စိုက်ပျိုးနည်းစနစ်တွင် မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့်နည်းလမ်းများကို စုစည်းထားသည့် စံလုပ်ထုံးလုပ်နည်း၊ လမ်းညွှန်မှုများပါဝင်ကြောင်း သိရသည်။

GAP စိုက်ပျိုးမှုတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးသည့်သီးနှံများတွင် အသုံးပြုသည့်မြေဩဇာများကို အန္တရာယ်ဖြစ်စေသော ဓာတုနှင့် ဇီဝဆိုင်ရာညစ်ညမ်းမှုများ မရှိစေရဘဲ သဘာဝမြေဆွေးများကိုသာ အသုံးပြုရသောကြောင့် စားသုံးသူများအတွက် အန္တရာယ်ကင်းစေနိုင်ကြောင်း သိရသည်။ ထို့နောက် တောင်သူများအနေဖြင့် မိမိတို့သီးနှံများ ဈေးကွက်ပိုမိုရရှိလာမည်ဖြစ်ပြီး ဓာတုဆေးများအသုံးပြုမှု အနည်းဆုံးဖြစ်စေရန်ဆင်ခြင်ပြီး ဘက်စုံပိုးမွှား ကာကွယ်နည်းများကို အသုံးပြုမည်ဆိုပါက မိမိတို့သီးနှံများ ဈေးကွက်ပိုမိုရရှိလာမည်ဖြစ်ပြီး စားသုံးသောပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချစွာ စားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သော သီးနှံများ

**ဝတ်ရည်မွန် (AMIA)**

ဒီတစ်ပတ်မှာတော့ ဆန်ချောရော ဆန်ကြမ်းဈေးတွေပါ ဈေးဆက်တိုက်မြင့်တက်နေတာ သုံးပတ်ဆက်တိုက် ရှိနေပါပြီ။ မတ်ပဲနဲ့ ပဲစင်းငုံကတော့ ဈေးက မထင်မှတ်လောက်အောင် ဆက်ပြီးကျဆင်းသွားပါတယ်။

**ပေါ်ဆန်းမွှေးဆန်ချောများ ဈေးမြင့်တက်**

ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက ဈေးတက်ခဲ့တဲ့ ပေါ်ဆန်းမွှေးဆန်ချောတွေက ဒီတစ်ပတ်မှာလည်း ဈေးက တက်လာပါတယ်။

ပြီးခဲ့တဲ့အပတ်တွေက ကုန်စည်ဒိုင်ကို ဆန်တွေအဝင်နည်းတဲ့အတွက် ဈေးတက်လာတာဖြစ်ပေမယ့် လက်ရှိမှာတော့ ဆန်စပါးဈေးကွက်အတွင်း တရုတ်ကုန်သည်တွေကိုယ်တိုင် ဈေးအမြင့်ပေးပြီး ဆင်းဝယ်နေတဲ့အတွက် ဈေးတွေက တက်လာနေတာဖြစ်တယ်လို့ ဆန်ကုန်သည်တွေက ပြောပါတယ်။

စက်တင်ဘာလ အလယ်ကတည်းက တဖြည်းဖြည်းဈေးမြင့်တက်ခဲ့တဲ့ ဆန်ချောဈေးတွေက ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ငွေကျပ် ၂၀၀၀ ကနေ ၆၀၀၀ ကြားအထိ ဈေးမြင့်တက်လာတာဖြစ်ပြီး တစ်လအတွင်း တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ ကျော် မြင့်တက်လာပါတယ်။

လက်ရှိ ရွှေဘိုပေါ်ဆန်းမွှေးက တစ်အိတ်ကို ငွေကျပ် ၄၈၅၀၀ ကနေ ၅၁၀၀၀၊ ဖျာပုံပေါ်ဆန်းမွှေးက တစ်အိတ်ကို ငွေကျပ် ၃၆၀၀၀ ကနေ ၄၁၀၀၀၊ မြောင်းမြပုသိမ်ပေါ်ဆန်းမွှေးက တစ်အိတ်ကို ငွေကျပ် ၃၇၀၀၀ ကနေ ၄၂၀၀၀၊ နယ်စုံက တစ်အိတ်ကို ငွေကျပ် ၃၅၀၀၀ ကနေ ၃၈၅၀၀ နှင့် ဒေးဒရဲကတော့ တစ်အိတ်ကို ငွေကျပ် ၃၆၀၀၀ ကနေ ၄၁၀၀၀ ပေါက်ဈေးရှိပါတယ်။

လတ်တလောမှာတော့ ဝါးတန်းကုန်စည်ဒိုင်မှာ ဆန်အဝင်နည်းနေပြီး အရောင်းအဝယ်လည်း အေးနေပါတယ်။

**မြီးတုံးဆန် ဈေးတက်**

ဆန်ချောအပြင် ဆန်ကြမ်းဈေးတွေပါ ဒီတစ်ပတ်မှာ တက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်က ဈေးကွက်မှာ အနည်းငယ်ကျဆင်းခဲ့ပါတယ်။ လက်ရှိ ဆန်ကြမ်းက အဝင်နည်းတဲ့အတွက် ဈေးက မြင့်တက်လာတာဖြစ်ပါတယ်။

မြီးတုံးဆန်က ဒီတစ်ပတ်မှာ တစ်အိတ်ကို ငွေကျပ် ၃၀၀၀ အထိ ဈေးက မြင့်တက်သွားပါတယ်။ လက်ရှိမြီးတုံးဆန်က တစ်အိတ်ကို ငွေကျပ် ၃၀၀၀၀ ကနေ ၃၃၀၀၀ ပေါက်ဈေးရှိပါတယ်။

**မတ်ပဲ(FAQ/RC) နဲ့ ပဲစင်းငုံ ဈေးဆက်ကျဆင်း**

**မတ်ပဲ**

ပြီးခဲ့တဲ့ အပတ်အထိ တအိအိ ဈေးကျဆင်းခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ ဈေးက မထင်မှတ်လောက်အောင်ကို ကျဆင်းသွားပါတယ်။ ဒါပေမယ့် လက်ရှိမတ်ပဲပေါက်ဈေးက တည်ငြိမ်မှုမရှိသေးတဲ့အတွက် ဈေးက အတက်အကျ ပုံမှန်မရှိသေးပါဘူး။

အတက်အကျကလည်း ကြမ်းနေတာကို တွေ့ရပါတယ်။ ဈေးစဖွင့်တဲ့ တနင်္လာနေ့မှာ တစ်တန်ကို ငွေကျပ် ၄၂၀၀၀၀ အထိ အနည်းဆုံး ဈေးကျဆင်းခဲ့ပေမယ့် သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၄၅၀၀၀ အထိ ဈေးက ပြန်တက်လာပါတယ်။

မတ်ပဲက အိန္ဒိယနိုင်ငံမှာ ဝယ်လိုအားနည်းပြီး ရောင်းအားတွေ အလွန်များနေတဲ့အတွက် ပြည်တွင်း၊ ပြည်ပမှာပါ ဈေးက ကျဆင်းနေတာပဲ ဖြစ်ပါတယ်။ မြန်မာပြည်တွင်းမှာတော့ ငွေလိုသူအချို့ကြောင့် အနည်းငယ်ထုတ်ရောင်းတာ ရှိနေတဲ့အတွက် အရောင်းအဝယ်ကတော့ ရက်သတ္တပတ်ခြားပြီး ဖြစ်နေပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ စက်တင်ဘာလမှာ မတ်ပဲက တစ်တင်းကို အမြင့်ဆုံးဈေး ငွေကျပ် ၇၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့ပေမယ့် ၂၀၁၇ စက်တင်ဘာလမှာတော့ တစ်တင်းကို အမြင့်ဆုံးဈေးက ငွေကျပ် ၂၀၀၀၀ ကျော်သာ ရှိပါတော့တယ်။ လက်ရှိမတ်ပဲပေါက်ဈေးကတော့ ငွေကျပ် ၄၇၈၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံက မတ်ပဲလောက် အကျမကြမ်းပေမယ့် အတက်ဈေးက မရှိသလောက် အခြေအနေဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ အပတ်က တစ်တန်ကို ငွေကျပ် ၄၀၀၀၀၀ နီးပါးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၃၃၀၀၀၀ အထိသာ ဈေးရရှိပါတော့တယ်။

ပဲစင်းငုံကို အိန္ဒိယနိုင်ငံမှာ တန်ချိန် ၈ သိန်း လှောင်ထားတာက ဈေးကျဆင်းနေတာကို ပိုမိုဖြစ်ပေါ်စေပါတယ်။ ဒါပေမယ့် မိုးစိုက်ပဲစင်းငုံက ပြီးခဲ့တဲ့နှစ်တွေနဲ့ ယှဉ်လိုက်ရင် ၂၀ ရာခိုင်နှုန်းကျော် လျော့သွားတဲ့အတွက် ဈေးကွက်တည်ငြိမ်နေနိုင်တယ်လို့လည်း Agri-watch က သုံးသပ်ထားပါတယ်။

ပြည်တွင်းမှာလည်း အရောင်းအဝယ်က မရှိသလောက်ကို ဖြစ်နေတဲ့ အခြေအနေဖြစ်နေပါတယ်။ ၂၀၁၆ စက်တင်ဘာလမှာ ပဲစင်းငုံက တစ်တင်းကို အမြင့်ဆုံးဈေး ငွေကျပ် ၄၀၀၀၀ နီးပါး ရှိခဲ့ပေမယ့် ၂၀၁၇ စက်တင်ဘာလမှာတော့ တစ်တင်းကို အမြင့်ဆုံး ငွေကျပ် ၁၀၀၀၀ ကျော်သာ ရှိပါတော့တယ်။

**ကြက်သွန်နီဈေးထပ်တက်**

ကြက်သွန်နီကတော့ ဈေးထပ်ပြီး တက်လာပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံက ကြက်သွန်နီဝင်ရောက်မှုကို ကန့်သတ်လိုက်တဲ့အတွက် ပြည်တွင်း ကြက်သွန်နီဈေးတွေက မြင့်တက်လာတာဖြစ်ပါတယ်။ တရုတ်ကြက်သွန်နီတွေကလည်း ပြည်တွင်းကြက်သွန်နီတွေနဲ့အတူ ဈေးတဖြည်းဖြည်း မြင့်တက်လာတဲ့အတွက် ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

တရုတ်ကြက်သွန်နီက ဈေးသက်သာပေမယ့် ပြည်တွင်းကြက်သွန်နီက အရည်အသွေးပိုင်းမှာ သာတဲ့အတွက် အရောင်းအဝယ်ကတော့ အနည်းငယ်သာ ကျပါတယ်။

ပြည်တွင်းမှာ ကြက်သွန်နီတွေ ဈေးမြင့်တက်နေပေမယ့် နယ်စပ်စခန်းတွေကနေတစ်ဆင့် တရုတ်နဲ့ ထိုင်းနိုင်ငံကို နေ့စဉ်တင်ပို့နေပါတယ်။

ဒီတစ်ပတ်မှာတော့ ကြက်သွန်နီက တစ်ပိဿာကို ငွေကျပ် ၂၀၂၅ ကနေ ၂၅၂၅ အထိ အမြင့်ဆုံးဈေးရရှိနေပြီး ၂၀၁၆ ခုနှစ် ကာလတူအခြေအနေမှာတော့ အမြင့်ဆုံးဈေးက ငွေကျပ် ၇၀၀ သာ ဈေးရရှိခဲ့ပါတယ်။

**ငရုတ်ပွ (စိမ်းစား) ဈေးမြင့်တက်**

ဒီတစ်ပတ်မှာ ထူးထူးခြားခြား ဈေးမြင့်တက်လာတာကတော့ ငရုတ်ပွ (စိမ်းစား) ပဲ ဖြစ်ပါတယ်။ တစ်ပိဿာကို ငွေကျပ် ၁၀၀၀ နီးပါးအထိ ဈေးက မြင့်တက်လာတာပါ။ ပွဲတော်ကာလဖြစ်တဲ့အတွက် ဈေးက မြင့်တက်လာတာဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိမှာတော့ ငရုတ်ပွ (စိမ်းစား) က တစ်ပိဿာကို ငွေကျပ် ၈၀၀၀ အမြင့်ဆုံးဈေးရရှိနေပါတယ်။


ဓာတ်ပုံ- သိဒ်

## ကလောမြို့နယ်၌ စပါးမျိုးသန့် မျိုးကွဲ နုတ်ပယ်ခြင်းသရုပ်ပြ

**ကလော အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၌ မျိုးသန့်မျိုးစေ့ထုတ်လုပ်ရန်အတွက် (တတိယအကြိမ်)မျိုးသန့်မျိုးကွဲနုတ်ပယ်ခြင်းကို အောက်တိုဘာ ၂၀ ရက်က ဟဲဟိုးကျေးရွာအုပ်စု မုန်းအင်းမျိုးသန့်စံပြရွာတွင် ရွှေရင်အေးစပါးမျိုးသန့် ဧက ၅၀ စိုက်ခင်း၌ လက်တွေ့ပြသခဲ့သည်။

အဆိုပါ လက်တွေ့ပြသရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်အေးနှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ်တောင်သူများအား မျိုးကွဲနုတ်ပယ်ခြင်းကို လက်တွေ့ပြသခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်၍ ထွက်ရှိသည့်စီးပွားဖြစ် မျိုးသန့်မျိုးစေ့များကို မြို့နယ်အတွင်းရှိ တောင်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ်**
**တောတွင်းသစ်ပင်၊ အကုန်စုပ်။**
**တို့တွေရှုသွင်း၊ လေသန့်ရှင်း၊**
**မချွန်းရှုမှာ၊ တောကသာ**

# ပဲများကို G to G ဖြင့် ပြန်လည်ရောင်းချရမည့် အနေအထားကြောင့် သတ်မှတ်အရည်အသွေးအတိုင်းသာ ဝယ်ယူမည်

ဇာလင်းသူ(AMIA)



ဓာတ်ပုံ-ကေဇူး(AMIA)

ပဲစင်းငုံနှင့် မတ်ပဲ ဈေးနှုန်းတည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေး အဖွဲ့ စီမံခန့်ခွဲရေးကော်မတီမှ ဝယ်ယူပေးမည့်ပဲများမှာ အိန္ဒိယနိုင်ငံသို့ အစိုးရချင်းချိတ်ဆက်ဆောင်ရွက်မှု(G to G)ဖြင့် ပြန်လည်ရောင်းချရမည့် အနေအထားကြောင့် ပဲဝယ်ယူရေး ကော်မတီအနေဖြင့် သတ်မှတ်အရည်သွေးတိုင်းသာ ဝယ်ယူမည်ဖြစ်ကြောင်းနှင့် လက်ရှိသတ်မှတ်ထားသည့် အရည်အသွေးကိုပြင်ဆင်၍ ဝယ်ယူပေးသွားမည်မဟုတ်ကြောင်း ယင်းကော်မတီမှ သိရသည်။

အရည်အသွေးသတ်မှတ်ချက်အတိုင်း ဝယ်ယူမှုမှာ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ နှမ်းနှင့် ပြောင်း ကုန်သည်များ အသင်း၏ စံချိန်စံညွှန်း သတ်မှတ်ချက်အတိုင်းဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ကော်မတီသို့ ပဲရောင်းချရန်အဆိုပြုထားသူများနှင့် စာချုပ်ချုပ်ဆိုထားပြီးသူများသည် နိုဝင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ သတ်မှတ်အရည်အသွေးအတိုင်း ပေးသွင်းရမည်ဖြစ်သော်လည်း ရောင်းချရန် အဆိုပြုထားသူများနှင့် စာချုပ်ချုပ်ဆိုထားပြီးသူများ အခက်အခဲမဖြစ်ပေါ်စေရန်အတွက် ကော်မတီ၏ သတ်မှတ်အရည်သွေးအတိုင်း ပေးပို့ရန်အခက်အခဲရှိပါက ပစ္စည်းမပေးသွင်းနိုင်တော့၍ စာချုပ်ဖျက်သိမ်းကြောင်း အကြောင်းကြားစာကို အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၅ ရက် နောက်ဆုံးထား၍ ကော်မတီမှ လက်ခံပေးရန်နှင့် အရေးယူမှု မပြုလုပ်ရန် တင်ပြနိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ကို တင်သွင်းခွင့်ကန့်သတ်လိုက်သဖြင့် ပြည်တွင်းရှိကုန်သည်များ ငွေကြေးလည်ပတ်နိုင်မှု နည်းပါးလာပြီး ပြည်တွင်းပဲဈေးကွက်တွင် ဈေးနှုန်းများထိုးကျလာသောကြောင့် မတ်ပဲတစ်တန်လျှင် ကျပ်ငါးသိန်းနှုန်းဖြင့် တန်ချိန် ၂၀၀၀၀၊ ပဲစင်းငုံ တစ်တန်လျှင် ကျပ်လေးသိန်းနှုန်းဖြင့် တန်ချိန် ၁၀၀၀၀ တို့ကို ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်း တည်ငြိမ်ရေးနှင့် ဝယ်ယူ တင်ပို့ရောင်းချရေးအဖွဲ့ စီမံခန့်ရေးကော်မတီက ဝယ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

လက်ရှိတွင် ထိုကော်မတီမှ ဝယ်ယူရန်သတ်မှတ်ထားသည့် ရွှေပြည်သာရှိ ဇုန်(၃)တွင် လက်ခံဝယ်ယူမည့် မတ်ပဲ တန်ချိန် ၃၈၀၀ အနက် ၃၆၉ ဒသမ ၆ တန်ကို လက်ခံဝယ်ယူထားပြီဖြစ်ကြောင်း၊ သာဓုကန်(၃)နှင့် (၄)ရှိ ရွှေပြည်သာဂိုဒေါင်တွင် ကုန်သည်ရှစ်ဦးက ပဲစင်းငုံအိတ်ရေ ၁၇၀၀၀ ကျော်ကို ရောင်းချရန် လာရောက်အပ်နှံခဲ့ပြီး ကော်မတီ၏ အရည်အသွေးစစ်ဆေးရေးအဖွဲ့က ကနဦးစစ်ဆေးရာတွင် သတ်မှတ်ထားသော အရည်အသွေးအတိုင်း မပြည့်မီသဖြင့် ကုန်ပစ္စည်းကို လက်ခံခြင်းမပြုဘဲ ပစ္စည်းအပ်နှံသူများကိုလည်း အရည်အသွေးမပြည့်မီကြောင်းကို သိရှိကြောင်း လက်မှတ်ရေးထိုးစေ၍ ပြန်လည်သယ်ဆောင်စေခဲ့ကြောင်း သိရသည်။

ထို့အတူ ရွှေပြည်သာဇုန်(၄) ဂိုဒေါင်သို့ ပဲကုန်သည် ၁၃ ဦးက ပဲစင်းငုံ အိတ်ရေ ၂၂၀၀၀ ကျော်ကို ရောင်းချရန် လာရောက်အပ်နှံခဲ့ရာတွင်လည်း အရည်အသွေး စစ်ဆေးရေးအဖွဲ့က စစ်ဆေးသည့်အခါ အရည်အသွေးမပြည့်မီသဖြင့် အထက်ပါအတိုင်း လက်မှတ်ရေးထိုး၍ ပြန်လည်သယ်ဆောင်စေခဲ့ကြောင်း သိရသည်။

ပဲစင်းငုံနှင့် မတ်ပဲ ဈေးနှုန်းတည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေးအဖွဲ့ အနေဖြင့် ပဲများကို ဝယ်ယူနေခြင်းမှာ မတ်ပဲနှင့် ပဲစင်းငုံတို့၏ ကာလပေါက်ဈေးများသည် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းအောက် များစွာကျဆင်းနေချိန်တွင် မည်သူတစ်ဦးတစ်ယောက်၏ မဖြစ်မနေ ပဲဝယ်ယူရန် တိုက်တွန်းချက်၊ ဝယ်ယူမည့်ဈေးနှုန်း၊ ပမာဏသတ်မှတ်ရန် စသည့်တို့ မပါဝင်ဘဲ ပဲဈေးကွက်ပျက်သွားခြင်း မရှိစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ စွမ်းဆောင်နိုင်သလောက်အင်အားဖြင့် ကော်မတီဖွဲ့စည်း၍ တစ်ထောင့်တစ်နေရာမှ ဝယ်ယူကူညီသွားရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အဆိုပါကော်မတီမှ သိရသည်။

ပဲများကို ဝယ်ယူရာတွင်လည်း တာဝန်ခံ စစ်ဆေးမည့်အဖွဲ့နှင့် ကော်မတီ၏ အရည်အသွေးစစ်ဆေးရေး တာဝန်ခံများ ပူးပေါင်း၍ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်၊ ရောင်းချသူတစ်ဦးလျှင် စာချုပ်တစ်စောင်ကို အနည်းဆုံး တန်ချိန် ၅၀ မှ တန်ချိန် ၃၆၀ အတွင်း ကော်မတီမှသတ်မှတ်ထားသည့် အရောင်းအဝယ်စာချုပ်အတိုင်း ချုပ်ဆိုရန် စသည့်အချက်များ သတ်မှတ်ထားပြီး ရောင်းဝယ်ထားသည့် ကုန်စည်များအားလုံး သိုလှောင်ရုံအရောက်ပို့ပေးပြီးမှ အပြီးသတ် စာချုပ်ချုပ်ဆိုမည် ဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင် စာချုပ်တစ်စောင်လျှင် ကျပ် ၅၀၀၀ ပေးသွင်း၍ ချုပ်ဆိုရန်၊ စာချုပ်ချုပ်ဆိုပြီး တစ်ပတ်အတွင်း ပစ္စည်းကို သိုလှောင်ရုံအရောက် ပေးသွင်းရန်၊ ပစ္စည်းများအားလုံး အပ်နှံပြီးချိန်တွင် အပ်နှံထားသည့် လက်ခံပြေစာဖြင့် ကမ်းနားလမ်းရှိ ကော်မတီရုံးတွင် ကျသင့်ငွေထုတ်ယူရန်တို့ကို ရောင်းချသူက ဆောင်ရွက်ရမည်ဖြစ်ပြီး စာချုပ်ချုပ်ဆိုထားသည့် အမည်ဖြင့်သာ ချက်လက်မှတ်ရေးထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချလိုသူများအနေဖြင့် ကော်မတီမှသတ်မှတ်ထားသည့် ဝယ်ယူရေး တာဝန်ခံများထံတွင်သာ ရောင်းချရမည်ဖြစ်ကြောင်း၊ အရောင်းအဝယ်ပြုလုပ်မှုကို ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တွင် နံနက် ၁၀ နာရီမှ နေ့လယ်တစ်နာရီအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပဲများ ရောင်းချသူများအနေဖြင့် ပဲစင်းငုံကို ရွှေပြည်သာ ဇုန်(၃)ရှိ သိုလှောင်ရုံသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ မတ်ပဲကို အမှတ်(၅၅)၊ ရွှေပြည်သာဇုန်(၄)ရှိ သိုလှောင်ရုံသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ရောင်းချသူများအနေဖြင့် စာချုပ်ပါစည်းကမ်းချက်များကို ပျက်ကွက်ပါက ကော်မတီ၏ဆုံးဖြတ်ချက်အတိုင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ ခံဝန်ကတိ လက်မှတ်ရေးထိုးရမည်ဖြစ်သလို ဝယ်ယူရေးတာဝန်ခံများသည်လည်း ရောင်းချသူ မည်သူ့ကိုမဆို ရောင်းချသည့် မတ်ပဲ၊ ပဲစင်းငုံများကို မည်သည့်အကြောင်း ပြချက်မှပြရန်မလိုဘဲ ဝယ်ယူရန်ငြင်းပိုင်ခွင့်ရှိကြောင်း သိရသည်။

ထိုသို့ ကော်မတီဘက်မှ မတ်ပဲနှင့် ပဲစင်းငုံများ ဝယ်ယူလျက်ရှိရာတွင် စုစုပေါင်း တန်ချိန် ၃၀၀၀၀ သာ ဝယ်ယူပေးမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းရှိ လက်ကျန်ပဲများနှင့် နှိုင်းယှဉ်ပါက ဝယ်ယူပေးမည့် ပမာဏမှာ မပြောပလောက်ကြောင်း ကုန်သည်များက ဆိုသည်။

"ဝယ်ပေးမယ့် ပမာဏက တန်ချိန် ၃၀၀၀၀ ပဲရှိပြီး ပြည်တွင်းလက်ကျန်မတ်ပဲက တန်ချိန် နှစ်သိန်းခွဲနဲ့ ပဲစင်းငုံလက်ကျန်က တန်ချိန် တစ်သိန်းခွဲ ရှိနေတော့ ဘယ်လိုမှ မပြောပလောက်ဘူး။ လောလောဆယ်လည်း ပဲဈေးက တက်လာဖွယ်မရှိဘူး။ လက်ကျန်ပဲတွေ အလွန်ကို များနေပါတယ်။ အိန္ဒိယကလည်း ၁၀ လပိုင်းကုန်လောက်မှ သူ့နိုင်ငံမှာထွက်တဲ့ ပဲပမာဏနဲ့ ဈေးနှုန်း သိရမှာဆိုတော့ အထွက်နည်းမှလည်း ပြည်ပကနေ ပြန်ဝယ်မှာဖြစ်ပါတယ်"ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည် ဦးရဲမြင့်က ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက "သက်ဆိုင်ရာပါတဲ့ working group လည်း ဖွဲ့စည်းထားတယ်။ အစိုးရချင်း ချိတ်ဆက်မှုလုပ်နိုင်ဖို့ရော၊ ဒီကော်မတီကနေ အိန္ဒိယသံရုံးနဲ့လည်း ဆွေးနွေးထားတယ်။ လိုအပ်ရင် အိန္ဒိယနိုင်ငံအထိသွားဖို့ ပြင်ဆင်နေတယ်"ဟု ပြောသည်။

လက်ရှိတွင် ပြည်တွင်းရှိ လက်ကျန်ပဲများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး၊ အိန္ဒိယသို့ အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်မှုဖြင့် တင်ပို့နိုင်ရေး၊ အိန္ဒိယနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးတို့အတွက် မြန်မာဘက်က ပဲမျိုးစုံရောင်းဝယ်ရေး ပေါင်းစပ်ညှိနှိုင်းရေး အထူးအဖွဲ့ကို ဖွဲ့စည်းထားပြီဖြစ်ကာ အိန္ဒိယဘက်မှလည်း ညှိနှိုင်းမှုအဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းရန် ဆွေးနွေးထားကြောင်းသိရသည်။ ။

**ကော်မတီဘက်မှ မတ်ပဲနှင့် ပဲစင်းငုံများ ဝယ်ယူလျက်ရှိရာတွင် စုစုပေါင်း တန်ချိန် ၃၀၀၀၀ သာ ဝယ်ယူပေးမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းရှိ လက်ကျန်ပဲများနှင့် နှိုင်းယှဉ်ပါက ဝယ်ယူပေးမည့် ပမာဏမှာ မပြောပလောက်ကြောင်း ကုန်သည်များက ဆိုသည်။ "ဝယ်ပေးမယ့် ပမာဏက တန်ချိန် ၃၀၀၀၀ ပဲရှိပြီး ပြည်တွင်းလက်ကျန်မတ်ပဲက တန်ချိန် နှစ်သိန်းခွဲနဲ့ ပဲစင်းငုံလက်ကျန်က တန်ချိန် တစ်သိန်းခွဲ ရှိနေတော့ ဘယ်လိုမှ မပြောပလောက်ဘူး။ လောလောဆယ်လည်း ပဲဈေးက တက်လာဖွယ်မရှိဘူး။ လက်ကျန်ပဲတွေ အလွန်ကို များနေပါတယ်။ အိန္ဒိယကလည်း ၁၀ လပိုင်းကုန်လောက်မှ သူ့နိုင်ငံမှာထွက်တဲ့ ပဲပမာဏနဲ့ ဈေးနှုန်းသိရမှာ ဆိုတော့ အထွက်နည်းမှလည်း ပြည်ပကနေ ပြန်ဝယ်မှာဖြစ်ပါတယ်"ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည် ဦးရဲမြင့်က ပြောသည်**

# မိုးအဆက်မပြတ်ရွာနေ၍ စပါးများရိတ်သိမ်းရန် တောင်သူများအခက်တွေ့နေ



**ညောင်တုန်း အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းမှ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအနက် ထက်ဝက်ခန့်မှာ ရိတ်သိမ်းချိန် ရောက်ရှိနေပြီဖြစ်သော်လည်း ယခုရက်ပိုင်းအတွင်း အဆက်မပြတ် ရွာသွန်းနေသောမိုးကြောင့် စပါးပင်များ၏အခြေတွင် ရေများဝပ်နေသဖြင့် တောင်သူလယ်သမားများအနေဖြင့် ရိတ်သိမ်းရန် အခက်အခဲဖြစ်နေကြရကြောင်း သိရသည်။

"ကျွန်တော့်စပါးခင်းတွေက ဝင်းမှည့်နေပါပြီ။ ရိတ်သိမ်းဖို့အချိန်တန်နေပေမယ့် မိုးက အဆက်မပြတ်ရွာနေတော့ ဘယ်လိုမှ ရိတ်မရဖြစ်နေတယ်။ မိုးများနေလို့ အချို့စပါးပင်တွေ ဂုတ်ကျိုးပြီး ရေမြုပ်နေတယ်။ ဒီနှစ်ရာသီဥတုကောင်းလို့ စပါးအထွက် ကောင်းမယ်လို့ ခန့်မှန်းထားကြပေမယ့် ဒီမိုးကြောင့် လေလွင့်ဆုံးရှုံးမှုတွေ များနိုင်တယ်"ဟု ညောင်တုန်းမြို့နယ်မှ မိုးစပါးစိုက်တောင်သူ ဦးသန်းဝင်းက ပြောသည်။

ညောင်တုန်းမြို့နယ်၌ ယခုနှစ်အတွင်း မိုးစပါး ဧက ခြောက်သောင်းကျော် စိုက်ပျိုးထားရာ စိုက်ပျိုးချိန်တစ်လျှောက်လုံးတွင် ရာသီဥတု ကောင်းမွန်ခဲ့မှုကြောင့် အပင်များ အောင်မြင်ဖြစ်ထွန်းပြီး စပါးအထွက်နှုန်းလည်း ကောင်းနိုင်ကြောင်း သိရသည်။

ယခုနှစ်တွင် တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိသော စပါးများကို စပါးတင်းတစ်ရာလျှင် ကျပ် ၅၀၀၀၀၀ မှ ၅၂၀၀၀၀ နှုန်းခန့်အထိ ဈေးဖြင့် ဝယ်ယူလျက်ရှိသဖြင့်လည်း တောင်သူလယ်သမားများမှာ အမြန်ဆုံး စပါးရိတ်သိမ်းပြီး စပါးဈေးကောင်းစဉ်အချိန်အတွင်း ရောင်းချလိုလျက်ရှိကြောင်းနှင့် လက်ရှိအချိန်တွင် မိုးအဆက်မပြတ်ရွာနေခြင်းကြောင့် ရိတ်သိမ်းရန် အခက်တွေ့နေခြင်းဖြစ်ကြောင်းလည်း တောင်သူများထံမှ သိရသည်။

**နေလင်း(ညောင်တုန်း)**

# စင်ကာပူနိုင်ငံသို့ အပင်ထွက်ပစ္စည်းတင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်း လက်မှတ်ရှိရမည်

စင်ကာပူနိုင်ငံသို့ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် ပင်ရင်းနိုင်ငံမှ အပင်ပိုးမွှားကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ် ရှိရမည်ဖြစ်ကြောင်း သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်၍ ပြည်ပတင်ပို့ရောင်းချသူများထံမှ သိရသည်။



မန္တလေးမြို့မှ စိုးရာဇာသစ်သီးပွဲရုံပိုင်ရှင် ဦးရဲမြင့်က "ဒီလက်မှတ်ရဖို့ ကိုယ့်ဘက်က သတ်မှတ်ချက်အတိုင်း ထုပ်ပိုးပြင်ဆင်ထားတဲ့ စနစ်ကအစ တိတိကျကျ စစ်ဆေးခံရတယ်။ လက်မှတ်ရဖို့ ပြင်ဆင်လျှောက်ထားရတယ်။ အပင်ပိုးမွှားရောဂါ ကင်းရှင်းဖို့ဆိုတာ နိုင်ငံအလိုက် သတ်မှတ်ချက်တော့ ရှိနေပေမယ့် စင်ကာပူကတော့ တင်ပို့ရတာ ဈေးကောင်းရတယ်"ဟုပြောသည်။

စင်ကာပူနိုင်ငံသို့ တင်ပို့ရာတွင် ထိုနိုင်ငံရှိ စိုက်ပျိုးရေးထွက် စားသောက်ကုန်နှင့် မွေးမြူရေးကြီးကြပ်မှုအာဏာပိုင်၏ သွင်းကုန်ပါမစ်များ ရှိထားရန်လည်း လိုအပ်ကြောင်း၊ အပင်ကျန်းမာရေးဆိုင်ရာ သွင်းကုန်သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီရမည်ဖြစ်ကြောင်း သိရသည်။

ထိုသတ်မှတ်ချက်များနှင့် ကိုက်ညီရမည့် အပင်နှင့်အပင်ထွက် ပစ္စည်းများတွင် ငှက်ပျောသီး၊ ပီလောပီနံ့ဥ၊ ရှောက်သီး၊ သံပရာသီး၊ ကိုကိုး၊ အုန်းသီး၊ ကော်ဖီ၊ ဆီအုန်း၊ သစ်ခွ၊ ပြောင်းဖူး၊ နာနတ်၊ ဆန်၊ ကြက်ပေါင်စေး(ရော်ဘာ)၊ ကြံ၊ လက်ဖက်၊ ဟင်းသီး၊ ဟင်းရွက်များ၊ အော်ဂဲနစ်မြေသြဇာများ၊ မျိုးဗီဇပြုပြင်ထားသော အပင်များ၊ ဆေးဖက်ဝင်အပင် မျိုးနွယ်ဝင် သစ်ပင်၊ သစ်ရွက် စသည်တို့ပါဝင်ကြောင်း သိရသည်။ အဆိုပါ သစ်ပင်ထွက် ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံအလိုက် ထိန်းချုပ်ထားသော ပိုးမွှားနှင့် ပိုးသတ်ဆေးကြွင်းကျန်များ ပမာဏ၊ နည်းပညာဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူသမ္မတနိုင်ငံသို့ တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းနိုင်ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ-ကေဇူး**(AMIA)

# သီးနှံကာကွယ်ရေး တောင်သူနည်းပညာပေး သင်တန်းဖွင့်လှစ်ပို့ချ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများ ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ တာဝန်ခံများနှင့် ကွင်းဝန်ထမ်းများ လိုက်ပါ၍ အောက်တိုဘာ ၁၉ ရက်က ကျောက်ပန်းတောင်းမြို့နယ် လှိုင်သာကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ ဒေသခံတောင်သူများအား သီးနှံကာကွယ်ရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ သင်ကြားပေးခဲ့ကြောင်း သိရသည်။

သီးနှံကာကွယ်ရေး နည်းပညာပေးသင်တန်းတွင် ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တောင်သူများ စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများအလိုက် သီးနှံဖျက်ပိုးကျရောက်နိုင်မှု အခြေအနေများနှင့် သီးနှံဖျက်ပိုးကျရောက်ပါက သီးနှံအထွက်နှုန်း လျော့နည်းမှု မရှိစေရေး ဆောင်ရွက်ရမည့် သီးနှံကာကွယ်ရေးဆိုင်ရာ နည်းလမ်းကောင်းများကို ရှင်းလင်းဆွေးနွေး သင်ကြားပို့ချခဲ့သည်။

ထို့နောက် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက မြေဆီလွှာပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များကြောင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု လျော့နည်းရသည့် အခြေအနေများနှင့် မြေဆီလွှာပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေး ဓာတုဆေးဝါးများ၊ ပိုးသတ်ဆေးများ အလွန်အကျွံမသုံးစွဲကြရန်နှင့် ဓာတုဆေးဝါးများဖြင့်ပြုလုပ်ထားသည့် ဓာတ်မြေသြဇာများအစား မြေဆွေးဖြင့် ပြုလုပ်နိုင်သည့်သဘာဝမြေသြဇာများကို ပိုမိုသုံးစွဲသွားကြရန် နည်းလမ်းကောင်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေက သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်းကွာဟမှု အခြေအနေများနှင့် တောင်သူများ ဝင်ငွေတိုးတက်ကောင်းမွန်လာစေရေးအတွက် မျိုးကောင်းမျိုးသန့် စနစ်တကျထိန်းသိမ်းထားရှိရေးဆိုင်ရာ နည်းလမ်းများကိုလည်းကောင်း သင်ကြားပို့ချပေးခဲ့ကြသည်။

အဆိုပါ သီးနှံကာကွယ်ရေး နည်းပညာပေးသင်တန်းသို့ ကျောက်ပန်းတောင်းမြို့နယ် လှိုင်သာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်သည့် တောင်သူများက မိမိတို့သိရှိလိုသည့် အချက်များကိုလည်း တင်ပြမေးမြန်းဆွေးနွေးကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# သီးနှံအလေအလွင့်နည်းစေရန် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းသင်တန်းများပို့ချနေ



တောင်သူများ သီးနှံများရိတ်သိမ်းချိန် နီးကပ်လာပြီဖြစ်သည့်အတွက် ဖျက်ပိုးနှင့် ကြွက်များရန်ကြောင့် လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်နှင့် အရည်အသွေးကောင်းစွာ ရရှိစေရေးအတွက်လည်းကောင်း၊ သီးထပ်ဆောင်းသီးနှံ စိုက်ပျိုးမည့်တောင်သူများ အဆင်ပြေစေရန်အတွက်လည်းကောင်း ကရင်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးသို့ နည်းပညာပေးအဖွဲ့များ စေလွှတ်ထားကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သီးနှံကာကွယ်ရေးနှင့် မျိုးစေ့ဌာနမှ ဝန်ထမ်း ၁၃ ဦးဖြင့် ဖွဲ့စည်းထားသော ပညာပေးအဖွဲ့ကို ကရင်ပြည်နယ်အတွင်းရှိ သံတောင်ကြီးမြို့နယ် လိပ်သိုမြို့၊ ဘောဂလိမြို့၊ ဖာပွန်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင်၊ ကျိုက်ဒုံမြို့နယ်ခွဲ၊ ဘုရားသုံးဆူမြို့နယ်များသို့ အဖွဲ့ခြောက်ဖွဲ့ခွဲကာ စေလွှတ်ထားကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

ညွှန်ကြားရေးမှူးက "စပါးရိတ်သိမ်းချိန် ရာသီလည်းဖြစ်တယ်။ ဆောင်းသီးနှံအသစ်စိုက်ဖို့ အစပျိုးတဲ့အချိန်လည်း ဖြစ်တယ်။ ဒီတော့ နည်းပညာအဖွဲ့တွေ စေလွှတ်ထားတယ်။ ပိုးမွှားတွေကြောင့် သီးနှံအထွက်နှုန်း မကျအောင်နဲ့ နောင်စိုက်မယ့်သီးနှံအတွက် မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးလာနိုင်ဖို့ကို ရည်ရွယ်ပါတယ်"ဟု ဆက်ပြောသည်။

နည်းပညာပေးအဖွဲ့အနေဖြင့် စိုက်ခင်းများအတွင်း အခြေအနေများကို ကွင်းဆင်းစစ်တမ်းကောက်ယူကာ ရိတ်သိမ်းချိန်နီးကပ်နေသော သီးနှံများအတွက် တောင်သူများအား နည်းပညာပေးခြင်းများ၊ ကြွက်ထောင်ချောက်ပြုလုပ်နည်းများ အပါအဝင် ပိုးသတ်ဆေးများနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းများကို ကွင်းဆင်း သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူများ သီးနှံမျိုးကောင်းမျိုးသန့် ရရှိရေးနှင့် သီးနှံအထွက်တိုးရေးအတွက် တောင်သူများနှင့် တိုက်ရိုက်ဆွေးနွေးခြင်းအပြင် တောင်သူများတောင်းဆိုသည့် သီးနှံပင်များ ထောက်ပံ့ခြင်းကိုလည်း လုပ်ဆောင်သွားရန်ရှိကြောင်း ညွှန်ကြားရေးမှူးက ပြောသည်။

ကမမောင်းမြို့နယ်နေ တောင်သူ ဦးကညောထူးက "အခုတော့ စပါးခင်းတချို့အကွက်တွေက စပါး ဗိုက်ကြီးနေပြီး တချို့ဆိုလည်း သီးနေပြီဆိုတော့ ကြွက်နဲ့ စာကလေးလိုအကောင်တွေကို ဂရုစိုက်ရမယ်။ နွေစပါးတော့ မစိုက်ပါဘူး။ ဒီစပါးပေါ်ရင်တော့ ပဲတီစိမ်းနဲ့ မြေပဲတွေ စိုက်သွားဖို့ ရှိတယ်"ဟု ပြောသည်။

နည်းပညာပေးအဖွဲ့အနေဖြင့် ဒေသခံ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိသော ဒေသများတွင်လည်း အပစ်အခတ်ရပ်စဲထားသောအဖွဲ့များနှင့် ပူးပေါင်းကာ တောင်သူပညာပေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး မည်သည့်အဖွဲ့ကဖြစ်စေ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဖိတ်ကြားလာပါကလည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စောကျော်ဌေး**(AMIA)၊**ဓာတ်ပုံ-ကိုကရင်**(AMIA)

# ဂျပန်ထုတ် OSEKI စက်ဖြင့် မိုးစပါးရိတ်သိမ်းသရုပ်ပြ

**ရေတာရှည် အောက်တိုဘာ ၂၂**

တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်အတွက် လုပ်သားရှားပါးမှု၊ လုပ်အားခကုန်ကျစရိတ်ကြီးမြင့်မှုတို့နှင့် ကြုံတွေ့နေချိန်တွင် ခေတ်မီ လယ်ယာသုံး စက်ကိရိယာများကို ပြောင်းလဲအသုံးပြုလာကြပြီး လယ်ယာသုံးစက်ပစ္စည်းများ တောင်သူများလက်ဝယ်သို့ရောက်ရှိ ပိုင်ဆိုင်နိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနများနှင့် ချိတ်ဆက်၍လည်းကောင်း၊ ဘဏ်များနှင့်ချိတ်ဆက်၍လည်းကောင်း အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ကြသည်။

လယ်ယာသုံးစက်ပစ္စည်းများကိုလည်း ကုမ္ပဏီများကအပြိုင်အဆိုင်တင်သွင်း၍ ရောင်းချလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈)ထွန်စက်စခန်းက ဦးဆောင်၍ ကုန်ကြီးကျေးရွာအုပ်စုရှိ တောင်သူဒေါ်နီ၏ စပါးကွက်၌ ဂျပန်နိုင်ငံထုတ် OSEKI ရိတ်သိမ်းခြွေလှေ့စက် သရုပ်ပြပွဲကို အောက်တိုဘာ ၁၉ ရက်က ပြုလုပ်ခဲ့ပြီး ဂျပန်နိုင်ငံသားပညာရှင်များကိုယ်တိုင် စက်စွမ်းရည်များသရုပ်ပြကာ သရုပ်ပြသပွဲသို့ ကုန်းကြီး၊ ကွင်းကြီး၊ ဆွာမင်းလမ်းနှင့် ဇလုပ်ကြီး ကျေးရွာအုပ်စုများမှ တောင်သူ ၁၅၀ ကျော် လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# အစေ့ထုတ်ပြောင်းစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဝေါလေမြိုင် အောက်တိုဘာ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် စိုက်ပျိုးရေးကြီးကြပ်ကော်မတီကဦးဆောင်၍ ဝေါလေမြိုင်မြို့ ထီးသလဲကျေးရွာရှိ တောင်သူ ဦးစိုးပိုင်၏ တောင်ယာစံကွက်၌ အစေ့ထုတ်ပြောင်း စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အစေ့ထုတ်ပြောင်းရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်အုန်းက ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လာရောက်လေ့လာကြသော အနီးပတ်ဝန်းကျင်ရွာများမှ တောင်သူများအား စမ်းသပ်စံပြကွက်များ ဆောင်ရွက်ထားရှိပုံများကို ရှင်းလင်းပြသဆွေးနွေးသည်။

ထို့နောက် အုပ်ချုပ်ရေးမှူးက တောင်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို မေးမြန်းပြီး စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရေး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲနည်းများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

# ရိတ်သိမ်းခြွေလှေ့စက်ဖြင့် အစေ့ထုတ်ပြောင်းရိတ်သိမ်းသရုပ်ပြ

**သီပေါ အောက်တိုဘာ ၂၂**

စက်မှုလယ်ယာဦးစီးဌာန၏ အစေ့ထုတ်ပြောင်းရိတ်ခြွေစက်ဖြင့် သရုပ်ပြရိတ်သိမ်းခြင်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြို့ဟောင်းကျေးရွာမှ တောင်သူဦးကျော်ထွန်းဦး၏ ပြောင်းစိုက်ခင်း၌ အောက်တိုဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် အမှတ်(၉၆)ထွန်စက်စခန်း ကျောက်မဲခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်မိုးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မောင်အေးတို့က သမားရိုးကျ လူအင်အားဖြင့်ရိတ်သိမ်းခြင်းထက် စက်ကိရိယာများဖြင့် ရိတ်သိမ်းခြင်းက ပိုမိုထိရောက်ပြီး အချိန်ကုန် ငွေကုန် သက်သာပုံများနှင့် တောင်သူများအနေဖြင့် ပြောင်းသီးနှံများ စိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများကိုသာ ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးကြသည်။




ထို့နောက် အစေ့ထုတ်ပြောင်းရိတ်ခြွေစက်ဖြင့် လက်တွေ့သရုပ်ပြ၍ ပြောင်းရိတ်သိမ်းပြသခဲ့ရာ တောင်သူ ၅၀ ခန့် လာရောက်လေ့လာကြည့်ရှုကြပြီး စက်ကိရိယာဖြင့် ရိတ်သိမ်းခြင်းကို တောင်သူများ စိတ်ဝင်စားနှစ်ခြိုက်မှုရှိကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကွမ်းလုံ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကွမ်းလုံ အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး(GW-1 )စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၀ ရက်က နမ့်ဟူးကျေးရွာ ကွင်းအမှတ်(၁၂)ရှိ စံပြကွက်နှစ်ကေ၌ ပြုလုပ်ခဲ့ရာ ၀ ဒသမ ၁ ဧက စံကွက်ရိတ်သိမ်းမှုအရ တစ်ဧကအထွက်နှုန်းမှာ ၁၀၁ ဒသမ ၂၅ တင်းနှုန်းအထိ ထွက်ရှိကြောင်း သိရသည်။

မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်း၊ ခေတ်မီ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံးခြင်း၊ သွင်းအားစုများကို အပြည့်အဝ သုံးစွဲခြင်းကြောင့် တစ်ဧကအထွက်နှုန်း မြင့်မားလာခြင်း အကျိုးကျေးဇူးများနှင့် စိုက်နည်းစနစ်(၄)မျိုး စမ်းသပ်ထားရှိမှုတို့ကို တောင်သူများ လက်တွေ့သိမြင်နိုင်ကြောင်း၊ တောင်သူများအနေဖြင့် ပညာပေးနည်းစနစ်များကို တိကျစွာ လိုက်နာကျင့်သုံးသွားရန် လိုအပ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဒွေးလွင်က စံကွက်ရိတ်သိမ်းပွဲတွင် ရှင်းလင်း ပြောကြားသည်။ စံကွက်ရိတ်သိမ်းပွဲသို့ ဒေသတွင်းမှ ကိုးကန့်၊ ရှမ်းတိုင်းရင်းသားတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး တောင်သူများက လိုအပ်ချက်များကို တင်ပြ၍ သိရှိလိုသည်များကိုလည်း မေးမြန်းဆွေးနွေးကာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှိုင်မင်းထွန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



## ပန်းပုပစ္စည်းနှင့် ကြိမ်/ဝါး လက်မှုအချောထည် နမူနာများ ပြည်ပတင်ပို့ခွင့်ပြုချက် ဖြေလျှော့

သစ်နှင့်ပြုလုပ်သော ပန်းပုပစ္စည်းများနှင့် ကြိမ်/ဝါး လက်မှုအချောထည် နမူနာပစ္စည်းများကို ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသော ခွင့်ပြုချက်အချို့ကို ဖြေလျှော့ပေးလိုက်ကြောင်း သစ်နှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများ၏ ပြောကြားချက်များအရ သိရသည်။

ထိုသို့ ဖြေလျှော့ပေးမှုများတွင် သစ်တောနယ်မြေနှင့် သဘာဝတောများတွင် ပေါက်ရောက်နေသည့် ကြိမ်/ဝါး အပါအဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်း၊ ပြည်ပတင်ပို့ခြင်းကိစ္စများအတွက် သစ်လုပ်ငန်းဦးစီးဌာနက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များအရ သတ်မှတ်ထားသည့် အခွန်ငွေပေးဆောင်၍ ပြည်တွင်း၌ ဘီလ်ပြေစာအထောက်အထား၊ သယ်ယူခွင့်၊ မျှောစာတို့ဖြင့် လွတ်လပ်စွာ သယ်ယူရောင်းချခွင့်ပြုလိုက်ကြောင်း သိရသည်။

သစ်သားပန်းပုနှင့် ကြိမ်/ဝါးတို့ဖြင့် ပြုလုပ်ထားသော လက်မှုအချောထည် ပစ္စည်းများကို စီးပွားဖြစ်မဟုတ်ဘဲ နိုင်ငံခြားသားများက အမှတ်တရအဖြစ် ဝယ်ယူ၍ ပြည်ပသို့သယ်ဆောင်ရာတွင်လည်း သစ်တောဦးစီးဌာန၏ သစ်တောထောက်ခံချက် ရယူရန် မလိုအပ်ဘဲ ရောင်းချသူ၏ ဆိုင်အရောင်းပြေစာများဖြင့်သာ သယ်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်သားပန်းပု၊ ကြိမ်/ဝါးတို့ဖြင့် ပြုလုပ်သော လက်မှုအချောထည်ပစ္စည်းများကို စီးပွားဖြစ်မဟုတ်ဘဲ ပြည်ပသို့ နမူနာပစ္စည်းများ တစ်ကြိမ်ပေးပို့ခြင်းအတွက် သယ်ယူလိုသည့် ပစ္စည်းအမျိုးအစားကို တစ်ခုလျှင် အရေအတွက် ၁၀ ခုထက် မပိုစေဘဲ နမူနာပစ္စည်းများ၏ စုစုပေါင်း ကာလတန်ဖိုးသတ်မှတ်ချက်မှာ အမေရိကန် ဒေါ်လာ ၅၀၀ ထက် မပိုပါက သစ်တောထောက်ခံချက် ရယူရန်မလိုဘဲ သယ်ယူခွင့်ပြုလိုက်ကြောင်း သိရသည်။

ပန်းပုပစ္စည်းနှင့် ကြိမ်/ဝါး လက်မှုအချောထည်များအတွက် ဖြေလျှော့မှုများလုပ်ပေးထားသော်လည်း ပရိဘောဂပစ္စည်းများ ထုတ်လုပ်တင်ပို့ ရောင်းချရာတွင်မူ ချမှတ်ထားသော ဥပဒေစည်းမျဉ်းများကြောင့် လုပ်ငန်းများ မတွင်ကျယ်ဘဲဖြစ်နေကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ပရိဘောဂ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်မှုမှာ အာဆီယံနိုင်ငံများအကြားတွင် လာအိုနိုင်ငံပြီးလျှင် ဒုတိယအနည်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်လျှင် ၂၀၁၆ ခုနှစ်က ထိုင်းနိုင်ငံသည် အမေရိကန် ဒေါ်လာ ၁၀၆၉ ဒသမ ၈ သန်းဖိုးခန့် ပရိဘောဂများ တင်ပို့နိုင်ပြီး မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၈ သန်းဖိုးခန့်သာ တင်ပို့ရောင်းချနိုင်သဖြင့် အလွန် နောက်ကျကျန်လျက် ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံ ပရိဘောဂ စက်မှုလက်မှုအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပရိဘောဂဖွံ့ဖြိုးလာရင် လုပ်သားတွေကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာပေးနိုင်၊ ပံ့ပိုးပေးနိုင်မယ်။ တိုင်းပြည်ရဲ့ GDP တက်လာနိုင်ဖို့ အထောက်အကူဖြစ်စေမယ်။ ဒါကြောင့် လုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့ပေးဖို့ လိုအပ်တယ်”ဟု ပြောသည်။

ပြည်တွင်းရှိ ဌာနများအလိုက် ချမှတ်ထားသော ဥပဒေစည်းမျဉ်းများကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့မှု မရှိသေးသဖြင့် ပရိဘောဂ ထုတ်လုပ် တင်ပို့ရောင်းချမှုများနှင့်ပတ်သက်၍ လျင်မြန်စွာ တင်ပို့ရောင်းချနိုင်ရန်အတွက် လက်ရှိကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများမှ အချို့ကို လျှော့ပေါ့ပေးရန် လိုအပ်ကြောင်းလည်း ပရိဘောဂလုပ်ငန်းရှင်များက ဆိုကြသည်။

လက်ရှိအချိန်၌ ပြည်တွင်းမှထုတ်လုပ်သော ပရိဘောဂပစ္စည်းများကို ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်၍ နမူနာများ ပြသရာတွင် လျင်မြန်မှုမရှိဘဲ ကြန့်ကြာနေသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အကောက်ခွန်ဌာနတို့ ပူးပေါင်းကာ ပရိဘောဂထုတ်လုပ် တင်ပို့ရောင်းချမှုများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်းလည်း ပရိဘောဂလုပ်ငန်းရှင်များ၏ ပြောကြားချက်များအရ သိရသည်။

**ဇာလင်းသူ**(AMIA)

## နတ်တလင်းမြို့နယ်၌ တောင်သူအကြိုက် မျိုးစပါးရွေးချယ်ရန် ရှင်းလင်းဆွေးနွေး

**နတ်တလင်း အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူအကြိုက် မျိုးစပါးရွေးချယ်ခြင်းအတွက် စံချိန်စံနှုန်းနှင့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပွဲကို နွယ်ခွေကျေးရွာအုပ်စု ကျွန်းကတုတ်ရွာရှိ တောင်သူ ဦးတင်ရှိန်၏ စပါးလေးမျိုး ယှဉ်ပြိုင်စိုက်ကွက်၌ အောက်တိုဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးမျိုးသူက ယခုလယ်မြေတွင် စိုက်ပျိုးထားသော စပါးမျိုးများသည် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနမှ စပါးမျိုး(၄)မျိုးကို စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ယှဉ်ပြိုင်သောစပါးမျိုးများကို အမည်မတပ်ရသေးဘဲ ကုတ်နံပါတ်များသာ ရေးထားကြောင်း၊ ထိုစပါးမျိုးများကို ဒေသခံတောင်သူများကြိုက်သည့် ဆင်းသုခစပါးမျိုးနှင့် နှိုင်းယှဉ်ရွေးချယ်မည်ဖြစ်ကြောင်း၊ အစိုးရပိုင်မြေတွင် စိုက်ပျိုးခြင်းမပြုလုပ်ဘဲ ဒေသခံတောင်သူပိုင် လယ်မြေတွင် စိုက်ပျိုးထားခြင်းဖြစ်၍ မြေအနေအထားအရ သံသယဖြစ်စရာမရှိကြောင်း၊ ဒေသခံတောင်သူများ ကြိုက်သည့်စပါးမျိုးမှာ ဆင်းသုခစပါးမျိုးဖြစ်၍ ယခုစိုက်ပျိုးထားသော စပါးမျိုး(၄)မျိုးနှင့် ယှဉ်ပြိုင်ကာ ဒေသခံတောင်သူများက ရွေးချယ်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



စပါးမျိုးများရွေးချယ်ရာတွင် အပင်အနိမ့်အမြင့်၊ ကောက်တစ်ပင်၏ ပင်ပွားနှုန်း၊ စပါးနှံပွားနှုန်း၊ စပါး၏ အလေးချိန်၊ စပါးအသိမ်အဖျင်းအမှော်များ၊ အပင်ယိုင်လဲမှုနှုန်း၊ ရာသီဥတုဒဏ်ခံနိုင်မှုအခြေအနေ စသည့် စပါးမျိုး၏ လက္ခဏာရပ်များအလိုက် တောင်သူများက ရှုထောင့် အမျိုးမျိုးမှ ကြည့်ရှုပြီး ဆုံးဖြတ်ပေးကြရန် ဖြစ်ကြောင်း၊ လယ်သမားတစ်ဦးလျှင် မိမိစိတ်ကြိုက်စပါးမျိုးတစ်မျိုးကိုသာ တစ်မဲပေးပိုင်ခွင့်ရှိပြီး မဲအများဆုံးရသော စပါးမျိုးသည် တောင်သူများအကြိုက်ဆုံးဖြစ်ကာ ဒေသ၏ ရေမြေအနေအထားနှင့်လည်း အကိုက်ညီဆုံးဟု သတ်မှတ်မည်ဖြစ်ကြောင်း ဦးစီးအရာရှိက ဆက်လက်ရှင်းလင်းပြောကြားသည်။

ထိုယှဉ်ပြိုင်မှုတွင် တောင်သူများစိတ်ကြိုက် ရွေးချယ်သည့် ရလဒ်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စာတမ်းပြုစုပြီး ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနသို့ ပြန်လည်၍ အကြောင်းပြန် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## သီးနှံစုံအခြောက်ခံစက် လွှဲပြောင်းပေးအပ်

**စဉ့်ကိုင် အောက်တိုဘာ ၂၂**

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးအနေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအား အဆင့်မြင့်စက်မှုလယ်ယာအဆင့်သို့ ပြောင်းလဲလာစေရန်နှင့် တောင်သူများ၏ ထုတ်ကုန်သီးနှံများ အရည်အသွေးပြည့်မီပြီး လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း Japanese Institute of Irrigation and Drainage(JIID) အဖွဲ့အစည်းက မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စုသို့ ကျပ် ၉၅ သိန်းတန်ဖိုးရှိ သီးနှံစုံ အခြောက်ခံစက်ကို အောက်တိုဘာ ၂၀ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးကောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည့် လွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက သီးနှံစုံအခြောက်ခံစက်ကို အကျိုးရှိရှိအသုံးချစေလိုကြောင်းနှင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက်သွားရန် ဒေသခံတောင်သူများအား အမှာစကားပြောကြားပြီး JIID အဖွဲ့အစည်းမှ တာဝန်ရှိသူက စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သီးနှံစုံအခြောက်ခံစက် လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

JIID အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းများ၊ လယ်ယာမြေရေသွင်း/ရေထုတ်ခြင်းများကို ဂျပန်နိုင်ငံ၏စံနှုန်းနှင့်အညီ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး ဆည်ရေသောက်အတွင်းရှိ အဓိကအားထားရသည့် နှမ်း၊ စပါးနှင့်တကွ ယာသီးနှံများအားလုံး အရည်အသွေးပြည့်မီရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် မိုးကောင်းကျေးရွာအုပ်စုအတွင်းရှိ မြေ ၂၆ ဒသမ ၅၆ ဧကကို အဆင့်မြင့်လယ်ယာမြေ စမ်းသပ်ဖော်ထုတ်ကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အပူပိုင်းဇုန်ဒေသများအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ(JCC) အစည်းအဝေးနှင့် ဆွေးနွေးပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေး၏ရည်ရွယ်ချက်မှာ ရေချွေတာသုံးစွဲနည်းဆိုင်ရာစီမံကိန်း(WSAT)အရ အပူပိုင်းဇုန်ဒေသအတွင်း တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လူနေမှုဘဝ မြင့်မားလာစေရေးအတွက်ဖြစ်ကြောင်း၊ အပူပိုင်းဇုန်ဒေသနှင့် ကိုက်ညီသင့်လျော်သော သီးနှံမျိုး၊ စိုက်နည်းစနစ်များနှင့်အတူ ရေချွေတာသုံးစွဲသည့် နည်းပညာများ ပြန့်ပွားစေရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။



အစည်းအဝေးတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစွာ ထောက်ပံ့နိုင်ရေးသည် အဓိကကျသော တာဝန်တစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရေအရင်းအမြစ်များကို အကျိုးရှိစွာသုံးစွဲနိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြေပေါ်၊ မြေအောက် ရေရရှိမှု ပေါကြွယ်ဝသော်လည်း ရေကို အကျိုးရှိစွာသုံးစွဲနိုင်မှုနှင့် ရေသွင်းစိုက်ပျိုးနိုင်မှုမှာ စုစုပေါင်း စိုက်ဧရိယာ၏ ၁၆ ရာခိုင်နှုန်းခန့်သာရှိသေးကြောင်း၊ အပူပိုင်းဇုန်အတွင်းရှိ တောင်သူများအနေဖြင့် ရေရှားပါးခြင်းကြောင့် သီးနှံအထွက်လျော့ပါးခြင်းများကို ကြိမ်ဖန်များစွာ ကြုံတွေ့ခံစားရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံရေးအတွက် ရေရှားပါးမှုကို ဖြေရှင်းပေးနိုင်ရန်၊ သဘာဝရေအရင်းအမြစ်များမှ ရေချွေတာသုံးစွဲနည်းစနစ်များကို ဖော်ထုတ်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ အပူပိုင်းဇုန်ဒေသတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအနေဖြင့် ရေချွေတာသုံးစွဲသည့် နည်းပညာများကို ထောက်ပံ့၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးနှင့် ဆွေးနွေးပွဲမှ စီမံကိန်းအတွက် ပိုမိုအောင်မြင်သော ရလဒ်ကောင်းများ ရရှိလာနိုင်မည်ဟု မျှော်လင့်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် WSAT စီမံကိန်းနှင့်ပတ်သက်၍ လက်ရှိ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများ၊ ရရှိခဲ့သည့် ရလဒ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ညွှန်ကြားရေးမှူး ဒေါက်တာနွဲ့နွဲ့ယဉ်က ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာသူများက မေးမြန်းအကြံပြုသည်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသောစီမံကိန်းမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ကျွန်တော်နဲ့ လူတော်လူကောင်း



◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်** ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ကျွန်တော်တို့နိုင်ငံမှာ လူတော်လူကောင်းနဲ့ပတ်သက်ပြီး အရင်ခေတ်ကမေးခွန်းတွေ ထုတ်ခဲ့သလို အခုခေတ်မှာလည်း ဒီမေးခွန်းကို မေးနေတာ တွေ့ရတယ်။ ထူးခြားတာက မေးခွန်းမေးတဲ့ပုံစံနှစ်ခုထဲက တစ်ခုကို ရွေးရမယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်နေတာ။ တော်တဲ့သူကို ရွေးချယ်မလား၊ ကောင်းတဲ့သူကို ရွေးချယ်မလား။ တစ်နည်းပြောရရင် တော်ရင် မကောင်းနိုင်ဘဲ ကောင်းရင်လည်း မတော်နိုင်သလို ဖြစ်နေတယ်။ ကျွန်တော်ကတော့ တော်လည်းတော်ရမယ်။ ကောင်းလည်း ကောင်းရမယ်လို့ ယူဆမိတယ်။ ရွေးချယ်ဖို့မသင့်ဘဲ နှစ်ခုစလုံးကို တစ်ပြိုင်တည်းရဖို့ လိုမယ်လို့ထင်မိတယ်။

တော်တယ်လို့ ပြောတာက ဘာနဲ့တိုင်းပြီးပြောတာလဲ၊ ကလေးတစ်ယောက်တော်တယ်လို့ပြောရင် များသောအားဖြင့် စာတော်တာကို ရည်ရွယ်တာဖြစ်တယ်။ ဒါကြောင့်လည်း မိဘတိုင်းဟာ ပညာရေးကို ဦးစားပေးကြတယ်။ စာတော်ရင် ဘဝမှာ အောင်မြင်နိုင်လိမ့်မယ်လို့ ယူဆကြတယ်။ ဒါကြောင့်လည်း ပညာသင်နေတဲ့အချိန်မှာ အနှောင့်အယှက်ပေးနိုင်တယ်လို့ ယူဆတဲ့ အားကစားတို့၊ အနုပညာတို့ကို အားမပေးကြဘူး။ စာကိုထိခိုက်မှာစိုးကြတယ်။ ကျောင်းစာထိခိုက်စေမယ့်အလုပ်တွေကို လုပ်ခွင့်မပေးခဲ့ကြဘူး။ ဒီစဉ်းစားချက်တွေဟာ ယဉ်ကျေးမှုတိုင်း၊ နိုင်ငံတိုင်းမှာ ကြုံတွေ့ရပြန်တယ်။

ဒီအယူအဆက ထက်မြက်မှု (intelligence)ကို ဉာဏ်ရည်မြင့်မားမှု (mental intelligence)ရှုထောင့်တစ်ခုတည်းက သုံးသပ်တဲ့အမြင် အယူအဆဖြစ်တယ်။ ဒီအယူအဆကို လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ကျော်က အမေရိကန်နိုင်ငံ Harvard တက္ကသိုလ်ပညာရေးဌာန ပါမောက္ခ Gardner က အမြင်အသစ်တစ်ခုနဲ့ အစားထိုးခဲ့တယ်။ သူ့ရဲ့အယူအဆအရ ထက်မြက်မှုဟာ ဉာဏ်ရည်ထက်မြက်မှုတစ်ခုတည်းမဟုတ်ဘဲ ဘက်ပေါင်းစုံမှ ပြည့်စုံရမယ်လို့ တင်ပြခဲ့တယ်။ ထက်မြက်မှုကို ရှုထောင့်ရှစ်ခုမှ သရုပ်ဖော်တာဖြစ်ပါတယ်။ ပထမနှစ်ခုက ဉာဏ်ရည်ထက်မြက်မှုနဲ့ ဆိုင်တယ်။ ဒါကတော့ ရေးတတ်ဖတ်တတ်တာရယ်၊ တွက်ချက်မှုမှာ ထက်မြက်တာဖြစ်တယ်။ ဒီထက်မြက်မှုနှစ်ရပ်ကို ပညာရေးစနစ်တွေက အာရုံစိုက်ပြီး ပြုစုပေးတာဖြစ်တယ်။ ကျောင်းသင်ခန်းစာတွေ အားလုံးဟာ ဒီနှစ်ခုကို အခြေခံထားတာ ဖြစ်တယ်။ တတိယထက်မြက်မှုက သဘာဝနဲ့ပတ်သက်ပြီး လေးစားစောင့်ရှောက် တာဖြစ်တယ်။ ဒီထက်မြက်မှုဟာ အခုကာလမှာ ပိုပြီး အရေးပါလှတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရမယ့်တာဝန်က လူတိုင်းမှာရှိတာမို့ သဘာဝကို ချစ်ရမယ်၊ မြတ်နိုးရမယ်။ စတုတ္ထကတော့ ပုံဖော်နိုင်မှုဖြစ်တယ်။ ပဉ္စမထက်မြက်မှုက ကျန်းမာသန်စွမ်းမှုဖြစ်ပါတယ်။ အားကစားကို စိတ်ဝင်စားရမယ်။ ကာယဗလပြည့်စုံမှုဖြစ်တယ်။ နံပါတ်(၆)ကတော့ ဂီတအနုပညာကို ကျွမ်းကျင်လိမ္မာမှုဖြစ်တယ်။ နောက်ဆုံးနှစ်ခုကတော့ မိမိကိုယ်နဲ့ဆိုင်ပါတယ်။ ဒါတော့ သူများနဲ့ ထိတွေ့ဆက်ဆံတဲ့အခါ ကိုယ်ချင်းစာစိတ်မွေးပြီး လက်ခံမှုဖြစ်ပါတယ်။ နောက်ဆုံးကတော့ မိမိကိုယ်ကို ထိထိရောက်ရောက် ဆက်ဆံမှုပဲဖြစ်ပါတယ်။

လူတစ်ယောက်ရဲ့ ထူးချွန်ထက်မြက်မှုကို စဉ်းစားရာမှာ ဉာဏ်ရည်ထက်မြက်မှုကိုသာ အသားပေးပြီး ပြောကြတယ်။ ဉာဏ်ရည်ထက်မြက်မှုကို IQ ပေတံနဲ့ တိုင်းထွာပါတယ်။ IQ မြင့်မားတဲ့သူဟာ နိမ့်တဲ့သူထက်ပိုပြီး “တော်” တယ်လို့ သတ်မှတ်ကြတယ်။ ဒါကြောင့်လည်း အမေရိကန်ပြည်ထောင်စု သမ္မတအသစ်က သူ့ရဲ့ IQ ဟာ သူ့ရဲ့ဝန်ကြီးတွေထက် မြင့်မားကြောင်း ကြွားဝါနေတာတွေ့ရတယ်။ ဒါပေမယ့် IQ မြင့်တဲ့သူတွေဟာ ဘဝမှာအောင်မြင်မယ်လို့ အာမမခံနိုင်တာ တွေ့ရပြန်တယ်။ ကျောင်းတုန်းက ကိုယ်နဲ့အတူ စာသိပ်တော်ကြတဲ့သူငယ်ချင်းတွေဟာ ဘဝမှာ ထင်သလောက်မအောင်မြင်ကြတာ မြင်ရပြန်တယ်။ ကျောင်းတုန်းက သူလိုငါလိုဖြစ်နေပေမယ့် ဘဝမှာ ထူးချွန်တဲ့သူတွေရှိနေပြန်တယ်။ ဘာကြောင့် အခုလိုဖြစ်ရတာကို သုံးသပ်တဲ့အခါ အောင်မြင်သူတစ်ယောက်အတွက် IQ လိုအပ်သလို EQ လည်း လိုအပ်ကြောင်း လက်ခံလာခဲ့ကြတယ်။ EQ နဲ့ ပတ်သက်လာရင် ကျွန်တော်က အခွင့်အရေးရတိုင်းဟောပြောနေတာ။ အမှန်တော့ EQ ဟာ အပိုင်းလေးပိုင်းရှိပါတယ်။ အရေးကြီးဆုံးကတော့ ကိုယ့်အကြောင်းကိုယ်သိခြင်းဖြစ်တယ်။ ရုတ်တရက်ဆို ကိုယ့်အကြောင်း ဘာကြောင့်မသိရမှာလဲလို့ စောဒကပြုကြမှာ။ ဒါပေမယ့် အသေအချာစဉ်းစားရင် ကိုယ့်အကြောင်း ပြည့်ပြည့်စုံစုံမသိတာကို လက်ခံကြမှာဖြစ်ပါတယ်။ ကိုယ့်အကြောင်း ကိုယ်သိနေရင် တွေးတာ၊ ပြောတာ၊ လုပ်တာတွေကို ဆင်ခြင်နိုင်မှာ။ ကိုယ့်အကြောင်း ကိုယ်သိသူဟာ ဒုတိယအပိုင်းဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် စီမံနိုင်သူဖြစ်ပါတယ်။

ကိုယ့်ကိုသိတဲ့သူဟာ တတိယအပိုင်းဖြစ်တဲ့ကိုယ်နဲ့ ပတ်သက်တဲ့သူတွေကိုသိနားလည်နိုင်ပြီးကိုယ်ချင်းစာ တရားပွားများနိုင်သူ ဖြစ်တယ်။ နောက်ဆုံးကတော့ တခြား သူတွေနဲ့ ထိတွေ့ဆက်ဆံမှုဖြစ်တယ်။EQ မြင့်မားတဲ့သူတွေဟာ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်သူတွေဖြစ်တယ်။ EQ ဟာ အသက်နဲ့ မဆိုင်ပါဘူး။ ငယ်ရွယ်သူတွေမှာ EQ မြင့်မားနိုင်သလို အသက်ကြီးပေမယ့် EQ နိမ့်ကျနိုင်ပါတယ်။ ကျား/မနဲ့ EQ ကို မခွဲခြားနိုင်တာတွေ့ရတယ်။ လူမျိုးနဲ့လည်း မပတ်သက်ပြန်ဘူး။ အထူးခြားဆုံးတွေ့ရှိချက်က IQ လို မွေးရာပါမဟုတ် EQ ကို မြှင့်တင်နိုင်စွမ်းရှိတဲ့ ကိစ္စဖြစ်တယ်။

ဒါကြောင့် တော်ခြင်းကို IQ မြင့်ရုံမဟုတ်ဘဲ EQ မြင့်မားတာလည်း ပါဝင်တာ တွေ့ရပြန်တယ်။ လူတိုင်းမှာ စောစောက တင်ပြခဲ့သလို ထက်မြက်မှု ရှစ်မျိုးရှိသလို ပုံစံတစ်မျိုးနဲ့သုံးသပ်ပါက ငါးမျိုးရှိကြောင်း တွေ့ရပါတယ်။ ပထမထက်မြက်မှုကတော့ ကျန်းမာမှုပဲ ဖြစ်တယ်။ ကျန်းမာရေးဟာ အရေးကြီးတယ်။ သွက်လက်ဖို့၊ ဖျတ်လတ်ဖို့ လိုတယ်။ ဒါကြောင့် လူငယ်တွေကို အားကစားပြုစုပျိုးထောင်ဖို့ လိုတယ်။ ကျောင်းတွေမှာ စာသင်ကြားမှုနဲ့ တွဲဖက်ပြီး အားကစားဝါသနာပါအောင်၊ တက်တက်ကြွကြွပါဝင်အောင် အားပေးဖို့ လိုအပ်တယ်။ ဒုတိယထက်မြက်မှုကတော့ ဉာဏ်ရည်ထက်မြက်မှုဖြစ်တယ်။ မွေးရာပါအရည်အချင်းဖြစ်ပေမယ့် ပညာသင်ကြားမှုကတစ်ဆင့် တိုးတက်လာအောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်။ တတိယထက်မြက်မှုကတော့ EQ ပဲဖြစ်တယ်။ စတုတ္ထထက်မြက်မှုကတော့ ယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်တယ်။ ယုံကြည်ကိုးကွယ်မှုနဲ့ ဘာသာရေးကို ခွဲခြားတတ်ဖို့ လိုတယ်။ ဒီထက်မြက်မှုကို မြင့်မားအောင် ကြိုးစားနိုင်ရင် ဘာသာရေးအစွန်းတရားတွေကို ရှောင်နိုင်မှာ ဖြစ်တယ်။ မိမိယုံကြည် ကိုးကွယ်မှုကို အလေးထားသလို တစ်ဖက်သားရဲ့ကိုးကွယ်မှုကိုလည်း အသိအမှတ်ပြုဖို့လိုတယ်။

> **လူတော်နဲ့ လူကောင်းဟာ ဝိရောဓိမဟုတ်ပါဘူး။ တော်တဲ့သူနဲ့ ကောင်းတဲ့သူတွေကို ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးရမှာဖြစ်တယ်။ ပေးတဲ့တာဝန်မကျေရင်တော့ တာဝန်သိသိနဲ့ တုံ့ပြန်ရမှာ။ တော်တယ်လို့ ပြောတဲ့နေရာမှာလည်း တော်ရုံတန်ရုံ တော်ရုံမဟုတ်ဘဲ ထူးချွန်တဲ့သူတွေဖြစ်ရမယ်။ သူများနဲ့ယှဉ်ရင် ပေါ်လွင်နေရမယ်။ ကောင်းတယ်လို့ပြောပြန်ရင်လည်း ဘက်စုံပြည့်စုံသူဖြစ်ဖို့ လိုအပ်တယ်**

တစ်နေ့က ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းမှာ ကျင်းပတဲ့ ဘာသာပေါင်းစုံဆုတောင်းပွဲကို ရုပ်မြင်သံကြားက တစ်ဆင့်ကြည့်ရလို့ ပီတိဖြစ်မိတယ်။ ဘာသာရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေက ငြိမ်းချမ်းရေးကို ရှေ့တန်းတင်ပြီး အေးချမ်းဖို့၊ ငြိမ်းချမ်းဖို့တစ်ဦးနဲ့တစ်ဦးနားလည် သည်းခံမှုရှိဖို့ တိုက်တွန်းခဲ့တာ နောက်ဆုံးကတော့ CQ လို့ခေါ်တဲ့ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ထက်မြက်မှုဖြစ်တယ်။ မိမိနဲ့ ပတ်သက် ဆက်ဆံတဲ့သူတွေဟာ ယဉ်ကျေးမှုအရ မတူကြပါဘူး။ မတူညီတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို နားလည်ပြီး သိမ်သိမ်မွေ့မွေ့ ရင်ဆိုင်နိုင်ခြင်း ဖြစ်ပါတယ်။ တော်တာနဲ့ ပတ်သက်ပြီး ကျွန်တော်ကတော့ လူတိုင်းဟာ ပထမဆုံးအနေနဲ့ အသက်ရှင်မှုကို အာရုံပြုရမယ်။ အသက်ရှင်မှုလို့ ပြောတဲ့အခါ စားဝတ်နေရေးနဲ့ အခြေခံလိုအပ်ချက်တွေကိုသာ အာရုံမပြုဘဲတန်ဖိုးရှိတဲ့၊ အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။ မိမိရဲ့ ဘဝမှာလိုအပ်တဲ့ အတွေ့အကြုံမျိုးစုံကို စုစည်းဖို့လိုအပ်ပါတယ်။

ဒုတိယအနေနဲ့ကတော့ သင်ယူ၊ ခံယူမှုဖြစ်တယ်။ ဒီလိုပြောတဲ့နေရာမှာ ကျောင်းတက်ဖို့ ပြောခြင်းမဟုတ်ပါ။ ကျောင်းတက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ၊ သင်ယူ၊ ခံယူစိတ်ရှိဖို့လိုမယ်။ မသိသေးတာတွေ အများကြီးရှိတာမို့ သိအောင်ကြိုးစားဖို့ လိုအပ်မှာ ဖြစ်တယ်။ တစ်သက်လုံး သေတဲ့အထိ လေ့လာချင်တဲ့၊ ဆည်းပူးချင်တဲ့စိတ် မွေးဖို့လိုအပ်တယ်။ တတိယကတော့ မေတ္တာတရားပွားများမှု၊ အစွန်းရောက်မှု၊ အကြမ်းဖက်မှုတွေကို မေတ္တာနဲ့တုံ့ပြန်ပြီး အနိုင်ယူရမှာ။ ကျွန်တော်တို့နိုင်ငံမှာ မေတ္တာကို ရှေ့တန်းတင်သင့်တယ်။ တင်ရမှာဖြစ်တယ်။ နောက်ဆုံးကတော့ ကောင်းတဲ့အမွေထားနိုင်ဖို့ ဖြစ်တယ်။ အမွေလို့ပြောတဲ့နေရာမှာ ငွေကြေးဥစ္စာခနကို ရည်ညွှန်းတာမဟုတ်ဘဲ နာမည်ကောင်းကို လက်ဆင့်ကမ်းဖို့ဖြစ်တယ်။ မိမိမရှိတဲ့အချိန်မှာ နောင်လာနောက်သားတွေအတွက် ကောင်းမွန်တဲ့အမွေကိုထားနိုင်ဖို့ လိုအပ်လှပါတယ်။ တော်ခြင်းနဲ့ ပတ်သက်ပြီး ကောင်းတာကို သုံးသပ်သင့်တယ်။

ကောင်းတဲ့သူဟာ ရိုးသားတဲ့သူ၊ ပွင့်လင်းမြင်သာမှုကို ဦးထိပ်ထားသူဖြစ်တယ်။ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး လုံးဝမပတ်သက်ဖို့ လိုအပ်တယ်။ ကောင်းတဲ့သူကိုပြောတာက ကျင့်ဝတ်သိက္ခာကို အလေးထားသူဖြစ်တယ်။ မှန်တာကို လုပ်ရဲသူ၊ မှန်တာကို ပြောရဲတဲ့သူ။ ကျွန်တော့် အနေနဲ့ကတော့ ဆန္ဒစောလို့ ထင်ပါရဲ့။ ကောင်းတယ်လို့ပြောတဲ့နေရာမှာ ရိုးသားမှုတစ်ခုတည်းနဲ့ မဆုံးဖြတ်သင့်ဘူး။ ရိုးသားပြီး စွမ်းဆောင်ရည်မရှိရင် အကျိုးရှိမှာ မဟုတ်ပါဘူး။ ရိုးသားတဲ့သူတွေနဲ့ လှုပ်ရှားနေလို့ မဖြစ်ဘူး။ တတ်တဲ့သူ၊ တော်တဲ့သူတွေလည်း လိုအပ်မှာဖြစ်တယ်။ ပြီးတော့ အခုအချိန်မှာ သတ္တိရှိရှိလုပ်ရဲတဲ့ လူတော်၊ လူကောင်းတွေ လိုအပ်နေတယ်။ မှားမှာကြောက်ရင် ဘာမှမလုပ်တာ အကောင်းဆုံးဖြစ်နေတယ်။ ကြောက်စိတ်တွေက ရှေ့တန်းရောက်နေသလိုပဲ။ ကိုယ့်ရဲ့သိက္ခာ၊ သမာဓိကိုယုံရင် ရဲရဲဝံ့ဝံ့တာဝန်ယူသင့်တယ်။ စေတနာနဲ့ မှားရင်ထွက်ရုံပဲ။ ထွက်ရဲသူတွေရှိမနေတာက အခက်အခဲတစ်ခုပဲ။ ဘာမှမလုပ်ရင်တော့ ဘာမှမှားမှာမဟုတ်ပေမယ့် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။

လူတော်နဲ့ လူကောင်းဟာ ဝိရောဓိ မဟုတ်ပါဘူး။ တော်တဲ့သူနဲ့ ကောင်းတဲ့သူတွေကို ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးရမှာဖြစ်တယ်။ ပေးတဲ့တာဝန်မကျေရင်တော့ တာဝန်သိသိနဲ့ တုံ့ပြန်ရမှာ။ တော်တယ်လို့ ပြောတဲ့နေရာမှာလည်း တော်ရုံတန်ရုံ တော်ရုံ မဟုတ်ဘဲ ထူးချွန်တဲ့သူတွေဖြစ်ရမယ်။ သူများနဲ့ ယှဉ်ရင် ပေါ်လွင်နေရမယ်။ ကောင်းတယ်လို့ပြောပြန်ရင်လည်း ဘက်စုံပြည့်စုံသူဖြစ်ဖို့ လိုအပ်တယ်။ တစ်နည်းပြောရရင် တင်ပြခဲ့တဲ့ ထက်မြက်မှုတွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။

## သာပေါင်းမြို့နယ်ရှိ အိမ်ခြေနှစ်ထောင်ကျော် တစ်အိမ်သုံးဆိုလာမီးအသုံးပြုနိုင်ပြီ

**သာပေါင်း အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်အိမ်သုံး ဆိုလာမီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဘုရားကုန်းအုပ်စု ရွာအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦးတို့က အမှာစကားပြောကြားကြပြီး Earth Renewable Energy ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသက်မင်းထွန်းတို့က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။



သာပေါင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၂ အုပ်စု ကျေးရွာပေါင်း ၃၆ရွာ အိမ်ခြေ စုစုပေါင်း ၂၀၇၆ တွင် တစ်အိမ်သုံးဆိုလာမီး တပ်ဆင်ခဲ့ပြီးဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်၌ စာပေဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် ချမ်းအေးသာစံ ရုံးစာကြည့်တိုက်ကို လူမှုအခြေပြုဗဟိုဌာနနှင့် လူမှုအခြေပြုစာကြည့်တိုက်အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် စာပေဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က မန္တလေးချမ်းအေးသာစံမြို့နယ် ၃၅ လမ်း၊ ၈၉×၉၀ လမ်းကြားရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အခမ်းအနားကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆရာမဒေါ်မမနိုင်(မန္တလေးရုပ်သေး)က “ စာပေ၏တန်ခိုး (Knowledge is Power) ”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမခင်ခင်ဝင်း(ပညာရေး)က “ စာဖတ်ခြင်း အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ ဒေါ်နုနုကြည် (အမေ့အိမ်)က “ စာဖတ်ပါ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ သဒ္ဒါဆွေက “စာပေကျေးဇူး” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆရာမ ဒေါ်မမနိုင်(မန္တလေးရုပ်သေး)က စာအုပ်များ လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုဘိုဟန်က လက်ခံရယူသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မှုခင်းသတင်းတိုများ

### ပြင်ဦးလွင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅)ရှိ နေအိမ်တစ်အိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ အောက်တိုဘာ ၁၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါ ရပ်ကွက်နေ အီစမိုင်အင်(ခ)မောင်မောင်ကြီး၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့မှ ဒုရဲမှူးကြီးနေဝင်းနှင့် မူးယစ်တပ်ဖွဲ့စု(၁၆)မှ ဒုရဲမှူးအောင်ကိုနိုင်တို့ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း အီစမိုင်အင်(ခ)မောင်မောင်ကြီးအား တွေ့ရှိရပြီး ၎င်းထံမှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသည့် ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ပြား၊ ဆေးပြားရှူရာတွင်သုံးသည့် ကိရိယာ နှစ်ခုနှင့် ပလတ်စတစ်ပိုက် လေးချောင်း၊ ခဲစက္ကူ သုံးခုတို့ကို ဖမ်းဆီးရမိခဲ့သဖြင့် အီစမိုင်အင်(ခ) မောင်မောင်ကြီးအား ပြင်ဦးလွင်မြို့မစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြန်/ဆက်)**

### မော်တော်ယာဉ်အရှိန်လွန်ပြီး ဆိုင်ကယ်ကိုဝင်တိုက်၍ ဆိုင်ကယ်မောင်းသူသေဆုံး

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ခြောက်လမ်းသွားလမ်းဆုံအနီး၌ အောက်တိုဘာ ၁၉ ရက် ည ၇ နာရီခန့်က ဟွန်ဒိုင်းမီနီဘတ်(စ်)ယာဉ်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်တစ်စီးကို ဝင်ရောက်တိုက်မိရာမှ ဆိုင်ကယ်မောင်းသူသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သန်လျင်မြို့ ခြောက်လမ်းသွားလမ်းမကြီးအတိုင်း ယာဉ်မောင်း သိန်းဇော် အသက်(၄၁နှစ်) မောင်းနှင်လာသော ဟွန်ဒိုင်းမီနီဘတ်(စ်) အငှားယာဉ်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်လမ်းကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ အမည်၊ နေရပ်(စုံစမ်းဆဲ) အသက် ၃၀ ကျော်ခန့် အမျိုးသားတစ်ဦး မောင်းနှင်လာသော နံပါတ်မပါ ဆိုင်ကယ်တစ်စီးကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူအမျိုးသားမှာ ပြင်းထန်ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားသည့် နေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်နှင့်ဆိုင်ကယ်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သိန်းဇော်အား သန်လျင်မြို့မရဲစခန်း၌ ဖမ်းဆီး အမှုဖွင့်ထားကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

### ဆိုင်ကယ်ချင်း အရှိန်လွန်ဝင်တိုက်၍ တစ်ဦးသေဆုံး

မကွေးမြို့နယ် ကံသာကြီးကျေးရွာအနီး မကွေး-ရေနံချောင်း ကားလမ်းပေါ်၌ အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက ဆိုင်ကယ်ချင်းတိုက်မိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ဒေါင်းနေရဲကင်းမှူး ဒုရဲအုပ်သန့်ဇင်၏ သွားရောက်စစ်ဆေးချက်အရ ကံသာကြီးကျေးရွာအနီး မိုင်တိုင်(၃၄၁/၃)၌ ရေနံချောင်းဘက်မှ မကွေးဘက်သို့ မျိုးမင်းစိုး(၃၉ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်သည် ကံသာကြီးကျေးရွာဘက် ချိုးကွေ့စဉ် နောက်မှ ဇော်မင်းသိန်း(၃၃ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်က ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် မျိုးမင်းစိုးတွင်(စိုးရိမ်ရ)ဒဏ်ရာများနှင့် ဇော်မင်းသိန်းတွင်(မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့၍ မကွေးတိုင်းဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့ဆောင်ခဲ့ရာ မျိုးမင်းစိုးမှာ ရရှိသောဒဏ်ရာဖြင့် လမ်းတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်ပြီး အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိ၍ လူသေဆုံးစေသူ ဇော်မင်းသိန်းအား မကွေးမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်၊ လေးဦး ဒဏ်ရာရ

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်း မန္တလေး-မတ္တရာ ကားလမ်းပေါ် ကျောက်တံတားကျေးရွာအနီး၌ အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွားပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ မတ္တရာမြို့မ ရဲစခန်းမှ ဒုရဲအုပ် နောင်နောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၏ သွားရောက်စစ်ဆေးချက်အရ ဟိန်းသက်နောင်(၂၄နှစ်) မောင်းနှင်ပြီး ကျော်သက်ဦး(၁၉နှစ်)နှင့် ဇင်လှိုင်(၂၃နှစ်)တို့ လိုက်ပါလာသော ကုမ္ပဏီကားကို မန္တလေးဘက်မှ မတ္တရာဘက်သို့ ကျော်မင်း(၄၁နှစ်) မောင်းနှင်လာသည့် ပါရာဒိုယာဉ်က ယာဉ်ကြောမှား၍ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်များပေါ်တွင် လိုက်ပါလာသူ လေးဦးလုံးတွင် ဒဏ်ရာများရရှိခဲ့ပြီး ကျော်သက်ဦးနှင့် ဇင်လှိုင်တို့မှာ(စိုးရိမ်ရ)ဒဏ်ရာများဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရသူများအား မတ္တရာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ကျော်သက်ဦးနှင့် ဇင်လှိုင်တို့အား မတ္တရာဆေးရုံမှ မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်း ကုသပေးထားပြီး တစ်ဖက်ယာဉ်ကြောသို့ ဝင်ရောက်တိုက်မိသည့် ယာဉ်မောင်း ကျော်မင်းအား မတ္တရာမြို့မရဲစခန်း၌ အမှုဖွင့်နိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မွန်ပြည်နယ် အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးပြိုင်ပွဲကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၂**

မွန်ပြည်နယ်အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ မွန်ပြည်နယ် အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသော မွန်ပြည်နယ် အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၆ နာရီခွဲက မော်လမြိုင်မြို့ ကမ်းနားလမ်း ရေပေါ်ဈေးရှေ့၌ ကျင်းပခဲ့သည်။




ပြိုင်ပွဲတွင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်က ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများအား လိုက်လံအားပေးနှုတ်ဆက်ပြီး သေနတ်ဖောက်၍ စက်ဘီးပြိုင်ပွဲကို တာလွှတ်ပေးသည်။ အဆိုပါပြိုင်ပွဲတွင် မွန်ပြည်နယ်အတွင်း မြို့နယ် ၁၀ ခုရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀၀ နီးပါးခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မော်လမြိုင်မြို့ ကမ်းနားလမ်း ရေပေါ်ဈေးမှ စတင်တာလွှတ်ကာ ကမ်းနားလမ်း၊ အထက်လမ်းမကြီး၊ ဒေါ်ခင်ကြည်လမ်းနှင့် ကမ်းနားလမ်းတစ်လျှောက် စီးနင်းယှဉ်ပြိုင်၍ ရေပေါ်ဈေးတွင် ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပခဲ့ပြီး အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ၂၀ တို့အား ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ပညာရေးမှူး ဦးမျိုးတင်အောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ စက်ဘီးပြိုင်ပွဲများကို မကွေးမြို့နှင့် ပုသိမ်မြို့များ၌လည်း အောက်တိုဘာ ၂၁ တစ်ရက်တည်းတွင် ကျင်းပခဲ့ကြောင်း မွန်ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အိမ်ထောင်စုစာရင်း ဆက်လက်ကောက်ယူ

**မြောက်ဦး အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးရွာများအတွင်းရှိ ဘင်္ဂါလီရွာများ၌ အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူခြင်း လုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်က ကျေးရွာသုံးရွာ၌ အိမ်ထောင်စုလူဦးရေစာရင်းများ ဆက်လက်ကောက်ယူခဲ့ကြောင်း သိရသည်။



မြောက်ဦးမြို့နယ် ပေါင်းတုတ်ကျေးရွာအုပ်စုအတွင်းရှိ ပေါင်းတုတ်ကျေးရွာ၊ ယဉ်သည်ကျေးရွာနှင့် ပီပင်ရင်းကျေးရွာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဘိုဘိုမင်းသိုက်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နှင့် မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးခင်မောင်အောင်တို့ ဦးဆောင်သော မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့က သွားရောက် စာရင်းကောက်ယူခဲ့ကြခြင်းဖြစ်သည်။

မြောက်ဦးမြို့နယ်၌ ရန်ကုန်-စစ်တွေကားလမ်းမတစ်လျှောက် လမ်းဘေးမှ ဘင်္ဂါလီကျေးရွာများရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး အိမ်ထောင်စုစာရင်းကောက်ယူခြင်း၊ နေအိမ်များမှ လူဦးရေအရေအတွက် စာရင်းကောက်ယူခြင်းပြုစုခြင်းတို့ကို မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

**(ခရိုင် ပြန်/ဆက်)**

## (၁၆) ခုတင်ဆံ့ စံကိုက်တိုက်နယ်ဆေးရုံတည်ဆောက်မှု ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေ

**ကျွန်းလှ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကုက္ကိုကုန်းကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာ၌ (၁၆) ခုတင်ဆံ့ စံကိုက် တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မကြာမီ တည်ဆောက်မှုအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းတိုက်နယ်ဆေးရုံ ပင်မဆောင်တွင် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆရာဝန်နားနေခန်း၊ သူနာပြုခန်း၊ ဆေးပေးခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ သန့်စင်ခန်းတို့ပါဝင်ပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံ သုံးလုံးတို့ကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးပါက ကျွန်းလှမြို့နယ်အပြင် ကန့်ဘလူနှင့် ကောလင်းမြို့နယ်တို့အတွင်းရှိ အိမ်ထောင်စုပေါင်း ၂၆၀၀ ခန့်မှ လူဦးရေ ၁၃၀၀၀ ကျော်အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## နှလုံးနှင့် ရင်သားကင်ဆာရောဂါအကြောင်း ပညာပေးဟောပြော

**တောင်ငူ အောက်တိုဘာ ၂၂**

နှလုံးရောဂါနှင့် ရင်သားကင်ဆာရောဂါအကြောင်း သိကောင်းစရာများကို ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီးမှ ဆရာဝန်ကြီးများက ပညာပေးဟောပြောဆွေးနွေးသည့် ဟောပြောပွဲတစ်ရပ်ကို အောက်တိုဘာ ၂၀ ရက်က တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။ ဟောပြောပွဲသို့ ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းနှင့် တောင်ငူမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးဆိုင်ရာ စိတ်ပါဝင်စားကြသူ ပြည်သူများ တက်ရောက်ကြသည်။ ဟောပြောပွဲတွင် ဒေါက်တာချောစုစုဝင်းနှင့် ဒေါက်တာဝင်းရဲခိုင်တို့က အမှာစကားပြောကြားကြပြီး ဗန်ကောက်ဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီး Dr.Yossavee Ukkayagorn က နှလုံးခုန်နှုန်း စည်းချက်မမှန်ခြင်း အပါအဝင် နှလုံးရောဂါဆိုင်ရာအကြောင်းကိုလည်းကောင်း၊ ရင်သားခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.Satit Srimontayamas က ရင်သားကင်ဆာရောဂါအကြောင်းကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။ ထို့နောက် တောင်ငူဒေသခံများကိုယ်စား မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ပဲခူးတိုင်းဒေသကြီး) နာယက ဦးကျော်လှ(သမာဓိ)က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

(၀၄၈)

# နယ်စပ်မြို့မနောဋ္ဌာနေ လွယ်ဂျယ်မြေ စာပေခရီး

**ညဏ်မင်း(နမ့်ခမ်း)**


ဓာတ်ပုံ-ရင်ငြိမ်းပန်း

မြန်ပြည်မြောက်၊ မနောမြေ
တောတောင်စီ ပြာရည်မှိုင်းကာ
သိုင်းဖွဲ့လို့နေ။
လွယ်ဂျယ်မြေ
ဌာနေရပ် လှပုံဆန်း။
အေးချမ်းပျော်ရွှင်ကြည်လို့
သာယာစည် မြို့နယ်စပ်မှာ
ကောင်းမြတ်ဂုဏ်လွှမ်း။

လွယ်ဂျယ်မြို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မြောက်ပိုင်း ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ရှိ နယ်စပ်မြို့တစ်မြို့ဖြစ်သည်။ အောက်တိုဘာ ၁၆ ရက်နေ့က စာပေဟောပြောပွဲ ကျင်းပရန် လွယ်ဂျယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် စာရေးဆရာအသင်း၏ စီစဉ် ဖိတ်ကြားမှုကြောင့် စာရေးဆရာ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်) ဦးဆောင်ပြီး သိန်းဇော်ရွှေလီဦး၊ ညဏ်မင်း (နမ့်ခမ်း)ပါဝင်သော မူဆယ်၊ နမ့်ခမ်းစာရေးဆရာများသည် မူဆယ်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံ ကျယ်ဂေါင်၊ ရွှေ လီ၊ ကျန်းဖုန်း၊ လားရင်းမြို့များကို ဖြတ်ပြီး လွယ်ဂျယ်မြို့ကို နံနက် ၉ နာရီတွင် ရောက်ရှိခဲ့ကြသည်။ ဝါကျွတ်ကာလ ပွင့်လင်းရာသီ၏ နံနက်ခင်းဖြစ်သည်နှင့်အညီ မြူခြေဆိုင်းနေသော ကချင်တောင်တန်းကြီးကို နောက်ခံပြုလျက် ချိုင့်ဝှမ်းနယ်စပ်တွင် တည်ရှိနေသော လွယ်ဂျယ်မြို့ကို အဝေးမှနေ၍မျှော်ကြည့်လိုက်လျှင် လှပသော ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့နေရသည်။

စာပေဟောပြောပွဲကို ဤနေရာ၊ ဒေသတွင် တစ်ကြိမ်တစ်ခါမျှ ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ လွယ်ဂျယ်မြို့သို့ ရောက်ရှိနေသာ နမ့်ခမ်းမြို့စာရေးဆရာအသင်းဝင် စာရေးဆရာ ရင်ငြိမ်းပန်း၏ စီစဉ်ဆောင်ရွက်မှုနှင့်အတူ လွယ်ဂျယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်ဦးနှင့် တပ်ရင်းတပ်ဖွဲ့ ဌာနဆိုင်ရာများ၊ ဒေသခံမြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာန၊ မူဆယ်၊ နမ့်ခမ်း စာရေးဆရာအသင်းတို့ ပူးပေါင်းပါဝင်မှုကြောင့် ပထမဆုံးအကြိမ် စာပေဟောပြောပွဲကို လွယ် ဂျယ်အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပ နိုင်ခဲ့သည်။ စာရေးသူတို့ ကျောင်းခန်းမအတွင်းသို့ ဝင်ရောက်လာသည့်အခါ စင်မြင့်ထက် နောက်ခံကတ္တီပါတွင် "စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုး တက်ရေး" နောက်ခံစာတန်းနှင့်အတူ ခမ်းခမ်းနားနား ပြင်ဆင်ထားသည်ကိုမြင်တွေ့ရခြင်းအားဖြင့် စာပေနှင့်ပတ်သက်၍ မည်မျှစိတ်ပါဝင်စား မှုရှိကြသည်ကို ဖော်ဆောင်နေသည်ပဲ မဟုတ်ပါလား။ ခန်းမထဲတွင် နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များ ပြသခင်းကျင်းထားသော မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၏ စာပေအသိပညာမြင့်မားစေရေးအတွက် ဆောင်ရွက်ထားမှုမှာလည်း အားရဖွယ်ကောင်းလှပါသည်။ လာရောက်ဟောပြောကြသည့် စာရေးဆရာများအား ဝမ်းပန်းတသာဖြင့် အပြုံးနှင့်ဆီးကြိုကြသော ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မျက်နှာများတွင် ရွှင်ပျကြည်နူးမှု အပြည့်ရှိနေကြသည်ကို တွေ့မြင်ရသောအခါ ဖော်မပြနိုင်သော ပီတိဖြစ်မိသည်။ စာရေးဆရာရင်ငြိမ်းပန်းကလည်း အရွယ်နှင့်မလိုက်အောင် ပေါ့ပါးသွက်လက်စွာဖြင့် လိုလေသေးမရှိအောင် အားတက်သရော စီစဉ်ဆောင်ရွက်နေသကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နေကြသည်မှာ အားရဖွယ်ကောင်းလှပါသည်။

ဟောပြောပွဲ စတင်သည်နှင့် စာရေးဆရာ သိန်းဇော် (ရွှေလီဦး)က "အာဇာနည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညဏ်မင်း(နမ့်ခမ်း)က "မမေ့အပ်သော ကျေးဇူးတရား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)က "အောင်မြင်သောဘဝကို တည်ဆောက်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြရာ စာပေပရိသတ်များနှင့် ကျောင်းသားကျောင်းသူများက နှစ်ခြိုက်ကာ စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြသည်။ မုဒိတာစကားပြောကြားခဲ့သည့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဝင်းတင့်၏ရင်တွင်းမှ ပီတိစကားသံများသည် သက်ဝင်ခံစားမှု အပြည့်ရှိလှသည်။ စာပေဟောပြောပွဲအပြီးတွင် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ နေ့လယ်စာကို တရုတ်ဘုံကျောင်းတွင် ကချင်ရိုးရာ ဟင်းလျာများနှင့် ဧည့်ခံကျွေးမွေးကြရာ၊ အားရပါးရ မြိန်ရေရှက်ရေ စားသောက်ခဲ့ကြ၊ ရင်းနှီးခင်မင်စွာ ပြောကြ၊ ဆိုကြမိတ်ဖွဲ့ခဲ့ကြသည်။ စာရေးသူတို့ ပြန်ခါနီးတွင် လွယ်ဂျယ်စခန်းမှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူး အောင်လှိုင်နှင့် မြို့မိမြို့ဖများက မြို့တွင်းလှည့်လည်ပြသပေးခဲ့ကြပြီး နှုတ်ဆက်ကာပြန်ခဲ့ကြသည်။

နယ်စပ်ဒေသမြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာအချင်းချင်းစည်းလုံးမှု၊ ဒေသခံရပ်မိရပ်ဖ တိုင်းရင်းသားပြည်သူများ၏ ညီညွတ်မှု၊ စာပေအသိ၊ စာပေစိတ်ဓာတ်၊ စာပေဝါသနာအရင်းခံပြီး စာရေးဆရာအသင်းတို့၏ ပေါင်းစည်းအားနှင့်အတူ စာပေဟောပြောပွဲကို ကျင်းပနိုင်ခဲ့တဲ့အတွက် နယ်စပ်မြို့မနောဋ္ဌာနေ၊ လွယ်ဂျယ်မြေ စာပေခရီးမှသည် စာပေချစ်သူ စာပေဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူ လူငယ်များသာမက တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံး စာဖတ်ရှိန်မြှင့်မားပြီး အသိဉာဏ်တိုးပွားကြပါစေလိုကြောင်း။ ။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၂**

နိုဝင်ဘာ ၁၈ ရက်တွင် ရန်ကုန်မြို့ MCC ခန်းမ၌ ကျင်းပမည့် ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကာယဗလနှင့် ကာယကြံ့ခိုင်မှု လက်ရွေးစင်အားကစားသမားများ ရွေးချယ်ရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မန္တလေးမြို့တော်ခန်းမ၌ နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အမျိုးသား ကာယဗလပြိုင်ပွဲတွင် ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၇၅ ကီလိုနှင့် အထက်တန်း ကာယဗလပြိုင်ပွဲနှင့် အမျိုးသား Sport Physique ပြိုင်ပွဲတို့ ပါဝင်ပြီး အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၁၆၀ စင်တီမီတာ အောက်တန်းနှင့် ၁၆၀ စင်တီမီတာ အထက်တန်းတို့ ပါဝင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများသည် မြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသားမှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်နှင့် သန်းခေါင်စာရင်းရှိသူ ဖြစ်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် သန်းခေါင်စာရင်းပါရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကို ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရန်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းက ရွေးချယ်ခြင်းမပြုမှသာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများမှ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများသည် မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် ရောက်ရှိတာဝန်ထမ်းဆောင် ကျောင်းတက်နေစေကာမူ သန်းခေါင်စာရင်းပါ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အလိုရှိပါက အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုသာ ကိုယ်စားပြု ယှဉ်ပြိုင်ရန်ဖြစ်ကြောင်း၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် အားကစားသမားများသည် ပြိုင်ပွဲကျင်းပမည့်ရက်တွင် အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ကာ အမျိုးသားအားကစားသမားများကိုမူ အသက်ကန့်သတ်ထားခြင်းမရှိကြောင်း၊ ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် ဖြစ်ခဲ့ဖူးသူများ ပါဝင်ခွင့်မပြုကြောင်း သိရသည်။

အမျိုးသား Sport Physique ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများသည် ခန္ဓာကိုယ်တွင် တက်တူးများထိုးထားခြင်း၊ ဆံပင်တွင် ဆေးရောင်စုံဆိုးထားခြင်းတို့ မရှိရန်လိုအပ်ကြောင်း၊ ကာယဗလမောင်များကဲ့သို့ ကြွက်သားများကြီးထွားမှု မလိုအပ်ဘဲ ကြွက်သားပေါ်လွင်သော ခန္ဓာကိုယ်အချိုးအစားကို အကဲခတ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၏ သတ်မှတ်ပြဋ္ဌာန်းထားသော ပြိုင်ပွဲကျင်းပသည့် ဥပဒေများနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

**ဟားခါး အောက်တိုဘာ ၂၂**

ချင်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့များကို စီးပွားရေးအားကောင်းသော၊ ပညာရေးကောင်းမွန်သော၊ နေချင်စဖွယ်နှင့် သန့်ရှင်းလုံခြုံသောမြို့များ ဖြစ်စေရန် ရည်ရွယ်လျက် သုံးရက်ကြာကျင်းပခဲ့သည့် ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့် မြို့ပြနှင့် အိုးအိမ်ဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပြင်ပပညာရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ပါဝင် ဆွေးနွေးပေးခဲ့ကြသည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်(ငြိမ်း)(ပြင်ပပညာရှင်)နှင့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်တို့က ပေးအပ်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များအရ ချင်းပြည်နယ်အတွင်း မြို့ပြစီမံကိန်းများကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်တွင် ဟားခါးမြို့၊ ဖလမ်းမြို့နှင့် ပလက်ဝမြို့များကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် ဆမီးမြို့၊ ရေဇွာမြို့၊ လိုင်လင်းပီမြို့၊ ခိုင်ကမ်းမြို့၊ ရိခေါဒါရ်မြို့နှင့် ကျီခါးမြို့များကိုလည်းကောင်း၊ တတိယအဆင့်တွင် မတူပီမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့၊ ကန်ပက်လက်မြို့၊ တွန်းဇန်မြို့နှင့် ထန်တလန်မြို့များကိုလည်းကောင်း အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



# ရေစကြိုမြို့ဗလငါးတန်သွေးလှူရှင်အသင်း လေးနှစ်ပြည့် အခမ်းအနားကျင်းပ

**ရေစကြို အောက်တိုဘာ ၂၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ ဗလငါးတန် သွေးလှူရှင်အသင်း လေးနှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုပွဲကို အောက်တိုဘာ ၂၀ ရက်က ရေစကြိုမြို့ ဂူကြီးဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ဗလငါးတန်သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးညိုအေးက "ဗလငါးတန်သွေးလှူရှင်အသင်းကို ၂၀၁၃ ခုနှစ် ၁၀ လပိုင်းက စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အခု လေးနှစ်တင်းတင်းလည်း ပြည့်ပြီ။ သွေးလှူရှင်အင်အားကလည်း ၆၅၀ ကျော် လောက်ဖြစ်နေပြီ။ သွေးလှူရှင်လေးတွေက ဆေးရုံကလူနာတွေအတွက် သွေးလိုတယ်ဆိုရင် နေ့နေ့ညည မငြီးငြူဘဲနဲ့ အချိန်မရွေး သွေးလာလှူကြရတာပါ။ အဲဒီမြင့်မြတ်တဲ့ စိတ်ဓာတ်လေးကို သဘောကျတာပါ။ အဲဒါကြောင့် အခုလို လေးနှစ်ပြည့်တဲ့အချိန်မှာ သွေးလှူရှင်တွေကို ဂုဏ်ပြုပွဲလေးဖြစ်မြောက်အောင် လုပ်တာပါ" ဟု ဂုဏ်ပြုပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းပြသည်။



ဗလငါးတန်သွေးလှူရှင်အသင်း၌ လက်ရှိအချိန်တွင် သွေးလှူရှင်အသင်းသားဦးရေ ၆၅၀ ကျော်ရှိပြီဖြစ်ကာ လေးနှစ်တာကာလအတွင်း ရေစကြိုမြို့နယ်ဆေးရုံကြီးမှ လူနာများအတွက် ဗလငါးတန် သွေးလှူရှင်အသင်းသားများက သွေးပုလင်းပေါင်း ၃၅၀၀ ကျော် လှူဒါန်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဗလငါးတန်သွေးလှူရှင်အသင်းမှ အသင်းဝင်တစ်ဦးဖြစ်သော ဦးရွှေအေးက "သွေးလှူတာ ၂၇ ကြိမ်ရှိပါပြီ။ အခု အသက် ၄၀ ရှိပါပြီ။ ကျွန်တော် အသက် ၁၇ နှစ်သားလောက်ကတည်းက သွေးလှူခဲ့တာပါ။ ဗလငါးတန်သွေးလှူရှင်အသင်း မပေါ်ခင်ကတော့ မန္တလေး ဆေးရုံကြီးမှာ အများဆုံးလှူတာ။ ဗလငါးတန်မှာတော့ သွေးလှူတာ ငါးကြိမ်ရှိပြီ။ သွေးလှူတာက ကုသိုလ်လည်း ရချင်လို့လှူတာပေါ့။ ကိုယ့်သွေးလှူလိုက်လို့ လူနာကောင်းသွားတာမြင်ရရင် ဝမ်းသာတာပေါ့" ဟု ပြောသည်။

သွေးလှူရှင်အသင်း လေးနှစ်ပြည့် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဗလငါးတန် သွေးလှူရှင်အသင်းဝင်များအား ဂုဏ်ပြုလက်မှတ်များနှင့် အမှတ်တရအင်္ကျီများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ဂုဏ်ပြုခဲ့ကြသည်။

**အိမွန်ဆွေ(ရေစကြို)**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ နိုင်ငံရေးစာပေ တတိယဆုရရှိသည့် နွယ်နွယ်ဝင်း၏ "မြန်မာ့လွတ်လပ်ရေး မှတ်တိုင် ပြည်ခရိုင်(၁၉၂၀-၁၉၄၈)" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

အမျိုးသားလွတ်မြောက်ရေးသမိုင်း၌ ပြည်ခရိုင်မှ မျိုးချစ်မြန်မာများသည် အမျိုးသားဝံသာနုခေတ်မှ လွတ်လပ်ရေးရသည်အထိ တိုက်ပွဲဝင်ခဲ့ကြသည်ကို အထင်အရှားတွေ့ရှိရပါသည်။ ဤစာအုပ်တွင် စာရေးသူက ပြည်ခရိုင်မှ လွတ်လပ်ရေးကြိုးပမ်းမှုများကို သမိုင်းနှင့်ညှိ၍ ပြည်မြို့နေရာအနှံ့သို့ သွားရောက်လေ့လာရုံမျှမက သိရှိမှတ်သားဖူးသည့် သက်ရှိမျိုးချစ်ပုဂ္ဂိုလ်များကို မေးမြန်းကာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ မြန်မာ့သမိုင်း၊ မြန်မာ့ဇာတိမာန်များကို အစဉ်တစိုက်လေ့လာနေသော သုတေသီနှင့်စာဖတ်သူများအတွက် အသိသစ်၊ အမြင်သစ်နှင့်အတူ မှတ်တမ်းတင်သမိုင်းစာပေများကို ဖတ်ရှုရမည့် စာအုပ်ဖြစ်ပါသည်။

ရောင်းဈေး ငွေကျပ် ၇၀၀ဖြင့် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေးနေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားမန္တလေးမြို့ရှိစာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါကအမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းမြောက်တစ်ခွင်မှ အနာဂတ်၏ပန်းပွင့်လေးများ

**သန့်ဇင်(မူဆယ်)**



ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းရှိ မုံးကိုး၊ မုံးပေါ်၊ ပန်ဆိုင်း(ကြူကုတ်)၊ မိုင်းယု(၁၀၅)မိုင် အထက်တန်းကျောင်းများသို့ ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲများကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်များက နှစ်ရက်ဆက်တိုက်ကျင်းပရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်နှင့် ဦးစိုင်းကျော်သိန်းတို့ ဦးဆောင်လျက် နယူးစတားလိုက် ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး အပါအဝင် မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်း စီမံခန့်ခွဲမှုဒါရိုက်တာ ဦးမောင်စိန်နှင့် ဝန်ထမ်းအဖွဲ့ဝင်များ၊ မုံးကိုး မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြင့်မြင့်ဦး၊ မုံးကိုးပြည်သူ့စစ်၊ ဒေသခံတိုင်းရင်းသားများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများစုံညီစွာ တက်ရောက်လာကြရာ ၎င်းတို့၏မျက်နှာပေါ်တွင် ကြည်နူးမှုပုံရိပ်များက ပြုံးပန်းဝေဆာလျက်ရှိကြသည်။

စာအုပ်လှူဒါန်းပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်က "ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ အကုန်က မုံးကိုးဒေသခံ တိုင်းရင်းသားပြည်သူတွေ စစ်ဘေးဒဏ်ကြောင့် အတိဒုက္ခရောက်ခဲ့ကြပါတယ်။ အားလုံးက ကြောက်လန့်နေကြတော့တာပဲ။ အဲဒီအချိန်ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်/ မြို့နယ်ပညာရေးမှူးတွေနဲ့အတူ မုံးကိုးဒေသကို ရောက်ရှိလာကြပါတယ်။ မုံးကိုးမြို့နယ်ခွဲက အဆောက်အအုံတစ်ခုထဲမှာ မိမိတို့အဖွဲ့ခေတ္တအနားယူစဉ် မြို့နယ်ကတာဝန်ရှိသူတွေ စီစဉ်ပေးတာနဲ့ ဆရာဆရာမတွေနဲ့အတူ ကျောင်းသားကျောင်းသူကလေးငယ်တွေနဲ့ တွေ့ဆုံဖြစ်ပါတယ်။ ပျက်စီးနေတဲ့ကျောင်းတွေ အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်အောင် သက်ဆိုင်ရာဌာနတွေနဲ့ ဆက်သွယ်ပြီး ကျောင်းဖွင့်ချိန်အမီ ကလေးတွေ စာသင်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်"

"အခြားလိုအပ်ချက်တွေ အများကြီး ရှိနေသော်လည်း ကလေးတွေရဲ့ ပညာရေးအထောက်အကူပြုလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်မယ့် အလှူရှင်တွေရှာရပါတယ်။ အဲဒီအချိန် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကို သတိရလိုက်တာနဲ့ ကုမ္ပဏီက တာဝန်ရှိသူတွေထံ ဆက်သွယ်ပြီး အကူအညီတောင်းခံခဲ့ပါတယ်။

"အလှူရှင်က မုံးကိုးကျောင်းတွင်မကပါဘူး။ မုံးကိုး၊ မုံးပေါ်၊ ပန်ဆိုင်း(ကြူကုတ်)၊ မိုင်းယု(၁၀၅)မိုင် စာသင်ကျောင်းတွေပါစာအုပ်တွေ ဒါဇင်ပေါင်းတစ်သောင်းကျော် လှူပေးပါမယ်လို့ အကြောင်းပြန်ကြားတဲ့အတွက် များစွာဝမ်းသာခဲ့ရပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက "မုံးကိုးဒေသမှာ ပြီးခဲ့တဲ့ နိုဝင်ဘာလက တပ်ပေါင်းစုတိုက်ပွဲဖြစ်စဉ်တွေကြောင့် တော်တော်လေး စိတ်ပူမိပါတယ်၊ ကျွန်တော်တို့လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ပစ္စည်းကူညီထောက်ပံ့ပေးနိုင်တာကလွဲလို့ ဘာမှ မတတ်နိုင်ပါဘူး၊ တိုက်ပွဲတွေ ပြီးစီးခဲ့တဲ့ အချိန်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၏ ကမ်းလှမ်းမှုကို ပညာဒါနဖြစ်၍ လှူဒါန်းချင်ပါတယ်လို့ တင်ပြခဲ့ပါတယ်"

"ကျွန်တော်တို့မူဆယ်မှာ စီမံကိန်းတွေလာလုပ်တဲ့အချိန် ပထမတစ်ခုကတော့ မူဆယ်ဒေသဖွံ့ဖြိုးမှုဖြစ်အောင်၊ ဒုတိယအချက်က မူဆယ်ဒေသနေတိုင်းရင်းသားတွေအလုပ်အကိုင် အခွင့်အလမ်းတွေရရှိအောင်၊ တတိယအချက်က နိုင်ငံတော်ကို ဆောင်သင့်ဆောင်ထိုက်ရတဲ့အခွန်တွေကို ပေးဆောင်ရအောင်၊ နောက်ဆုံးအချက်အနေနဲ့ ဤဒေသမှာ နေထိုင်ကြတဲ့သူတွေအတွက် ပရဟိတလုပ်ငန်းတွေ မဖြစ်မနေလုပ်ပေးရမှာဖြစ်တယ်လို့ ခံယူထားပါတယ်။ ကျွန်တော် ဒီဒေသကို ရောက်လာတော့ တော်တော်လေး စိတ်မကောင်းဖြစ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကျောင်းက သွပ်ပြားတွေက ဒဏ်ရာဒဏ်ချက်တွေများပါတယ်။ ဒီအတွက်ကြောင့်မို့လည်း နဂိုကျွန်တော်တို့ ဒီစာရေးကိရိယာတွေမှာတဲ့အချိန်မှာ ဒီဘက်တိုင်းရင်းသားဒေသတွေမှာ ထိခိုက်မှုတွေရှိမှာပဲဆိုတဲ့ အရာတွေ ကျွန်တော်တို့သိရှိခဲ့ရပါတယ်" ဟု ပြောကြားသည်။

နောင်နှစ်တွေမှာလည်း လိုအပ်မှုတွေရှိလာရင် ထောက်ပံ့ကူညီပေးသွားရန် ရှိကြောင်းလည်း အလှူရှင်က ထပ်မံထည့်သွင်းပြောကြားခဲ့သည်။

တစ်ချိန်သောကာလကငြိမ်းချမ်းရေးရောင်ခြည်မှေးမှိန်ခဲ့ရပြီး အမှောင်ဖုံးလွှမ်းခဲ့သည့် နေ့ရက်များစွာကို ဒေသခံတိုင်းရင်းသားတို့ ခံစားခဲ့ကြရသဖြင့် စာပေပညာမသင်ကြားခဲ့ရသော ကလေးသူငယ်များအားလုံး ယနေ့အချိန်အခါ အခြေခံပညာစာသင်ကျောင်းဆောင်ထဲသို့ ပညာသင်ယူရန် ရောက်ရှိလာကြပြီဖြစ်သည်။

နိုင်ငံတော် အစိုးရ၏ တရားဥပဒေစိုးမိုးမှု ရရှိလာသည်နှင့်အမျှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း တစ်နှစ်ထက် တစ်နှစ်တိုးတက်ဖြစ်ထွန်းလာနေသည့် မြင်ကွင်းများက သက်သေပြနေပြီ ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေး၏ စွမ်းပကားကြောင့် နိုင်ငံတော်၏ ရှေ့ခရီးသည် အားရဝမ်းမြောက်ဖွယ်ရာကောင်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစွမ်းအားဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနိုင်ကြတော့မည် ဖြစ်ပါသည်။

နယ်စပ်ဒေသနေ ညီနောင်တိုင်းရင်းသားအချင်းချင်း သံသယကင်းရှင်းစွာဖြင့် နိုင်ငံတော်၏ အကျိုး၊ ပြည်သူလူထု၏ အကျိုးများကို ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်လာကြပြီဖြစ်ရာ နယ်စပ်ဒေသများ၌ အနာဂတ်ကြယ်ပွင့်လေးများ ပွင့်လန်းလာနေပြီဖြစ်သည်။

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ကလေးဘဝကတည်းက စတင်လေ့ကျင့်ပျိုးထောင်ပေးသည့် စာသင်ကျောင်းများသို့ ထိုသို့အလှူရှင်များက သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ကူညီပေးခြင်းသည် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များတွင် တစ်ခုအပါအဝင်ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ အထောက်အကူပြုရာရောက်ပေသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းတိုင်းရင်းသားတို့ပျော်စံရာ ဒေသများတွင် ယနေ့အချိန်အခါသည် မြူမှောင်ကင်း၍ လမင်းသာနေပြီဖြစ်ပါသဖြင့် နယူးစတားလိုက်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ ဒါနအားကြောင့် အနာဂတ်၏ပန်းပွင့်လေးများစာအံသံများနှင့်အတူ ပညာပျိုးခင်းများလန်းဆန်းဝေဖြာ၍ လာနေပြီဖြစ်ကြောင်း ရေးသား၍ တင်ပြလိုက်ရပါသည်။ ။


တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "







IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

Japan Style Education

System Creator Course ( 2 years Course )

2017 ခုနှစ်

December Intake တန်းခွဲသစ်အတွက်

ကျောင်းအပ်လက်ခံနေပါပြီ

METRO IT & Japanese Language Centre

IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )

Date : 29th - October - 2017 ( Sunday )

Time : 1:00 pm to 3:00 pm

Place : Metro IT & Japanese Language Centre

Seminar လာရောက်ကြသော ကျောင်းသားကျောင်းသူများအတွက် IT နည်းပညာနှင့်ပတ်သက်သော Free Trial Lecture များကိုလည်း တက်ရောက်သင်ယူနိုင်ရန် စီစဉ်ထားရှိပါသည်။

စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင် စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

01-372691, 01-372610, 09-976334160

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.facebook.com/metrogroupmyanmar

## အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို အလုပ်သမားဆေးရုံကြီးများတွင် ဆေးဆိုင်ဖွင့်လှစ်၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးသိုလှောင်ရေးဌာန၊ အလုပ်သမားဆေးရုံကြီးများနှင့် လူမှုဖူလုံရေးဆေးခန်းများသို့ အရောက်ပေးပို့၍လည်းကောင်း တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သော ဆေးကုမ္ပဏီများအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၇ ရက်မှ ၁-၁၁-၂၀၁၇ရက်အထိ

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်-** ၂၃-၁၁-၂၀၁၇ ရက်

(ဂ) အသေးစိတ်စုံစမ်းလိုပါက လူမှုဖူလုံရေးရုံးချုပ်၊ ဆေးဌာန ဖုန်း-၀၆၇-၃၄၁၇၉၁၀၆၊ ၀၆၇-၃၄၁၇၉၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အမည်မှန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကင်းရွာ စံပြကျေးရွာမှ ဦးစံကြည်၏သမီး ဒေါ်ယဉ်ယဉ်စိုး ၁၀/ဘလန(နိုင်)၀၅၉၆၆၀၏ အမည်မှန်မှာ ဒေါ်ရင်ရင်စိုး ဖြစ်ပါကြောင်း။ **ဒေါ်ရင်ရင်စိုး ၁၀/ဘလန(နိုင်)၀၅၉၆၆၀**

## အမည်မှန်

ယင်းမာပင်မြို့နယ်၊ နဘူးတော ကျေးရွာ ဦးမြင့်သိန်း ၅/ယမပ(နိုင်) ၀၃၃၅၈၃ ၏ အမည်မှန်မှာ ဦးမြင့်သိန်းဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့ အထက (၇) သတ္တမတန်း (B)မှ မစုစုနိုင်နှင့် ပထမတန်း(A) မှ မောင်မျိုးမြင့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးအေး ၅/မရန(နိုင်)၁၅၆၉၄၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ယင်းမာပင်မြို့နယ်၊ နဘူးတော ကျေးရွာ ဦးမြင့်သိန်းဦး၏သမီး မအေးအိသက်မွန်မြင့်၏ မွေးသက္ကရာဇ် အမှန်မှာ (၁၂-၂-၁၉၉၉) ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပဲခူးမြို့ မြို့နယ်တရားသူကြီးရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၁၃

| | | |
|---|---|---|
| ဦးကျော်ကျော်နိုင် ပါ-၂<br>အမှတ်(၄/၁၅)၊ ၅လမ်း၊<br>မြို့သစ်(ခ)ရပ်ကွက်၊ ပဲခူးမြို့၊ | နှင့် | ဦးရွှေဇင်<br>အမှတ်(၄/၁၅)၊ (၅)လမ်း၊<br>မြို့သစ်(ခ)ရပ်ကွက်၊ ပဲခူးမြို့<br>(ယခုနေရပ်လိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးမြို့၊ မြို့သစ်(ခ)ရပ်ကွက်၊ (၅) လမ်း၊ အမှတ် (၄/၁၅)နေ တရားပြိုင်ဖြစ်သည့် ဦးရွှေဇင် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

